

ပေါင်နှင်းငွေ
ဒုတိယတွဲ

ပထမအကြိမ်
၁၉၉၀၊ စက်တင်ဘာလ
စာမူ ခွင့်ပြုအမှတ် ၃၃၆/၉၀[၆]
မျက်နှာဖုံးနှင့်ရေခံခွင့်ပြုအမှတ် ၃၂၀/၉၀[၇]

| | |
|---|---|
| တန်ဖိုး | ကျပ်သုံးဆယ့်ငါးတိတိ |
| အုပ်ရေ | ၁၀၀၀ အုပ် |
| မျက်နှာဖုံးပန်းချီ | ဝင်းကျော်စိုး |
| ကာလာခွဲ | ပေါက်စီ |
| မျက်နှာဖုံးရိုက် | ဦးကျော်စိန် (မြဲ ၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးရွှေစိုး [၀၃၀၅၅] |

**သမီးနှင့်သားပုံနှိပ်တိုက်**
၄၀-၀တ်ကျောင်းလမ်း၊ရေကျော်၊ရန်ကုန်

ကျော်လေး (မြဲ ၀၁၅၆၉)
ည်တော်စာပေ
၆၊ ၃၂လမ်း၊ ရန်ကုန်။

# ပေါ်နှင်းဆော

သိုင်းရာဇာ နှင့် သံမဏိငှက်

သိုင်းဘာသာပြန် အသစ်စက်စက် ဒုတိယတွဲ

ကျန်းမာချမ်းသာကြပါစေ

မိုးဆမ်းပန်းပွင့်စဉ် [၂၉/၉၀]



# မောင်နှင်းခွေ

## သိုင်းရာဇာနှင့် သံမဏိငှက်

( ဒုတိယတွဲ )

မိုးဆမ်းပန်း စာပေမှ ထုတ်ဝေပါသည်

(၁၅)

နေစကြာသိုင်းပြိုင်ပွဲကြီးက စတင်ကျင်းပလေပြီ၊ သိုင်းပြိုင်ပွဲကြီးသို့ သိုင်းလောကမှ ထင်ရှားသော သိုင်းလောကသားများနှင့် တက်သစ်စ သိုင်းသမားများ စုံလင်စွာ ရောက်ရှိလာကြ၏။ အချို့က သိုင်းပြိုင်ပွဲလာကြခြင်း ဖြစ်ပြီး အချို့ကမူ နေစကြာဂိုဏ်းချုပ်အသစ် ဖြစ်လာသူ စင်းပီလျံကို တွေ့ချင်မြင်ချင်ကြ၍ပင် ဖြစ်၏။

သိုင်းပြိုင်ပွဲသို့ သိုင်းလောကမှ ထင်ရှားသော ရှောင်လင်၊ ဝူတန်း၊ ဝူမိန်၊ ဘစ်ကျုံ၊ ဝေါမီ၊ နဂါးစိမ်း၊ ထိုက်ကျိ၊ ခွန်လွန်စသော သိုင်းဂိုဏ်းကြီးများမှ သိုင်းသမားများ စုံလင်စွာ ရောက်ရှိလာကြ၏၊

မိုးဆမ်းပန်းစာပေ

သိုင်းပြိုင်ပွဲ ကြီးကြပ်သူများအဖြစ်နှင့် အမှတ်ပေး လူကြီးများအဖြစ် သိုင်းလောကမှ နာယကပုဂ္ဂိုလ်ကြီးများက ဆောင်ရွက်ကြမည်ဖြစ်၏။ စင်းပီလျံက ဤနေစကြာဂိုဏ်း၏ ဆောင်ရွက်ချက် အထိမ်းအမှတ် သိုင်းပြိုင်ပွဲကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ သိုင်းသမားများထဲမှ အရည်အချင်း ရှိသူများကို ဖော်ထုတ်ရန်နှင့် နေစကြာသိုင်းဂိုဏ်းအတွက် အင်အား ဖြည့်ထင်းရန်အတွက်ပင် ဖြစ်၏။

ထို့ပြင် နေစကြာဂိုဏ်းမှ နှစ်ပေါင်းများစွာ လစ်ဟာနေခဲ့သည့် နေစကြာဂိုဏ်းချုပ် နေရာကို ယခုအခါ သူက ဆက်ခံလိုက်ပြီဖြစ်ကြောင်းကိုလည်း သိုင်းလောကတစ်ခုလုံးက သိရှိသွားရန်အတွက်ပင် ဖြစ်ပေ၏။

နေစကြာသိုင်းပြိုင်ပွဲကြီး ကျင်းပမည့် အိုထိုင်စန် တောင်ပေါ်သို့ သိုင်းလောကသားများ တဖွဲဖွဲ အဆက်မပြတ် ရောက်ရှိလျက် ရှိနေ၏။ ရောက်ရှိလာကြသော သိုင်းလောကသားများမှာ အဖြူရောင် သိုင်းလောကသားများသာမက အနက်ရောင်သိုင်းလောကသားများပါ ပါရှိလာကြ၏။

ယခု နေစကြာသိုင်းပြိုင်ပွဲကြီးတွင် အဖြူရောင်သိုင်းလောကသားများ သာမက အနက်ရောင် သိုင်းလောကသားများကိုပါ ယှဉ်ပြိုင်ခွင့် ပြုထားသဖြင့် ယခုကဲ့သို့ အနက်ရောင်သိုင်းလောကသားများလည်း ရောက်ရှိလာကြရခြင်းပင် ဖြစ်ပေ၏။

အနက်ရောင် သိုင်းသမားများမှာ သိုင်းသမားများမှာ အင်အားကြီးမားသော အနက်ရောင်သိုင်းဂိုဏ်းကြီးများ ဖြစ်သည့် လင်းနို့ဂိုဏ်း၊ ဝိညာဉ်ဖြူဂိုဏ်း၊ ညဘီလူးဂိုဏ်းကြီးများမှ အစွမ်းထက်သော သိုင်းသမားများ အများအပြား ပါဝင်လာကြ၏။

အဖြူရောင် သိုင်းသမားများဖက်မှလည်း ရှောင်လင်၊ ဝူတန်း၊ ဟူမိန်၊ ခွန်လွန်၊ ထိုက်ကျိ၊ နဂါးစိမ်း၊ မီးအိုမိန်၊ ဘစ်ကျုံး၊ မဟာကန္တာရ စသော သိုင်းဂိုဏ်းကြီးများမှ နာမည်ကျော် အဖြူရောင်သိုင်းသမားများ စုံလင်စွာ ရောက်ရှိလာကြ၏။

သိုင်းပြိုင်ပွဲကြီးသို့ ရောက်ရှိလာသည့် သိုင်းလောကသားများ၏ စားသောက်ရေး၊ နေထိုင်တည်းခိုရေးများကို အဖက်ဖက်မှ လိုလေသေး မရှိရလေအောင် နေစကြာဂိုဏ်းက တာဝန်ယူ ဆောင်ရွက်ပေးထား၏။

နေစကြာ ဂိုဏ်းချုပ်ကြီး စင်းပီလျံက ရောက်ရှိလာသော သိုင်းလောကသားများအတွက် ဘာမှ လိုလေသေးမရှိရအောင် စီစဉ် ဆောင်ရွက်ပေးထားစေ၏။ နေစကြာ သိုင်းပြိုင်ပွဲကြီး ကျင်းပမည့်နေ့သို့ ရောက်ရှိလာခဲ့ရလေပြီ။

အိုထိုင်စန်တောင်ထိပ်ရှိ နေစကြာသိုင်းပြိုင်ပွဲ ကျင်းပမည့် ပြိုင်ပွဲစင်မြင့်ကြီးမှာ ရောင်စုံအလံများ လွင့်ထူကာ တက်သစ်စ နေခြည်တွင် အလွန်လှပလျက် ရှိနေပေတော့၏။

ပြိုင်ပွဲ စင်မြင့်ကြီးနှင့် မျက်နှာချင်းဆိုင်တည့်တည့် ထိုင်ခုံများတွင် သိုင်းလောကသားများက သူ့ဖက်ကိုယ့်ဖက် အားပေးကြရန် ဝိုင်းရံလျက် ရှိနေကြ၏။

ယနေ့သည် နေ့စကြာသိုင်းပြိုင်ပွဲကြီး ကျင်းပမည့်နေ့ ဖြစ်သဖြင့် သိုင်းလောကသားများ အားလုံးမှာ စိတ်ဓာတ်များ တက်ကြွနေမိကြ၏။

အဖြူရောင် သိုင်းလောကသားများသာမက အနက်ရောင် သိုင်းလောကသားများပါ ယှဉ်ပြိုင်ကြမည် ဖြစ်၏။ အခန့်မသင့်ပါက အဖြူရောင်နှင့် အနက်ရောင်တို့ ယှဉ်ပြိုင်ကြရမည် ...၏။

'ဒူ ဒူ ဒူ'

ပြိုင်ပွဲကျင်းပမည့် အချက်ပေး မောင်းသံများ ထွက်ပေါ်လာပြီးနောက် အနီရောင် ဝတ်ရုံလွှာကြီး ဆင်မြန်းထားသည့် စင်းပီလျံက ပြိုင်ပွဲ စင်မြင့်ကြီးထက်သို့ တက်ရောက်လာကာ သိုင်းလောကသားများကို အမှာစကား ပြောကြားလိုက်၏။

'နေ့စကြာဂိုဏ်းကြီးရဲ့နေ့စကြာသိုင်းပြိုင်ပွဲကြီးကို ကြွရောက်အားပေးလာကြတဲ့ သိုင်းလောကသားများတို့ ခင်ဗျား၊ ဒီကနေ့ဟာ နေ့စကြာဂိုဏ်းရဲ့ နေ့စကြာ သိုင်းပြိုင်ပွဲကြီး စတင်ကျင်းပမယ့် နေ့ရက်ပဲ ဖြစ်ပါတယ်၊ ဒီပြိုင်ပွဲမှာ ကျုပ်...တွေ့ရသလောက်ဆိုရင် အနက်ရောင်သိုင်းသမားတွေရော အဖြူရောင် သိုင်းသမားတွေပါ ရောက်ရှိနေကြတာကို တွေ့ရပါတယ်၊ ဘာပဲဖြစ်ဖြစ် အားလုံးဟာ သိုင်းလောကသားတွေချည်းပါပဲ၊ သိုင်းလောကအကျိုးကို ဆောင်ရွက်နေတဲ့ လူတွေချည်းပါပဲ၊ ဒီပြိုင်ပွဲမှာ အဆင့်အတန်း မခွဲခြားဘဲ ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်၊ အဖြူရောင်ရယ်၊ အနက်ရောင်ရယ်ဆိုပြီး ခွဲခြား မနေပါဘူး၊ အနိုင်ရတဲ့လူကို ဆုချီးမြှင့်မှာ ဖြစ်ပါတယ်၊ တစ်ယောက်





နဲ့တစ်ယောက် အပြိုးကြီးကြီးနဲ့ တိုက်ခိုက်နေစရာလဲ မလိုပါဘူး၊ ဓား လက်က လွတ်ကျသွားခဲ့လို့ ဖြစ်စေ၊ ဆက်လက်မယှဉ်ပြိုင်နိုင်လို့ ဖြစ်စေ၊ ဆက်လက်ယှဉ်ပြိုင်စရာ မလိုပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် ပြင်းပြင်းထန်ထန် ထိခိုက်အောင် မတိုက်ခိုက်ရဘူး၊ အသက်ဆုံးရှုံးသည်အထိ ကျုပ်တို့က ဘယ်လိုမှ ခွင့်မပြုပါဘူး၊ ဒီပြိုင်ပွဲကြီးမှာ ကြီးကြပ်အမှတ်ပေးမယ့် ပုဂ္ဂိုလ်ကြီးများကတော့ သိုင်းလောကမှ နာယကလူကြီးများပဲ ဖြစ်ပါတယ်၊ ကိုင်း ခုအချိန်ကစပြီး ကျုပ်တို့ရဲ့ နေ့စကြာ သိုင်းပြိုင်ပွဲကြီးကို ဖွင့်လှစ်ပေးလိုက်ပါပြီ'

'ဗောင်း ဗောင်း ဗောင်း'

'ဖြောင်း ဖြောင်း ဖြောင်း'

သိုင်းလောကသားများထံမှ အောင်ဟစ် အားပေးသံများက ဆူညံပွက်လောရိုက်ကာ ထွက်ပေါ်လာရသည်။

ထို့နောက် ပထမဆုံး ယှဉ်ပြိုင်မည့်သူ နှစ်ယောက်ကို ဒိုင်လူကြီးများက ကြေညာပေးလိုက်ကြ၏။ ပထမဆုံး ယှဉ်ပြိုင်သူ နှစ်ယောက်မှ ညသီလူးဂိုဏ်းမှ ဓားသမား လင်ဟူချုံးနှင့် မီးအိမ်နီဂိုဏ်းမှ ဓားသမား စိမ်းကျူးကဲ့တို့ပင် ဖြစ်ကြသည်။

ညသီလူးဂိုဏ်းမှ ဓားသမား လင်ဟူချုံးမှာ အနက်ရောင် သိုင်းသမားတစ်ယောက်ဖြစ်ပြီး မီးအိမ်နီဂိုဏ်းမှ ဓားသမား စိမ်းကျူးကဲ့မှာ အဖြူရောင် သိုင်းသမားပင် ဖြစ်သည်။

သူတို့နှစ်ယောက်မှာ မဲနှိုက်ပြီး ယှဉ်ပြိုင်ရန် အတွဲကျကြခြင်းပင် ဖြစ်၏။ နှစ်ယောက်စလုံးက ဓားပညာတွင် အစွမ်းထက်

သူများ ဖြစ်ကြပြီး သိုင်းလောကတွင် နာမည်ကျော်ကြားကာ စ သိုင်းသမားလည်း ဖြစ်၏။

နှစ်ယောက်စလုံးသည် ခွန်အားဗလ ကြီးမားသလို ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းသူများလည်း ဖြစ်ကြ၏။

'ဟေး ဟေး ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

လင့်ဟူချုံးနှင့် စိမ်းကျူးကဲ့တို့ ပြိုင်ပွဲစင်မြင့်ပေါ် လှမ်းတက်လာကြသည်နှင့် စင်အောက်မှ သိုင်းလောကသားများက တစ်ခဲနက် အောင်ဟစ်အားပေးလိုက်ကြသည်။

'လင့်ဟူချုံးကွ၊ ညဘီလူးဂိုဏ်းကွ'

'စိမ်းကျူးကဲ့ကွ၊ မီးအိမ်နီဂိုဏ်းကွ'

နှစ်ဖက်သိုင်းသမားများက သူ့ဘက် ကိုယ့်ဘက် အောင်ဟစ်အားပေးလိုက်ကြ၏။ လင့်ဟူချုံးက အနက်ရောင် ကိုယ်ကျပ်ဝတ်စုံ ဝတ်ဆင်ထားပြီး စိမ်းကျူးကဲ့က အနီရောင် ကိုယ်ကျပ်ဝတ်စုံ ဝတ်ဆင်ထား၏။

နှစ်ယောက်စလုံးက နှစ်ဖက်သွား ဓားကိုယ်စီကို ပိုးလွယ်ထားကြကာ တစ်ယောက်ကိုတစ်ယောက် လက်များဆုပ်၍ အရိုအသေ ပြုလိုက်ကြ၏။

စင်းပိလျှံက ထိုသူနှစ်ယောက်အား....

'ကိုင်း မင်းတို့နှစ်ယောက်ဟာ အနက်ရောင်နဲ့ အဖြူရောင်တွေ ဖြစ်နေကြပေမယ့် သိုင်းလောကမှာ ကျင်လည်လှုပ်ရှားနေကြတာကတော့ အတူတူပဲဖြစ်တယ်၊ မင်းတို့နှစ်ယောက်ဟာ အစွမ်းကုန် ယှဉ်ပြိုင်နိုင်ကြပါတယ်၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ချစ်ကြည်ရင်းနှီးမှုကို အဓိကထားပြီး ယှဉ်ပြိုင်တိုက်ခိုက်ကြရမယ်၊ တစ်ယောက်နဲ့တစ်ယောက် ကိုယ်လက်အင်္ဂါ ဆုံးရှုံးနစ်နာအောင်အထိ မပြုမူရဘူး'

စင်းပိလျှံက အမှာစကား ပြောကြားကာ လင့်ဟူချုံးနှင့် စိမ်းကျူးကဲ့အား ယှဉ်ပြိုင်ရန် အချက်ပေးလိုက်၏။ ပြီးနောက် စင်းပိလျှံက စင်မြင့်ထက်မှ ဆင်းကာ နာယကလူကြီးများနှင့်အတူ ယှဉ်တွဲထိုင်နေလိုက်၏။

'ဒူ....'

ပြိုင်ပွဲ စတင်ရန် အချက်ပေး မောင်းသံက ထွက်ပေါ်လာလေပြီ။ လင့်ဟူချုံးနှင့် စိမ်းကျူးကဲ့တို့က ဓားများကို ရှမ်းခနဲ ဆွဲထုတ်လိုက်ကြ၏။

ဓားရောင်များမှာ နေခြည်တွင် ဝင်းလက်တောက်ပသွား၏။ လင့်ဟူချုံး၏ ဓားက ခရမ်းရောင် တောက်ပနေပြီး စိမ်းကျူးကဲ့၏ ဓားက အဖြူရောင် သောက်ပလျက် ရှိနေသည်။

'ညဘီလူးကွ၊ လင့်ဟူချုံးကွ'

'မီးအိမ်နီကွ၊ စိမ်းကျူးကဲ့ကွ'

စင်ပတ်ပတ်လည်မှ သိုင်းလောကသားများက အောင်ဟစ်အားပေးလိုက်ကြသည်။

'ယား'

'ဟိုင်း'

မကြာမီ နှစ်ယောက်စလုံး မာန်သွင်းကာ အထက်သို့ လွှားတက် တိုက်ခိုက်လိုက်ကြ၏။ လေထဲတွင် ခရမ်းရောင် ဓားစက်




မိုးဆမ်းပန်းစာပေ

ဝိုင်းကြီးနှင့် အဖြူရောင် ဓားစက်ဝိုင်းကြီးတို့ ဆွေဝေ့ လည်ပတ်သွားမိကြရ၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

ဓားသိမ်းများမှာ ပွတ်ရှလာရိုက်သွားရသလို မီးပွင့်များမှာ တဖြန်းဖြန်း ပွင့်ထွက်သွားရ၏။ နှစ်ယောက်စလုံး လေထဲတွင် ကျွမ်းပစ်ကာ ပြင်းထန်သော ဓားချက်များဖြင့် တိုက်ခိုက်မိလိုက်ကြ၏။

လင့်ဟူချုံး၏ ခရမ်းရောင် ဓားရိပ်က စိမ်ကျူးကဲ့ကို ဖုံးလွှမ်းသွားသလို စိမ်းကျူးကဲ့၏ ဖြူစင်သော ဓားရိပ်ကလည်း လင့်ဟူချုံးကို ဖုံးလွှမ်းထားလိုက်၏။

ဓားရိပ် ဓားငွေများက ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားလျက် ရှိနေ၏။ စိမ်းကျူးကဲ့၏ ဓားချက်ကို လင့်ဟူချုံးက အထက်သို့ ခုန်ပျံ ရှောင်တိမ်းပေးလိုက်ရင်း ကြိုးကြာ ခြေကွက်ဖြင့် စိမ်းကျူးကဲ့၏ မျက်နှာကို ခတ်ထုတ်ပစ်လိုက်၏။

'ဝှစ်'

စိမ်းကျူးကဲ့က ခေါင်းကိုယိမ်းကာ အသာအယာ ရှောင်တိမ်းပေးလိုက်ပြီး နတ်သားလှေလှော် ဓားချက်ဖြင့် အထက်သို့ ပင့်ကာ ဝေ့ယမ်း တိုက်ခိုက်ပစ်လိုက်၏။

'ဝှီး....ဝှီး....ဝှစ်....ဝှစ်'

သူ့ ခြေထောက်အောက်မှ ဓားလေတိုးသံများ ကြားလိုက်ရသည်နှင့် လင့်ဟူချုံးက အထက်သို့ တစ်ဆင့်ထပ်ခုန်ကာ ရှောင်ထွက်ပေးသွားရ၏။ စိမ်းကျူးကဲ့၏ မိုးပျံ ဓားချက်များ





ဖြင့် လင့်ဟူချုံးကိုယ်နှင့် ပွတ်ကာသီကာကလေး လွဲချော်သွားရ၏။

နှစ်ယောက်စလုံး ဓားပညာ၊ အတွင်းအား၊ အချောင်အတိမ်း၊ အစင်အထွက်များမှာ မြန်ဆန် သွက်လက်သဖြင့် အထူးပင် ကြည့်ကောင်းလှပေတော့၏။

'ဖြောင်း'

'ဝုန်း'

ဓားချက်များသာမက လက်ဝါးချင်းပါ ယှဉ်ပြိုင် ရိုက်မိလိုက်ကြ၏၊ လက်ဝါးချင်း ရိုက်လိုက်သဖြင့် နှစ်ယောက်စလုံး၏ လက်ဝါးပြင်များဆီမှ အဖြူရောင် အခိုးအငွေ့များက ထောင်းခနဲ ထွက်ပေါ်သွားရ၏။

လင့်ဟူချုံးရော စိမ်းကျူးကဲ့ပါ ထိပ်တန်း ဓားသမားများ ဖြစ်ကြရာ သူတို့ အသုံးပြုသော ဓားကွက်များမှာ အထူးပင် ပညာသား ပါလှပေ၏။

အသုံးပြုသော ဓားကွက်တိုင်း အားပါကာ ဓားလေတိုးသံမှာ ကြောက်ခမန်းလိလိပင် ဖြစ်၏။

'ချွမ်း'

မကြာမီ ဓားနှစ်လက်သည် ဂဟေဆော်သည့် အလား ပူးကပ်သွားမိကြရ၏။ နှစ်ယောက်စလုံးက ဓား များ ဆီ သို့ အတွင်းအားကို ပြိုင်တူ ပို့လွှတ်ထားလိုက်ကြ၏။

ဓားနှစ်လက်မှာ ဓားလျှိုင်းများ တုန်ခါနေကာ အလယ်ခေါင်တွင် ပူးကပ်ပြီး တစ်ပြားတည်း တင်ရလောက်အောင်

ပွူးကပ်နေမိကြရ၏။ ဓားများကို အားစိုက်ကာ တွန်းထားမိကြ၏။

အတွင်းအားချင်း ပြိုင်နေကြသဖြင့် အထူး သတိထားနေကြရ၏။ ဓားနှစ်လက်ဆီမှ အခိုးအငွေ့များက တထောင်းထောင်း ထွက်ပေါ်လာ၏။

လင့်ဟူချုံး၏ ဓားမှ ခရမ်းရောင် အခိုးအငွေ့များ ထွက်ပေါ်လာသလို စိမ်းကျူးကဲ့၏ ဓားဆီမှလည်း အဖြူရောင် အခိုးအငွေ့များက ထွက်ပေါ်လာရ၏။

ဓားနှစ်လက်သည် ပွူးကပ်ကာ အလယ်ခေါင်မှာပင် တန့်ရပ်နေကြ၏။ နှစ်ယောက်စလုံးက အတွင်းအားဖြင့် တွန်းကြသော်လည်း မည်သည့်ဘက်ကိုမှ ယိုင်ထွက်မသွားဘဲ ရှိနေ၏။

'ထန်း'

တစ်ယောက်နှင့် တစ်ယောက် မည်သို့မျှ အသာစီးမရသဖြင့် ဓားများကို ပြန်ခွာလိုက်ကြ၏။ နှစ်ယောက်စလုံးက မိမိတို့၏ ဓားအသီးသီးကို ပြန်ကြည့်မိလိုက်ကြ၏။

ဓားများမှာ ဓားကောင်းများဖြစ်ရာ မည်သို့မျှ ပွန်းပဲ့သွားခြင်းမရှိ။ အစင်းကြောင်းကလေးမျှပင် ဖြစ်ပေါ်သွားခြင်း မရှိသည်ကို တွေ့ရသောကြောင့် နှစ်ယောက်စလုံး စိတ်အေးသွားမိကြရ၏။

'ယား'

'ဟိုင်း'

ချက်ချင်းပင် နှစ်ယောက်စလုံး မာန်သွင်းကာ ရှေ့သို့ ခုန်တက် တိုက်ခိုက်လိုက်ကြ၏။ လင့်ဟူချုံး၏ ဓားချက်က





စိမ်းကျူးကဲ့၏ ရင်ဝကို ဖြတ်ဝင်သွားသလို စိမ်းကျူးကဲ့၏ ဓားချက်ကလည်း လင့်ဟူချုံး၏ ဝမ်းပိုက်ဆီသို့ တိုးဖြတ်ဝင်ရောက်သွား၏။

'ထန်း'

'ချွမ်း'

ကံအားလျော်စွာ ဓားနှစ်လက်က လိုရာမရောက်ဘဲ လမ်းတစ်ဝက်မှာပင် ထိခတ်မိလိုက်ကြ၏။ လင့်ဟူချုံးက ရှေ့သို့ တစ်လှမ်း ထပ်တိုးလာကာ သူ၏ မြင်းပြဓသာ လက်ဝါးရိုက်ချက်ဖြင့် စိမ်းကျူးကဲ့၏ ဦးခေါင်းပေါ်သို့ အုပ်မိုးကာ ရိုက်ချပစ်လိုက်၏။

'ဝုန်း'

စိမ်းကျူးကဲ့က သူ၏ ဘယ်လက်ဝါးဖြင့် တန်ပြန်ရိုက်ထုတ်ပစ်လိုက်ရာ လက်ဝါးနှစ်ခုမှာ ဝုန်းခနဲ မြည်ဟည်း ထိခတ်သွားရ၏။

'ဟူး'

စိမ်းကျူးကဲ့က လူချင်း ပွူးကပ်သွားခိုက် နဂါးပတ် ဓားချက်ဖြင့် ဝှေ့ယမ်း တိုက်ခိုက်ပစ်လိုက်၏။ လင့်ဟူချုံးက ခြေထောက်နှစ်ဖက်ရှမ်ကာ အထက်သို့ ခုန်ပျံ ရှောင်တိမ်းပေးလိုက်ရင်း လိပ်ပြာနှစ်ကောင် တူပြိုင် ဓားချက် ဖြင့် အောက်သို့ စိုက်ချကာ တိုက်ခိုက်ပစ်လိုက်၏။

'ချွမ်း'

'ထန်း'

ပြင်းထန်သောခေါးသံများနှင့်အတူ နှစ်ယောက်စလုံးယိမ်းယိုင် ထွက်သွားကြရ၏။ မျက်နှာချင်းဆိုင် ပြန်ရောက်သည်နှင့် နှစ်ယောက်စလုံးက လက်ဝါးချင်း ရိုက်ကာ ပူးကပ်ထားလိုက်မိကြ၏။

လက်ဝါးတစ်ဖက်ချင်း ပူးကပ် ယှဉ်ပြိုင်ရသည်မှာ အလွန်အားစိုက်ရသော အလုပ်မင် ဖြစ်၏။ နှစ်ယောက်စလုံး၏ ငယ်ထိပ်များဆီမှ အဖြူရောင် အခိုးအငွေ့များက ထွက်ပေါ်လာကြ၏။

လက်ဝါးပြင်များဆီသို့ အတွင်းအား ပို့လွှတ်ကာ တွန်းနေမိကြ၏။ အတွင်းအားချင်းပါ ညီမျှနေသဖြင့် အတန်ကြာသည့်တိုင် အဖြေက ထွက်မလာပေ။

'ဒူ'

မောင်းသံထွက်ပေါ်လာပြီးနောက် နာယကလူကြီးတစ်ဦးဖြစ်သည့် ဝူတာန်ဂိုဏ်းမှ ရသေ့ကြီး ဒူဟုံကြွင်းက လင့်ဟူချုံးနှင့် စိမ်းကျူးကဲ့တို့အား....

'ကိုင်း မင်းတို့နှစ်ယောက်ရဲ့ပွဲကတော့ သရေပွဲ ဖြစ်သွားပါပြီ၊ မင်းတို့နှစ်ယောက်ဟာ ဘယ်သူ့ ဘယ်သူကိုမှ အနိုင် မရနိုင်ပါဘူး၊ ဒါကြောင့် မင်းတို့နှစ်ယောက်ရဲ့ ယှဉ်ပြိုင်မှုကို အနိုင်အရှုံးမရှိ သရေပွဲအဖြစ် ငါတို့က လူကြီးတွေက သတ်မှတ်လိုက်တယ်'

လင့်ဟူချုံးနှင့် စိမ်းကျူးကဲ့တို့က ခေါးများကို ပြန်ရုပ်ကာ လက်များကိုဆုပ်ပြီး တစ်ယောက်နှင့်တစ်ယောက် အရိုအသေ





ပြုလိုက်ကြ၏။ပြီးနောက်နာယကလူကြီးများကိုပါ အရိုအသေပြုလိုက်ကြ၏။

'ဟေး ဟေး ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

ပြိုင်ပွဲစင်မြင့် ပတ်ပတ်လည်မှ ကြည့်နေကြသော သိုင်းသမားများက သူတို့နှစ်ယောက်ကို အော်ဟစ် အားပေးလိုက်ကြ၏။ လင့်ဟူချုံးနှင့် စိမ်းကျူးကဲ့တို့က စင်မြင့်ထက်မှ လွှားဆင်းသွားကြ၏။နှစ်ယောက်စလုံးကို ဆုများ ချီးမြှင့်ပေးလိုက်၏။

ပြိုင်ပွဲ ကြီးကြပ်သော နာယကလူကြီး တစ်ဦး ဖြစ်သည့် ရှောင်လင်ဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ်ကြီး ကျီစနိုက ထပ်မံကြေငြာလိုက်၏။

'ယခု ဒုတိယပွဲအဖြစ် ယှဉ်ပြိုင်တိုက်ခိုက်မယ့်သူနှစ်ယောက်ကတော့ မိုးကြိုးရဲတိုက်က ပိုင်ထိုက်ကွမ်နဲ့ ချယ်ရီ ရဲတိုက်က ဝမ်ဝေယန်တို့ပဲ ဖြစ်ကြပါတယ်'

'ဟေး ဟေး ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

သိုင်းလောကသားများက တစ်ခဲနက်အားပေးလိုက်ကြ၏။ ထို့နောက် ပြိုင်ပွဲစင်မြင့်ထက်သို့ သိုင်းသမားနှစ်ယောက် ခုန်ပျံတက်ရောက်လာကြ၏။

တစ်ယောက်မှာ မိုးကြိုးရဲတိုက်မှ လက်ရွေးစင် ခေါးသမားပိုင်ထိုက်ကွမ်ဖြစ်ပြီး တစ်ယောက်မှာ ချယ်ရီရဲတိုက်မှ လက်ရွေးစင် ခေါးသမား ဝမ်ဝေယန်ပင် ဖြစ်၏။

ပိုင်ထိုက်ကွမ်ရော ဝမ်ဝေယန်ပါ ရှယ်တူများ ဖြစ်ကြသော သို့ကောင်းသောအတွဲပင်ဖြစ်၏။ ပိုင်ထိုက်ကွမ်က အဝါရောင် ဝတ်စုံ ဝတ်ဆင်ထားပြီး ဝမ်ဝေယန်က အပြာရောင်ဝတ်စုံ ဝတ်ဆင်ထား၏။

နှစ်ယောက်စလုံးမှာ တဖိတ်ဖိတ် တောက်လက်နေသော နှစ်ဖက်သွားဓားများကို ပိုးလွယ်ထားကြ၏။ ရှောင်လင် လက်ထောက် ဂိုဏ်းချုပ်ကြီး ကျီစန်က ပိုင်ထိုက်ကွမ်နှင့် ဝမ်ဝေယန်တို့အား....

'ကိုင်း ဒီတစ်ခါ မင်းတို့နှစ်ယောက် ယှဉ်ပြိုင်ရမယ့် ပွဲပဲ၊ စောစောက တိုက်ခိုက်သွားတဲ့ လင့်ဟွာချုံးနဲ့ စိမ်းကျူးကဲ့တို့ ယှဉ်ပြိုင်တိုက်ခိုက်တာကို နမူနာယူကြ၊ သူတို့ဟာ စိတ်ဓာတ်ကောင်းတွေနဲ့ တစ်ယောက်နဲ့ တစ်ယောက် မျှမျှတတ တိုက်ခိုက်သွားကြတာ ဖြစ်တယ်၊ ဘယ်သူ့ ဘယ်သူကိုမှ ထိခိုက်အောင် မတိုက်ခိုက်သွားကြဘူး'

ဘုန်းတော်ကြီးကျီစန်က ပိုင်ထိုက်ကွမ်နှင့် ဝမ်ဝေယန်တို့အား မှာကြားစရာရှိသည်များကို မှာကြားကာ စင်ပေါ်မှ ဆင်းသွားလေတော့၏။

'ဟေး မိုးကြိုးရဲ့တိုက်ကွက်'

'ဟေး ချယ်ရီရဲ့တိုက်ကွက်'

နှစ်ဖက်သိုင်းသမားများက သူ့ဖက်ကိုယ့်ဖက် အော်ဟစ်အားပေးလိုက်ကြ၏။

'ဒူ'





ပြိုင်ပွဲ စတင်ရန် မောင်းသံက ထွက်ပေါ်လာလေပြီ။ ပိုင်ထိုက်ကွမ်မှာ မိုးကြိုးရဲ့တိုက်မှ လက်ရွေးစင်ဓားသမား ဖြစ်သလို ဝမ်ဝေယန်ကလည်း ချယ်ရီရဲ့တိုက်မှ လက်ရွေးစင် ဓားသမားပင် ဖြစ်၏။

'ချွလွမ် ချွင်'

နှစ်ယောက်စလုံးမှာ ဓားများကို ပြိုင်တူ ဆွဲထုတ်လိုက်ကြ၏။ နေရောင်တွင် ဓားနှစ်လက်မှာ ဖွေးဖွေးလှုပ်သွားကြလေသည်။

'ယား'

'ဟိုင်း'

နှစ်ယောက်စလုံးက မာန်သွင်းကာ ရှေ့သို့ ခုန်ဝင်တိုက်ခိုက်လိုက်ကြ၏၊ ကံကောင်းထောက်မသဖြင့် နှစ်ယောက်စလုံး ဓားကိုင်လက်များ ပြတ်ထွက်မသွားကြခြင်းပင် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် နှစ်ယောက်စလုံးမှာ ဓားကွက်ချင်း တူနေကာ ဓားကိုင်လက်များကို ပြိုင်တူ တိုက်ခိုက်မိလိုက်ကြခြင်းကြောင့်ပင်တည်း။ နှစ်ယောက်စလုံးက ဓားကိုင်လက်များကို အမြန်ရုတ်လိုက်သဖြင့်သာ လက်များ ပြတ်ထွက်မသွားရခြင်းပင် ဖြစ်သည်။

'ထန်း'

'ချွမ်း'

ဓားနှစ်လက်မှာ ပြင်းထန်စွာ ထိခတ်ကာ မီးများ ပွင့်ထွက်ပြီး နောက်သို့ ပြန်ကန်ထွက်သွားရ၏။

'ဝှစ် ဝှစ် ဝှစ်'

ပိုင်ထိုက်ကွမ်က လေပွေ့ဓားချက်ကို အတွင်းအားသုံး၍ တရကြမ်း ဝှေ့ယမ်းတိုက်ခိုက်ပစ်လိုက်၏။ ဝမ်ဝေယန်က ကြယ်ခြွေဓားချက်များဖြင့် ပိုင်ထိုက်ကွမ်၏ လေပွေ့ဓားချက်ကို တန်ပြန် တိုက်ခိုက်ပစ်လိုက်သည်။

ဝမ်ဝေယန်၏ ကြယ်ခြွေဓားချက်များကြောင့် ပိုင်ထိုက်ကွမ်၏ လေ[illegible]းချက်များမှာ ပျက်ပြားသွားရ၏။ ဓားရိပ်ဓားငွေ့များက နှစ်ယောက်စလုံးကို လွှမ်းခြုံထားလျက် ရှိနေသည်။

'ချွင်း'

'ထန်း'

ဓားနှစ်လက်မှာ ထိခတ်ကာ အဖြူငွေ့များ ထောင်းခနဲ ထွက်ပေါ်သွားရ၏။ ဝမ်ဝေယန်က ပိုင်ထိုက်ကွမ်၏ ရင်ဝဆီသို့ ဓားချက်ဖြင့် ဟူးခနဲ ခုတ်ပိုင်းချလိုက်သည်။

ပိုင်ထိုက်ကွမ်က ကိုယ်ကို နောက်သို့ လှန်ချကာ ရှောင်တိမ်းပေးလိုက်ရ၏။ ရှောင်တိမ်းပေးလိုက်ရင်းမှ ပိုင်ထိုက်ကွမ်က သူ၏ ပြင်းထန်လှသော ခြေချက်ဖြင့် ဝမ်ဝေယန်၏ ရင်ဝကို ဆောင့်ကန်ပစ်လိုက်၏။

'ဝှီး'

ဝမ်ဝေယန်က ကိုယ်ကို တစ်ပတ်လှည့်ကာ ရှောင်တိမ်းပေးလိုက်သဖြင့်သာ သက်သာရာ ရသွားခြင်းဖြစ်၏။ ဝမ်ဝေယန်က ရှောင်တိမ်းပေးလိုက်ပြီးနောက် လျှပ်ပြက်သလို ဝင်းလက်သော ဓားချက်ဖြင့် ပိုင်ထိုက်ကွမ်အား တိုက်ခိုက်ပစ်လိုက်သည်။

'ထန်း ထန်း ထန်း'





'ချွမ်း ချွမ်း ချွမ်း'

ဓားနှစ်လက်မှာ လေထဲတွင် ယက္ကန်းလွန်းများပမာ ပြေးလွှားလှုပ်ရှားသွားကြ၏။ မြင်လိုက်ရသူများပင် ပြင်းထန်မြန်ဆန်သော ဓားများကိုကြည့်ကာ တအံ့တသြ ဖြစ်သွားကြရသည်။

မကြာမီ နှစ်ယောက်စလုံး အထက်သို့ ထိုးတက်သွားကာ ချာချာလည်ထွက်သွားရ၏။ လူရိပ်နှစ်ရိပ်မှာ နဂါးနှစ်ကောင်ပမာ ထရိပ်ရိပ် လည်ပတ်သွားပြီး ဓားချင်း အဆက်မပြတ် ခုတ်ပိုင်းလိုက်မိကြသည်။

'ထန်း'

'ဟူး'

မကြာမီ ပြင်းထန်လှသော ဓားသံတစ်သံကို ကြားလိုက်ရပြီးနောက် ဓားတစ်လက်မှာ လူရိပ်နှစ်ရိပ်အတွင်းမှ အပြင်သို့ လွင့်စဉ်ထွက်လာသည်ကို မြင်လိုက်ကြရ၏။

ဓားလွတ်သွားပြီဖြစ်၍ တစ်ယောက်ယောက်မှာ ကျိန်းသေပေါက် ရှုံးနိမ့်သွားရလေပြီ၊ လေထဲတွင် လည်ပတ်နေသော လူရိပ်နှစ်ရိပ်သည် အောက်သို့ တဖြည်းဖြည်း လည်ပတ်ကျဆင်းလာကြ၏။

ဓားလွတ်သွားသူမှာ မိုးကြိုးရဲတိုက်မှ ပိုင်ထိုက်ကွမ်ပင် ဖြစ်၏။ ထို့ကြောင့် ချယ်ရီရဲတိုက်မှ ဝမ်ဝေယန်မှာ အနိုင်ရရှိသွားရလေတော့သည်။

'ဟေး ချယ်ရီရဲတိုက်ကွ'

'ဝမ်ဝေယန်ကွ'

ချယ်ရီရဲတိုက်မှ သိုင်းသမားများက ချယ်ရီရဲတိုက် ခေါ်းသမား ဝမ်ဝေယန်ကို တစ်ခဲနက် အောင်ဟစ်အားပေးလိုက်ကြသည်။

ပြိုင်ပွဲ နာယကလူကြီးများက ချယ်ရီရဲတိုက် ခေါင်းသမား ဝမ်ဝေယန် အနိုင်ရကြောင်း ကြေငြာကာ ဝမ်ဝေယန်အား ဆုများ ချီးမြှင့်ပေးလိုက်ကြ၏။

တတိယပွဲအဖြစ် ယှဉ်ပြိုင်တိုက်ခိုက်မည့် သိုင်းသမားနှစ်ယောက်မှာ အနက်ရောင်သိုင်းသမား ဖုံတောက်နှင့် အဖြူရောင်သိုင်းသမား နီကွမ်းပေါင်တို့ပင် ဖြစ်ကြသည်။

အနက်ရောင်သိုင်းသမား ဖုံတောက်က ကြီးမားသော ပုဆိန်ကြီးတစ်လက် ကိုင်ဆောင်ထားပြီး အဖြူရောင်သိုင်းသမား နီကွမ်းပေါင်က ရှော်တက်သဏ္ဌာန် လက်နက်ဆန်းကို ကိုင်ဆောင်ထားသည်။

နေစကြာ ဂိုဏ်းချုပ်ကြီး စင်းပီလျံက သူတို့နှစ်ယောက်အား....

'မင်းတို့နှစ်ယောက်က အင်အားကြီးမားတဲ့ ဝါရင့်သိုင်းသမားတွေ ဖြစ်ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် ဖြည်းဖြည်းသက်သာ တိုက်ခိုက်ကြပါ၊ခွန်အားရှိတိုင်း အရမ်းမတိုက်ကြပါနဲ့၊ ပြိုင်ပွဲစည်းကမ်း ဖောက်ဖျက်ရင် နှစ်ယောက်စလုံး အပယ်ခံကြရမယ်'

'ဒူ....'

ထို့နောက် ပြိုင်ပွဲ စတင်ရန် အချက်ပေးလိုက်တော့၏။ အနက်ရောင်သိုင်းသမား ဖုံတောက်သည် လူ့ဘီလူးကြီးပမာ





အန်မာထွားကျိုင်းသူဖြစ်ကာ လက်ထဲတွင် ကြီးမားသော ပုဆိန်ကြီးတစ်လက်ကို ကိုင်ဆောင်ထားသည်။

အဖြူရောင်သိုင်းသမား နီကွမ်းပေါင်ကလည်း အရပ်အမောင်းမြင့်မားကာ သန်မာထွားကျိုင်းသူ တစ်ယောက်ဖြစ်သလို လက်ထဲတွင် ရှော်တက်ကြီးတစ်ခုကို ကိုင်ဆောင်ထား၏။ ထိုရှော်တက်မှာ သာမန်သစ်သားဖြင့် ပြုလုပ်ထားခြင်း မဟုတ်ဘဲ သံမဏိဖြင့် သွန်းလုပ်ထားသော သိုင်းသော လက်နက်ဆန်းပင် ဖြစ်သည်။

ပုဆိန်ကြီးနှင့် အခုတ်ခံလိုက်ရပါက တစ်ချက်တည်းနှင့် တစ်ချက်တည်းနှင့် အသက်ပျောက်သွားရမည် ဖြစ်သလို ရှော်တက်နှင့်သာ ထိမိလိုက်ပါကလည်း ပွဲချင်းပြီးသွားရပေမည်။

ထို့ကြောင့်ပင် စင်းပီလျံက သူတို့နှစ်ယောက်ကို မယှဉ်ပြိုင်မီ အသေအချာ မှာကြားလိုက်ရခြင်းပင် ဖြစ်ပေတော့သည်။

'ယား'

'ဟိုင်း'

စလျှင်စချင်းပင် ဖုံတောက်က သူ၏ ကြီးမားသော ပုဆိန်ကြီးကို လေထဲတွင် ဝှီးခနဲ ဝေ့ယမ်းပစ်လိုက်ပြီး နီကွမ်းပေါင်ထံသို့ တစ်ဟုန်ထိုး ဝင်ရောက်ကာ ခုတ်ပိုင်းချလိုက်လေသည်။

'ဝှီး'

'ထန်း'

နီကွမ်းပေါင်က လှော်တက်ကြီးကို ဝေ့ယမ်းကာ ပုဆိန်ကြီးကို ခတ်ထုတ်ပစ်လိုက်ပြီး လှော်တက်အဖျားဖြင့် ဖုံတောက်၏ ရင်ဝကို ထိုးချပစ်လိုက်သည်။

'ဖြန်း'

ဖုံတောက်က သူ့ရင်ဘတ်ဆီသို့ တစ်ဟုန်ထိုး ဝင်ရောက်လာသည့် လှော်တက်အဖျားကို လက်ဝါးဖြင့် ပုတ်ထုတ်ပစ်လိုက်ပြီး ပုဆိန်ကြီးဖြင့်ပင် နီကွမ်းပေါင်၏ ဦးခေါင်းအား အပေါ်မှ မိုး၍ ခုတ်ချပစ်လိုက်သည်။

'ဝှီ'

နီကွမ်းပေါင်က ခေါင်းကိုယိမ်းကာ ရှောင်တိမ်းပေးလိုက်ပြီး လှော်တက်ဖြင့် ဖုံတောက်၏ ခါးလယ်ကို ဖြတ်ကာ ပြင်းထန်စွာ ရိုက်ပစ်လိုက်သည်။

ဖုံတောက်က ခါးလယ်ဆီသို့ ဖြတ်ဝင်လာသည့် လှော်တက်အဖျားကို တွေ့မြင်လိုက်ရလျှင် ခြေဆောင့်ကာ အထက်သို့ လွှားတက်သွားသည်။

'ဟူး'

ကြောက်မက်ဖွယ် ကောင်းလောက်အောင် လှော်တက်ကြီးက ဝီခနဲ ဖုံတောက်၏ ကိုယ်အောက်မှ ပြေးထွက်သွား၏။ ဖုံတောက်က ပြန်အကျတွင် ပုဆိန်ကြီးကို စုကိုင်ရင်း အုပ်မိုးခုတ်ချလိုက်ပြန်သည်။

'ဝုန်း'

'ဒုန်း'





နီကွမ်းပေါင်က ခုန်ပျံရှောင်တိမ်းပေးလိုက်ရာ ဖုံတောက်၏ ပုဆိန်ကြီးမှာ လှေကို မခုတ်ပိုင်းမိဘဲ စင်ကြမ်းပြင်ကိုသာ ခုတ်ပိုင်းမိလိုက်သည်။

ပုဆိန်ကြီး၏ ခုတ်ချက်ကြောင့် စင်ကြမ်းပြင်တစ်ခုလုံးမှာ စုန်းခနဲ မြည်ဟည်းကာ သိမ့်သိမ့်ခါထွက်သွားရ၏။ နီကွမ်းပေါင်သာ အရှောင်မကောင်းပါက ကိုယ်နှစ်ခြမ်းပြတ်ကာ ပွဲချင်းပြီး အသက်ပျောက်ရပေလိမ့်မည်။

'ဟဝ်'

နီကွမ်းပေါင်က မာန်သွင်းလိုက်ပြီး သံမဏိလှော်တက်ကြီးကို ဝေ့ယမ်းကာ ဖုံတောက်၏ ခြေတောက်အစုံကို ဖြတ်ထုတ်ပစ်လိုက်၏။ ဖုံတောက်က ပုဆိန်နှင့် ကာကွယ်ပေးကာ နီကွမ်းပေါင်၏ နားထင်ကို သူ၏ ကြမ်းတမ်းသော လက်သီးဆုပ်ကြီးဖြင့် ထုချပစ်လိုက်သည်။

'ဝှီး'

နီကွမ်းပေါင်က ခေါင်းကို အသာငုံ့ကာ ရှောင်တိမ်းပေးလိုက်သည်။

နှစ်ယောက်သား သိုင်းကွက်ပေါင်းဆယ် ကျော်လာသည့်တိုင် တစ်ယောက်နှင့်တစ်ယောက် အနိုင်ရအောင် မတိုက်ခိုက်နိုင်ကြပါသေးချေ။

နှစ်ယောက်စလုံး ကြမ်းတမ်းခက်ထန်သူများ ဖြစ်ကြပြီး ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းပင် တိုက်ခိုက်နေကြသည်။

သိုင်းလောကသားများနှင့် ပြိုင်ပွဲကြီးကြပ်သူများမှစ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိကြသည်။

နှစ်ယောက်စလုံးက ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း တိုက်ခိုက်ကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် ထိခိုက်မှုမရှိကြသေးပေ။ အရှောင်အတိမ်း ကောင်းတာ သက်လုံကောင်းနေကြခြင်းကြောင့်ပင် ဖြစ်၏။

ဖုံတောက်၏ ပုဆိန်ကြီးက တဝှီးဝှီးနှင့် လည်ပတ်နေသလို နီကွမ်းပေါင်၏ လှော်တက်ကြီးကလည်း စကြာသဏ္ဌာန် လည်ပတ်လျက် ရှိနေ၏။

'ထန်း – ထန်း....ထန်း'

'ချွမ်း....ချွမ်း....ချွမ်း'

ပုဆိန်ကြီးနှင့် လှော်တက်ကြီးတို့မှာ ပြင်းထန်စွာ အဆက်မပြတ် ထိခတ်မိရင်း မီးများက ပွင့်ဖြာထွက်လျက် ရှိနေကြ၏။

ထိုသို့ အဆက်မပြတ် ပြင်းထန်စွာ ထိခတ် ခုတ်ပိုင်းနေမိသည့်တိုင် ပုဆိန်ရော လှော်တက်ပါ ကျိုးထွက် မသွားကြသေးပါချေ။ အချိန် ကြာလာသည့်တိုင် နှစ်ယောက်စလုံး အနိုင်မရဘဲ ရှိနေကြရ၏။

အချိန်ကြာလာသည်နှင့် အမျှ နှစ်ယောက်စလုံး၏ တိုက်ခိုက်မှုမှာ ပိုမိုပြင်းထန် မြန်ဆန်လာရ၏။ နှစ်ယောက်စလုံးက တစ်





ယောက်ကို တစ်ယောက် ကျားချောင်းသလို ချောင်းကာ လှည့်ပတ်တိုက်ခိုက်လျက် ရှိနေကြ၏။

'ဟူး'

မကြာမီ နှစ်ယောက်စလုံး လက်နက်များ ဝေ့ယမ်းရင်း တစ်ပတ် လည်ထွက်သွား၏။ ပြင်းထန်သော ထိခတ်သံကြီး တစ်ချက် ထွက်ပေါ်လာပြီးနောက် နှစ် ယောက် စ လုံး နောက်သို့ ယိုင်ဆင်း ထွက်သွားကြရ၏။

'ဒန်း'

'ဟာ....ဟင်'

'ဟယ်....အို'

မြင်လိုက်ရသူများမှ တအံ့တသြ ဖြစ်သွားကြရ၏။ အဘယ့်ကြောင့်ဆိုသော် နှစ်ယောက်စလုံး လက်နက်များမှာ အသီးသီး ကျိုးပြတ်ထွက်ကာ မီးခိုးများ အူထွက်နေခြင်းကြောင့်ပင်တည်း။

ပုဆိန်ကြီးရော သံမဏိ လှော်တက်ကြီးပါ ခါးလယ်မှ ကျိုးပြတ် ထွက်သွားသည်ကို မြင်လိုက်ရသဖြင့် အားလုံးမှာ အံ့အားသင့်သွားရခြင်းပင် ဖြစ်၏။

လက်နက် နှစ်ခုစလုံး ကျိုးထွက်သွားသဖြင့် အားလုံးမှာ အံ့အားသင့်သွားရှိသာမက ဖုံတောက်ရော နီကွမ်းပေါင်ပါ တစ်ယောက်ကို တစ်ယောက် ကြည့်ကာ အကြီးအကျယ်

အုံ့အားသင့်သွားမိကြရ၏။ ကံကောင်းထောက်မသဖြင့် နှစ်ယောက်စလုံး အသက် ပျောက်မသွားရခြင်းပင် ဖြစ်၏။

ခွန်အားကို အားကိုးကာ ကြမ်းကြမ်း ရမ်းရမ်း တိုက်ခိုက်မိခဲ့ကြ၏။ ကံကောင်းထောက်မ၍ မသေကြခြင်းပင် ဖြစ်၏။ ထိုအချက်ကို စဉ်းစားမိလျှင် နှစ်ယောက်စလုံး ကြက်သီးများ ထသွားမိကြရ၏။

နှစ်ယောက်စလုံး လက်နက်များ လက်လွတ်ဆုံးရှုံးသွားရပြီ ဖြစ်သဖြင့် သူတို့ နှစ်ယောက်၏ ပွဲကို အကဲဖြတ်လူကြီးများက သရေပွဲအဖြစ် သတ်မှတ် ပေးလိုက်ကြရတော့၏။

'ဟေး'

'ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း'

'ဖုံတောက်ကွ...နီကွမ်းပေါင်ကွ'

'နီကွမ်းပေါင်ကွ....ဖုံတောက်ကွ'

သူတို့နှစ်ယောက် ဆုယူရာတွင် သိုင်းလောကသားများက တစ်ခဲနက် အော်ဟစ် အားပေးလိုက်ကြ၏။ သူတို့နှစ်ယောက်၏ ပွဲမှာ အလွန်ကြည့်ကောင်းပြီး ကြမ်းကြမ်း ရမ်းရမ်း ရှိလှသည် မဟုတ်ပါလား။ မထင်မှတ်ဘဲနှင့် သူတို့နှစ်ယောက်၏ ပွဲမှာ ကြည့်ကောင်းသော ပွဲတစ်ပွဲ ဖြစ်သွားရ၏။





ဖုံတောက်နှင့် နီကွမ်းပေါင်တို့က ဆုယူပြီး ပရိသတ်ကို အရိုအသေပြုကာ စင်ထက်မှ လွှားဆင်းသွားကြလေတော့၏။ ပထမနေ့ သိုင်းပြိုင်ပွဲကို ခဏ ရပ်နားလိုက်ကြ၏။

နောက်တစ်နေ့ နံနက်မှာပင် ဆက်လက်ပြီး ပြိုင်ပွဲများကို ကျင်းပပေးမည် ဖြစ်၏။ ပြိုင်ပွဲ ရပ်နားလိုက်သောကြောင့် သိုင်းလောကသားများမှာ ကိုယ့်အစုနှင့်ကိုယ် ထွက်ခွာသွားကြလေတော့၏။

# (၁၆)

နေစကြာဂိုဏ်း အဆောက်အဦ ညွှန့်ခန်းမဆောင်ကြီး အတွင်း၊ မီးရောင်များက လင်းထိန်လျက် ရှိနေ၏။ ညွှန့်ခန်းမ ဆောင်ကြီး အတွင်း သိုင်းလောက ထိပ်သီးပညာရှင်ကြီးများ က တိုင်ပင် ဆွေးနွေးလျက် ရှိနေကြ၏။

ညွှန့်ခန်းမဆောင်ကြီး အတွင်း ရောက်ရှိနေကြသော သိုင်း ပညာရှင်ကြီးများမှာ ရှောင်လင် လက်ထောက်ဂိုဏ်းချုပ်ကြီး ကျီစန်၊ ဝူတန်ဂိုဏ်း ရသေ့ကြီး ဆုဟုကြွင်း၊ ထိုက်ကျီဓား ဂိုဏ်းချုပ်ကြီး အာဘစ်သန်၊ ခွန်လွန့်တောင် ဂိုဏ်းချုပ်ကြီး မာထင်းရှိန်၊ မဟာဓာန္တာရ ဂိုဏ်းချုပ်ကြီး မုတ်ဆိတ်နီဝူချီ စသော သိုင်းလောက နာယကကြီးများ စုံလင်စွာ ရောက်ရှိ နေကြ၏။





နေစကြာဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး စင်းပိလျ၊ လက်ထောက် ဂိုဏ်းချုပ်ကြီး မုရှန်ကွန်း၊ ဂိုဏ်းခွဲမှူးကြီးများ စုံလင်စွာ တက်ရောက်လာကြ၏။

ရှောင်လင်ဂိုဏ်းချုပ်ကြီး ကျီစန်က နေစကြာဂိုဏ်းအား –

'အင်း မင်းတို့ဂိုဏ်းဟာ အခုလို စီးပွားရေးတွေ ထောင်း လာတယ်၊ လူအင်အားတွေ ကောင်းလာတယ်ဆိုတော့ ကျုပ် တို့ သိုင်းလောက နာယကကြီးများက အထူးပဲ ဝမ်းမြောက်မိ ပါတယ်၊ နောက်ပြီး နှစ်ပေါင်းများစွာ လစ်လပ်နေတဲ့ ဂိုဏ်း ချုပ်နေရာမှာ မူလ ဂိုဏ်းချုပ်ကြီးရဲ့သား စင်းပိလျ ရောက် လာတဲ့အတွက် တကယ့်ကို မှန်ကန်တဲ့ ဂိုဏ်းချုပ် ရရှိလိုက်တာ ပါပဲ၊ စင်းပိလျကလဲ နေစကြာ ဂိုဏ်းကြီးရဲ့ ကြီးပွားရေး ကြီးပွားကြောင်း ဖခင်ကြီး ရှိစဉ် အခါကလိုပဲ စွမ်းစွမ်း တမံ လုပ်ဆောင်ပါ၊ သိုင်းလောကအကျိုး အများအကျိုး ထမ်းဆောင်ပါ'

ဝူတန်ဂိုဏ်း ရသေ့ကြီး ဆူဟုံကြွင်းကလည်း....

'နေစကြာဂိုဏ်းဟာ တည်ထောင်လာခဲ့တာ နှစ်ပေါင်းကို မနည်းတော့ဘူး၊ အဖြူရောင်သစ္စာဖက် တော်သား သိုင်းဂိုဏ်း ကြီးတစ်ဂိုဏ်းပဲ၊ ဒီဂိုဏ်းကြီးရဲ့ မှန်မြတ်တဲ့ အစဉ်အလာကို ဆက်ပြီး ထိန်းသိမ်းစောင့်ကွယ်ပါ'

ထိုက်ကျီဓားဂိုဏ်းချုပ်ကြီး အာဘစ်ထန်က....

'တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာ အေးချမ်းရေးအတွက် ဆောင်ရွက်ကြပါ၊ ကျုပ်တို့ သိုင်းလောကသားတွေဟာ တိုင်း

ပြည်နဲ့ လူမျိုးအတွက် အမြဲတမ်းအသင့်ဖြစ်နေကြရမယ်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ကျူးကျော်စော်ကားတဲ့ လူမှန်သမျှ တွန်းလှန်ချေမှုန်းပစ်ရမယ်'

ခွန်လွန်တောင် ဂိုဏ်းချုပ်ကြီး မာထင်းရှိန်က မတ်တတ်ရပ်လိုက်ပြီး....

'သိုင်းလောကမှာ ဒုစရိုက်သိုင်းသမားတွေဟာ သိုင်းလောက အေးချမ်းသာယာရေးကို အများကြီး အနှောင့်အယှက်ပေးနေကြတယ်၊ ဒီဒုစရိုက်သိုင်းသမား အနက်ရောင် ကောင်တွေကို နေစကြာဂိုဏ်းချုပ်ကြီး စင်းပီလျံနဲ့ ဂိုဏ်းသားများက ဖြိုခွင်း သုတ်သင်ကြပါ'

မဟာကန္တာရ ဂိုဏ်းချုပ်ကြီး မုတ်ဆိတ်နီဝူချီက....

'ဂိုဏ်းချုပ်ကြီး မာထင်းရှိန် ပြောသွားတာ မှန်ကန်တဲ့ စကားတွေပါပဲ၊ အနက်ရောင် ဒုစရိုက် သိုင်းသမားတွေကို နောင်တရအောင် ပြုလုပ်ရမယ်၊ နောင်တမရဘူး၊ ဆက်ပြီး ခေါင်းမာနေမယ်ဆိုရင် ညှာနေလို့ မဖြစ်ဘူး၊ တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးအတွက် ဒီကောင်တွေကို အမြစ်ကနေ လှန်ပစ်ရမှာပဲ'

နေစကြာဂိုဏ်းချုပ်ကြီး စင်းပီလျံက....

'သိုင်းလောကနာယကကြီးများ ဂိုဏ်းချုပ်ကြီးများ ပြောသွားခဲ့ကြတာ အမှန်တွေချည်းပါပဲ၊ ကျွန်တော်တို့ဟာ ရ ပေါင်းအင်အားနဲ့ သိုင်းလောက အကျိုး အများအကျိုး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ ညီညွတ်ကြ





ဖြစ်မယ်၊ နွားကွဲရင်ကျားဆွဲဆိုသလို ကျွန်တော်တို့ အဖြူရောင် သိုင်းလောကသားတွေ မညီညွတ်ရင် အနက်ရောင် ဒုစရိုက် သမားတွေက ချေမှုန်းကြလိမ့်မယ်'

ထို့နောက် သူတို့ အားလုံးက သိုင်းလောက အရေးကိစ္စများကို တိုင်ပင် ဆွေးနွေးလိုက်ကြ၏။ နေစကြာသိုင်းပြိုင်ပွဲကြီးနှင့် ပတ်သက်၍ စင်းပီလျံက....

'ဒီသိုင်းပြိုင်ပွဲကြီး ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ သိုင်းလောကသားတွေ ချစ်ကြည်ရင်းနှီးမှုနဲ့ အချင်းချင်း ခင်မင်ရင်းနှီးမှု ရရှိဖို့ပဲ ဖြစ်ပါတယ်၊ သိုင်းပြိုင်ပွဲကြီးမှာ အနက်ရောင် သိုင်းသမားတွေ အများအပြား ပါဝင်နေကြတာကို ဂိုဏ်းချုပ်ကြီးတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်၊ ဒီအနက်ရောင် သိုင်းသမားတွေကို အမြင်မှန်ရပြီး ကျွန်တော်တို့ဖက် ပါဝင်အောင် စည်းရုံးဖို့ လိုအပ်ပါတယ်၊ ဒီအနက်ရောင် သိုင်းသမားတွေကသာ ကျွန်တော်တို့ဖက် ပါဝင်လာမယ်ဆိုရင် အဖြူရောင် သိုင်းလောကသားတွေအတွက် အင်အားကြီးတစ်ရပ် တိုးလာတာနဲ့ အတူတူပါပဲ'

ဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောက ဥသျှောင်အဖွဲ့က စင်းပီလျံ၏ စကားကို ထောက်ခံလိုက်ကြ၏။ နဂါးချုပ် အနေနှင့် ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီး ကျီစန်ဆာ....

'ကိုင်း ဒီကနေ့ကစပြီး ကျုပ်တို့ဟာ လက်တွဲဖြုတ်ကြဖို့နဲ့ သိုင်းလောကကို မျက်ခြည်မပြတ်ဖို့ လိုတယ်၊ အနက်ရောင်

သိုင်းဂိုဏ်းကြီးတွေကလဲ ကျုပ်တို့ကို မျက်ခြည်မပြတ်ကြည့်နေကြမှာ သေချာတယ်၊ အနက်ရောင် သိုင်းဂိုဏ်းကြီးမှ တွေဟာ ကျုပ်တို့ကို ဘယ်လို ဒုက္ခပေးရမလဲဆိုတာ အမြဲကြံစည်နေကြလိမ့်မယ်၊ ဒီကောင်တွေကို အထူးသတိထားရမယ်'

• • •

ညဉ့်နက်လေသည် တသုန်သုန် တိုက်ခတ်လျက် ရှိနေ၏။

နေစကြာဂိုဏ်းစခန်း ဌာနချုပ်ကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။ ညဉ့်သန်းခေါင်ယံ ကျော်ပြီ ဖြစ်၏။ ကောင်းကင်ပြင်ထက်တွင် ခုနစ်စဉ် ကြယ်ပြောင်က အမြီးထောင်လျက် ရှိနေလေပြီ။

နေစကြာဂိုဏ်းကြီးတွင် ကင်းသမားများမှအပ အခြားသူများ အိပ်မောကျနေကြရလေပြီ။

သိုင်းစလာ့က ပရိသတ်များမှာလည်း နောက်ဖက် ညီ ဆောင်ကြီးများတွင် အိပ်မောကျလျက် ရှိနေလေပြီ။

စင်းပီလျံ မှာမူ အိပ်မပျော်သေးချေ။ သူက အိပ်ရာထက်တွင် လဲလျောင်းကာ ရှေ့ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို တွေးတောနေမိ၏။





သူက သိုင်းပြိုင်ပွဲကြီး ပြီးဆုံးသည်နှင့် သိုင်းလောကတွင် ပျောက်ဆုံးနေသည့် သူ့ဖခင်ကို ရှာဖွေရမည် ဖြစ်၏။

ထို့ပြင် ဖူကွမ်းဖေ့ သီလရှင်ကျောင်းတွင် သီလရှင်ဝတ်နေသည့် မိခင်ကြီးကိုလည်း သွားရောက် တွေ့ဆုံကန်တော့ရပေဦးမည်။ သူ့မိခင်ကို တွေ့လျှင်ပင် သူက မှတ်မိတော့မည် မဟုတ်ပါချေ။ သူ့မိခင်က သူနှင့် ငယ်စဉ်လေးကတည်းက ကွဲကွာခဲ့ရသည် မဟုတ်ပါလား။

စင်းပီလျံ မှာ လုပ်ဆောင်စရာပေါင်း များစွာ ရှိနေ၏။ သူနှင့် ရိကျင့်စန်းတို့ မင်္ဂလာကိစ္စကိုလည်း ဆောင်ရွက်ရဦးမည်။

'ဝှစ်'

'ဟူး'

ရုတ်တရက် အပြင်ဘက်မှ အဝတ်လေးတိုးသံတစ်ချက် ကြားလိုက်ရသောကြောင့် စင်းပီလျံက ပြတင်းပေါက် အပြင်ဘက်သို့ လှမ်းထွက်လိုက်၏။ လေထဲရောက်သည်နှင့် သူက ကျွမ်းပစ်ကာ ခေါင်မိုးထက်သို့ လှမ်းတက်လိုက်၏။ သူ၏ စံအိမ်ခေါင်မိုးထက်မှ ကြည့်လိုက်ရာ လရောင်အောက်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုသူသည် ညခရီးသွား ကိုယ်ကျပ်ဝတ်စုံနက် ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထား၏။ အနက်ရောင် တဖိတ်ဖိတ် တောက်လက်နေသည့် ဓားတစ်လက်ကို ကျောတွင် ပိုးလွယ်ထားသည်။

ထိုညဥ့်လူက စင်းပိလျ့်ကို စူးစိုက်ကြည့်လျက် ရှိနေသည်။ စင်းပိလျ့်မှာလည်း ထိုဝတ်စုံနက်ကို ပြန်လည်၍ စူးစိုက်ကြည့်နေမိသည်။

'ခင်ဗျား ဘယ်သူလဲ'

စင်းပိလျ့်က တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းကာ အေးစက်ခက်ထန်သော လေသံဖြင့် မေးမြန်းလိုက်၏။ ဝတ်စုံနက်က အေးစက်စက်လေသံဖြင့်....

'ငါဟာ ညဥ့်လူပဲ၊ မင်းစိတ်ထဲမှာ ငါ့ကို ညဥ့်လူလို့ မှတ်ထားလိုက်ပေါ့ကွာ'

စင်းပိလျ့်က မျက်မှောင်ကြုတ်လိုက်ကာ....

'ခင်ဗျားက မိတ်ဆွေလား ရန်သူလား'

'မင်းက ဘယ်လိုမြင်လို့လဲ'

'ကျုပ်အာ ဘာအကြောင်းမှ မသိရသေးတော့ ဘယ့်သိဦးမှာလဲ'

'ဝှစ်'

ရုတ်တရက် ညဥ့်လူက လက်တစ်ဖက်ကို ဝေ့ယမ်းပစ်လိုက်သည်။

'ရွှီး'

'အား'

အမှောင်ရိပ် တစ်နေရာဆီမှ စူးရှသော အော်ဟစ်သံကြီးတစ်ရပ်နှင့်အတူ ထွက်ပြေးသွားသံကိုပါ ကြားလိုက်ရသည်။ ဝတ်စုံနက်က ဟက်ခနဲ ရယ်မောလိုက်ပြီး....

'အဲဒါ မင်းရဲ့ ရန်သူတွေပဲ'





'ဒါဆိုရင် ခင်ဗျားက'

'ဝှစ်'

'ဟူး'

စင်းပိလျ့်၏ စကားမဆုံးမီမှာပင် ညဥ့်လူသည် တစ်ချက်လှုပ်ရှားလိုက်ရာ ခေါင်းမိုးထက်မှနေ၍ မီးခိုးငွေ့တစ်ငွေ့အလား လွင့်မျောပျောက်ကွယ်သွားရလေတော့သည်။

ဝတ်စုံနက်က လေထဲမှနေ၍....

'စင်းပိလျ့်၊ မင်းမှာ ရန်သူတွေ စိုင်းနေတယ် သတိထား'

စင်းပိလျ့်က မျက်မှောင်ကြုတ်ရင်း....

'ဒီညဥ့်လူဆိုတဲ့ သိုင်းသမားဟာ ဘယ်သူပါလိမ့်၊ သူဟာငါ့ထက် သိုင်းပညာရော အဘွင်းအားမှာပါ ပိုပြီး ကြီးမားအစွမ်းထက်နေပါလား၊ သူနဲ့ငါသာ တိုက်ခိုက်ရင် ငါ ရှုံးနိမ့်မှာ အမှန်ပဲ'

ယင်းအချိန်မှာပင် စံအိမ်ခေါင်မိုးထက်သို့ လူရိပ်နှစ်ရိပ်က ခုန်ပျံထိုးဆင်း ရောက်ရှိလာကြ၏။ စင်းပိလျ့်က ရောက်ရှိလာသူ နှစ်ယောက်ကို စူးစိုက်ကြည့်လိုက်ရာ ယစ်ထုပ်သိုင်းသမားကြီးနှင့် သမီးဖြစ်သူ ရီကျင့်စန်း ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

'စင်းပိလျ့်၊ စောစောက အော်သံကြားလိုက်ရတယ်၊ ဘယ်လိုဖြစ်တာလဲ'

ယစ်ထုပ်သိုင်းသမားကြီး ရီကျင့်ပန်းက စင်းပိလျ့်ကို စိုးရိမ်တကြီး မေးမြန်းလိုက်၏။ စင်းပိလျ့်က အမှောင်ရိပ်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး....

'ဒီနေရာမှာ လူတစ်ယောက် ချောင်းမြောင်းနေတာ၊ သူ့ကို ညဥ့်လူက လက်နက်ပုန်းနဲ့ ပစ်လိုက်လို့ အော်ဟစ်ထွက်ပြေးသွားတာ'

'ညဥ့်လူ ဟုတ်လား၊ ညဥ့်လူက ဘယ်သူလဲ'

ယစ်ထုပ်သိုင်းသမားကြီးက တအံ့တသြနှင့် မေးလိုက်၏။ စင်းပိလျံက သက်ပြင်းတစ်ချက်ရှိုက်ရင်း....

'သူ့ကိုယ်သူ ညဥ့်လူလို့ပဲ ပြောသွားတယ်၊ သူ ဘယ်သူဘယ်ဝါဆိုတာ ပြောပြမသွားဘူး၊ သူက ကျွန်တော့်ကို ကူညီသွားတာပဲ၊ သူဟာ ရန်သူတော့ မဖြစ်နိုင်ဘူး'

စင်းပိလျံက ညဥ့်ခရီးသွား ဝတ်စုံနက် မျက်နှာဖုံးစွပ်နှင့် ညဥ့်လူအကြောင်းကို ယစ်ထုပ်သိုင်းသမားကြီးအား ပြောပြလိုက်၏။ စင်းပိလျံ စကားများဆုံးလျှင် ယစ်ထုပ်သိုင်းသမားကြီးက မျက်မှောင်ကြုတ်လိုက်ပြီး...

'ဗီကီစွက အတော့်ကို ထူးဆန်းတာပဲ၊ သိုင်းလောကမှာ ဒီညဥ့်လူဆိုတဲ့နာမည် တစ်ခါမှ မကြားဖူးပါလား၊ သူ့အသက် ဘယ်လောက်ရှိပြီဆိုတာ ခန့်မှန်းမိရဲ့လား'

စင်းပိလျံက တစ်ချက်စဉ်းစားလိုက်ပြီး....

'ညဥ့်လူရဲ့အသက်ဟာ အသံကိုခန့်မှန်းကြည့်ရရင် ငါးဆယ်ဝန်းကျင်လောက် ရှိမယ်ထင်ရမယ်'

'ဟင်'

'အို'





ကြားလိုက်ရသော စကားကြောင့် ယစ်ထုပ်သိုင်းသမားကြီးနှင့် ရီကျင့်စန်းတို့မှာ အလွန် အံ့အားသင့်သွားမိကြရ၏။ ယစ်ထုပ်သိုင်းသမားကြီးက...

'ညဥ့်လူရဲ့ အသက်ဟာ ငါးဆယ်ဝန်းကျင်လောက် ရှိမယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒီလောက်ပဲ ခန့်မှန်းရတာပါပဲ'

'အင်း အတော်ထူးဆန်းတာပဲ၊ ဒီတစ်ခါ ညဥ့်လူနဲ့တွေ့ရင် သူ့ဓားပညာကို ရအောင် ကြည့်လိုက်ပါ၊ သူ ဘာဓားကွက်တွေ သုံးတယ်ဆိုတာသိရရင် သူဘယ်သူလဲဆိုတာ ငါက ဒက်ခနဲ ပြောပြလိုက်မယ်'

ရီကျင့်စန်းက စင်းပိလျံအား

'အစ်ကို ညဥ့်နက်နေပြီ၊ မနက်ကျတော့လဲ သိုင်းပြိုင်ပွဲမှာ ကြီးကြပ်ပေးရဦးမယ် မဟုတ်လား၊ သွားအိပ်ပါတော့'

ထို့နောက် သုံးယောက်သား ကိုယ်ဖော့ပညာဖြင့် အောက်သို့ လွှားဆင်းလာခဲ့ကြလေတော့၏။ ထိုညက အဖြစ်အပျက်ကို မည်သူမျှ မရိပ်မိလိုက်ကြပေ။

ညဥ့်လူက အမှောင်ထဲမှ ချောင်းမြောင်းနေသူအား အသေမသတ်ဘဲ လက်နက်ပုန်း ပစ်ခတ်ကာ ခြောက်လှန့်ရုံ ခြောက်လှန့်လိုက်ခြင်းပင် ဖြစ်၏။

ညဥ့်လူကသာ သတ်ပစ်မည်ဆိုပါက အမှောင်ထဲမှ ရှိနေသူမှာ အသက်ပျောက်သွားရမည်မှာ သေချာလှပေတော့၏။

ညဥ့်လူသည် မည်သူဖြစ်ပါသနည်း။ စင်းပိလျံမှာ စဉ်းစားရင်းနှင့် ဖြုန်းခနဲ အိပ်မပျော်နိုင်ဘဲ ရှိနေရ၏။ မည်သို့ပင် ဖြစ်

စေ ညဉ့်လူနောက် တစ်ကြိမ် ရောက်လာမည် ဆိုပါက သူက ယစ်ထုပ် သိုင်းသမားကြီး ပြောသည့်အတိုင်း ခါးကွက်ကို မရရအောင် ကြည့်ထားလိုက်မည်ဟု ဆုံးဖြတ်ချက် ချလိုက်မိလေတော့၏။

● ● ●

နေစကြာ သိုင်းပြိုင်ပွဲကြီး ပြီးဆုံး အောင်မြင်သွားပြီးနောက် စင်းပီလျံ သည် မိခင်ကြီး ရှန်ကျီစင်းနှင့် တွေ့ဆုံကန်တော့ရန် ဖူကွမ်းဖေ့ သီလရှင်ကျောင်းတော်ကြီးသို့ တစ်ယောက်တည်း ထွက်ခွာလာခဲ့ရ၏။

နေစကြာဂိုဏ်းတွင် ယစ်ထုပ်သိုင်းသမားကြီးနှင့် ရိကျင့်စန်းတို့အား ဂိုဏ်းချုပ်နေရာကို ထိန်းသိမ်းထားရန် ခေတ္တတာဝန်များ ပေးထားခဲ့၏။

ဖူကွမ်းဖေ့ သီလရှင် ကျောင်းတော်ကြီးမှာ ခိုလန်တောင်ကြီးတွင် တည်ရှိနေကာ အလွန်ကြီးကျယ်ခမ်းနားသော သီလရှင်ကျောင်းကြီး တစ်ကျောင်းလည်း ဖြစ်၏။

သီလရှင်ပေါင်း မြောက်မြားစွာ ရှိနေပြီး တရားအားထုတ်ရာနှင့် သာသနာပြုရာ နေရာမြတ်ကြီးလည်းဖြစ်၏။

'ဒေါင် ဒေါင် ဒေါင်'

ကျောင်းတော်သို့ မရောက်မီကပင် အဝေးမှ နေ၍ ကျောက်ခေါင်းလောင်းကြီးများ၏ ထိုးနှက်သံများကို ကြားနေရ၏။

ကျောက်ခေါင်းလောင်းကြီးများ ထိုးသံကို ကြားလိုက်ရသည်နှင့်ပင် စင်းပီလျံမှာ မျက်ရည်များရစ်ဝိုင်းလာရ၏။





သူ၏ မွေးသမိခင်ကြီးသည် ဤသီလရှင်ကျောင်း ယူတွင် သီလရှင် ဝတ်နေသည် မဟုတ်ပါလား။ သူ့၏ မြောက်ကာတည်းက သူ့မိခင်ကို ဖြူသလား မည်းသလား ခါမျှ မမြင်ဖူးခဲ့ပါချေ။

စင်းပီလျံ သည် ခိုလန်တောင်ခြေသို့ ရောက်ရှိလာခဲ့ပြီ ၏။ တောင်ခြေမှကြည့်လိုက်လျှင် တောင်ခါးပန်းတွင် အဆင့်ဆင့် တည်ဆောက်ထားသည့် ဖူကွမ်းဖေ့ သီလရှင် ကျောင်းတော်ကြီးကို ကြည်ညိုဖွယ်ရာကောင်းလောက်အောင် မြင်လိုက်ရ၏။ ကျောက်ခေါင်းလောင်းသံများကိုပါ သဲ ကြားနေရ၏။

သူက မြင်းကို တောင်ခြေရှိ စားသောက် ကြားရ တစ်ဆိုင်တွင် အပ်နှံထားခဲ့ကာ တောင်ပေါ် အတွင်း ခဲ့၏။

ကိုယ်ဖော့ပညာဖြင့် တက်လာရာ ထမင်းတစ်အိုး ရှိရစွာ အကြာတွင် တောင်ခါးပန်းတစ်နေရာရှိ ကျောင်းတံခါးပေါက်သို့ ရောက်ရှိလာခဲ့၏။

သူက တံခါးစောင့် သီလရှင်ကြီးများကို အရိုအသေပြုလိုက်၏။ တံခါးစောင့် သီလရှင်ကြီးများက စင်းပီလျံ အား....

'မောင်ရင်က ဘယ်သူလဲ၊ ဒီမှာ ဘယ်သူနဲ့ တွေ့ချင်လို့လဲ'

'ကျွန်တော်က နေစကြာဂိုဏ်းချုပ် စင်းပီလျံပါ၊ ဒီမှာ ကျွန်တော့် မေမေက သီလရှင် ဝတ်နေပါတယ်၊ သူ့နာမည်က

ပဲ့ ခေါ်ပါတယ်၊ အခု ကျွန်တော့်မေမေကို လာ
စေ့နေတော့တာပါ'
'အို...ဟင်'
'ဟာ'

ကြားလိုက်ရသော စကားကြောင့် ကျောင်းတော်တံခါး
စောင့် သီလရှင်ကြီးများမှာ တအံ့တဩ ဖြစ်သွားကြရ၏။

'ကျွန်တော့် မေမေနဲ့ ကျွန်တော်က ကျွန်တော် ငယ်ငယ်
လေးကတည်းက ကွဲကွာသွားကြတာပါ၊ ကျွန် တော် က
တိုးလက်ပေါ်မှာ ကြီးပြင်းခဲ့ရပါတယ်၊ ဘိုးဘိုး မသေခင်
လေးက အပျက်တွေကို ပြောပြသွားခဲ့တဲ့အတွက် ကျွန်တော်
မေမေ့ကိုလာပြီး ကန်တော့ချခြင်း ဖြစ်ပါတယ်'
စန်းတို့ ဘာသက်သေ အထောက်အထား ပါသလဲ'
တာဝန်ယ်၊ ဒီခေါးဟာ ကျွန်တော့် ဖေဖေကိုယ်တိုင်
ပေးခဲ့တဲ့ ရတနာ ခေါးမြှောင်ပါပဲ'

စင်းပိလျ က ပြောရင်း ရတနာ ခေါးမြှောင်ကို ထုတ်ယူ
ကာ သီလရှင်ကြီးများအား ပေးအပ်လိုက်၏။ သီလရှင်ကြီး
များက စင်းပိလျ အား-

'မင်း ဒီမှာ ခဏစောင့်နေပါ၊ မင်း မေမေ ဟုတ်မဟုတ်ဆို
တာ ငါတို့ သွားပြီး စုံစမ်းကြည့်လိုက်မယ်'

ထို့နောက် သီလရှင်ကြီး သုံးပါးက ရတနာ ခေါးမြှောင်
ကို ယူကာ ကျောင်းတော်ကြီး အတွင်းသို့ ဝင်ရောက် ပျောက်
ကွယ်သွားကြ၏။ စင်းပိလျ က အပြင်ဘက်မှ နေ၍ စောင့်
ဆိုင်းနေလိုက်၏။





ကွမ်းတစ်ယာညက်ခန့် အကြာတွင် ရတနာခေါးမြှောင် ယူ
ဆောင်သွားသည့် သီလရှင်ကြီး သုံးပါးတို့ ကျောင်းတော်
အတွင်းမှ ပြန်လည် ထွက်ပေါ်လာကြ၏။

သီလရှင်ကြီး တစ်ပါးက တံခါးကို ဖွင့်ပေးလိုက်ပြီး-

'ဝင်ခဲ့ပါ၊ မင်းကို ရှန်ကျိစင်းက အတွင်းမှာ စောင့်ဆိုင်း
နေပါတယ်၊ သွားရောက် တွေ့ဆုံနိုင်ပါတယ်'

စင်းပိလျ က ဝမ်းသာအားရဖြင့် သီလရှင်ကြီးများကို ဂါရ
ဝ ပြုလိုက်၏။ ပြီးနောက် ကျောင်းတော်ကြီး အတွင်းသို့ ဝင်
ရောက်လာခဲ့၏။

ကျောင်းတော်ကြီး တစ်ခုလုံး အပ်ကျသံပင် မကြားရ
လောက်အောင် တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေ၏။

ကြီးမား ကျယ်ဝန်းလှသော ခန်းမဆောင်ကြီး အတွင်း
သီလရှင်ကြီး တစ်ပါးက မြက်ဖျာတစ်ချပ်တွင် ဣန္ဒြေရစွာ
ထိုင်လျက် ရှိနေ၏။

ဗုဒ္ဓ ရုပ်ပွားတော်ကြီးများကို မီးပူဇော်ထားပြီး အမွှေး
တိုင်ကြီးများပါ ထွန်းညှိပူဇော်ထား၏။ ခန်းမဆောင်ကြီး
အတွင်း ဤသီလရှင်ကြီး တစ်ပါးတည်းသာ ရှိနေ၏။

သီလရှင်ကြီးသည် အသက် လေးဆယ်ကျော်ခန့် ရှိပြီး
ရုပ်ရည်မှာ တည်ကြည် ခန့်ညားလှပေ၏။ သီလရှင်ကြီး လက်
ထဲတွင် စင်းပိလျ ၏ ရတနာ ခေါးမြှောင်ကို ကိုင်ဆောင်
ထား၏။

'လူကလေး....လာ....ဒီမှာထိုင်'

သီလရှင်ကြီးက ကြင်နာယုယရသော အသံနှင့် ပြောရင်း သူမရှေ့မှ မြက်ဖျာကို ညွှန်ပြလိုက်၏။ စင်းပီလျှံက မြက်ဖျာပေါ်တွင် ဒူးထောက်ကာ သီလရှင်ကြီးအား ရှိခိုး ကန်တော့လိုက်၏။

ပြီးနောက် စင်းပီလျှံက—

'ရှန်ကျီစင်းဆိုတာ'

သီလရှင်ကြီးက တစ်ဆို့ ဝမ်းနည်းသော လေသံဖြင့်—

'ရှန်ကျီစင်းဆိုတာ မေမေပါပဲကွယ်၊ မင်းဟာ ငါ့သား ကလေးပါပဲ၊ ဒီရတနာ ဓားမြှောင်ဟာ မင်းဖေဖေ ကိုင်ဆောင်ခဲ့တဲ့ ဓားမြှောင်ပဲ၊ မင်း ဒီဓားမြှောင်ကို မေမေ့ ဖေဖေ ရသေ့ကြီးဆီက ရလာခဲ့တာ မဟုတ်လား'

'ဟုတ်ပါတယ် မေမေ၊ ဘိုးဘိုးက ကျွန်တော့်ကို ပေး လိုက်တာပါ၊ အခုဆို ဘိုးဘိုးလဲ ဆုံးသွားခဲ့ပါပြီ'

'အို'

သီလရှင်ကြီးမှာ ဝမ်းနည်းစွာ မျက်ရည်များ ဖြိုင်ဖြိုင် ကျဆင်းလာရလေတော့၏။

စင်းပီလျှံမှာလည်း သူ့မိခင်ကို ကြည့်ကာ မျက်ရည်များ ရစ်ဝိုင်းလာရ၏။ စင်းပီလျှံက မိခင်ကြီးအား—

'မေမေ... ဖေဖေဟာ သေသလား၊ ရှင်သလား မသိရဘူး၊ ဖေဖေ ဘယ်ကို ရောက်နေပါသလဲ'

ရှန်ကျီစင်းက ခေါင်းခါယမ်းလိုက်ကာ—

'မင်း ဖေဖေ ဘယ်ရောက်နေသလဲဆိုတာ မေမေလဲ မသိ ရပါဘူးကွယ်၊ သူနဲ့ မေမေ မတွေ့တာ ဆယ့်ရှစ်နှစ်နီးပါး





လောက် ရှိသွားပါပြီ၊ မင်းဖေဖေတို့ မင်းက လိုက်ရှာ မလို့လား'

'ဟုတ်ပါတယ် မေမေ၊ ဘိုးဘိုးက သူမသေဆုံးခင်မှာ အသေအချာ မှာကြားထားခဲ့ပါတယ်၊ ဖေဖေ့ကို မတွေ့တွေ့ အောင် လိုက်ရှာရမယ်တဲ့'

'မင်းဖေဖေကို တွေ့ဖို့ဆိုတာ မလွယ်ဘူး၊ သူက ရေလှလွင့် သိုင်းသမားကြီး တစ်ယောက်ပဲ'

စင်းပီလျှံက တစ်ချက်စဉ်းစားလိုက်ပြီး....

'ဒါနဲ့ ကျွန်တော်မရှင်းတာတွေ မေးပါရစေ မေမေ'

'ဘာများလဲ သား၊ မေးလေ'

'တခြားမဟုတ်ပါဘူး၊ နေ့စကြာဂိုဏ်းကနေ ဖေဖေက ဘာဖြစ်လို့ထွက်ခွာသွားရတာလဲ'

ရှန်ကျီစင်းက—

'လူယုတ်မာတစ်ယောက်ရဲ့ ထောင်ချောက်ကို မင်း ဖေဖေ သက်ဆင်းမိပြီး အကျပ်ကိုင်ခြင်းကိုခံလိုက်ရတယ်၊ ဒီအကြောင်း ကြောင့်ပဲ မင်းဖေဖေဟာ နေ့စကြာဂိုဏ်းကို စွန့်ခွာသွား တာပဲ'

'ဒီလူယုတ်မာက ဘယ်သူလဲ မေမေ'

'မင်းဖေဖေတစ်ယောက်တည်းပဲ သိတယ်၊ မင်း ဖေဖေကို မေမေ မေးတော့လဲ မပြောဘူး၊ သူက အရှက်ကို ကာကွယ် သွားတာပဲ၊ သူ ဒီလိုမလုပ်ရင် သားလေးလဲ ခုလို နေ့စကြာ ဂိုဏ်းမှာ ဂိုဏ်းချုပ်ဖြစ်လာမှာမဟုတ်ဘူး'

စင်းပီလျှံက နားမရှင်းဟန်ဖြင့်—

'ဖေဖေ ဒီလို ဘာကြောင့်လုပ်သွားတယ်ဆိုတာ ကျွန်တော် ဘယ်လိုမှ သဘောမပေါက်ဘူး၊ သူဟာ နေစကြာဂိုဏ်းကို ဘာကြောင့်ပစ်သွားရတာလဲ၊ ကျွန်တော် ဖေဖေ့ကိုလိုက်ရှာပြီး မေးရမယ်'

ရှန်ကျိစင်းက ခေါင်းကိုညိတ်လိုက်ကာ....

'မင်းဖေဖေနဲ့တွေ့ရရင် လူစာလေး အကြောင်းစုံသိရမှာပေါ့'

ရှန်ကျိစင်းကပြောရင်း ရတနာဓားမြှောင်ကို စင်းပိလျံအား ပြန်လည်ပေးအပ်လိုက်၏။ ထို့နောက် ရှန်ကျိစင်းက....

'မေမေလဲ တရားဘောင်မှာပျော်မွေ့နေပြီသား၊ ရုပ်ထွေးလှတဲ့ သိုင်းလောကနဲ့ လူ့လောကကိုငြီးငွေ့စက်ဆုပ်သွားပြီ၊ မေမေ ဒီမှာပဲ တစ်သက်လုံး နေသွားတော့မယ်၊ ကိုင်း....လူကလေးလဲ သွားပေတော့'

'ကောင်းပါပြီ မေမေ၊ သား နောက်မှပဲ လာခဲ့ပါမယ်'

'အေး အေး၊ အရေးအကြောင်းရှိရင် မေမေ့ဆီကိုအချိန်မရွေး လာခဲ့ပါ သား'

ထို့နောက် စင်းပိလျံသည် မိခင်ကြီးကို ကန်တော့ကာ လေးလံသောခြေလှမ်းများဖြင့် ဖူကွမ်းဖေ့သီလရှင် ကျောင်းတော်ကြီးမှ ပြန်လည်ထွက်ခွာလာခဲ့လေတော့၏။

● ● ●

နေစကြာဂိုဏ်းသို့စင်းပိလျံ ပြန်ရောက်လာပြီး လက်ထောက်ဂိုဏ်းချုပ်ကြီး မုရှန်ကွန်း၏ လုပ်ရှားမှုများကို စောင့်ကြည့်နေလိုက်၏။ မုရှန်ကွန်းသည် လျှို့ဝှက်သိပ်သည်းစွာ ပြုမူနေထိုင်တတ်သူ တစ်ယောက် ဖြစ်ကြောင်း တွေ့လိုက်ရ၏။





မြင်းမွေးမြူရေးခြံများ၊ စိုက်ပျိုးရေးခြံများသို့ မုရှန်ကွန်းက လှည့်လည်စစ်ဆေးရန် ထွက်ခွာသွားလေ့ရှိ၏။ မုရှန်ကွန်း ကိုယ်ရံတော်ဓားသမားများရှိနေ၏။

စင်းပိလျံက ယစ်ထုပ်သိုင်းသမားကြီးနှင့် ရိကျင့်စန်းတို့အား တိုင်ပင်ကြည့်လိုက်၏။ သူတို့ဂိုဏ်းမှ သစ္စာဖောက် လူယုတ်မာကို တိတ်တဆိတ်စုံစမ်းရန်ပင် ဖြစ်၏။

စင်းပိလျံကမိခင်ကြီးပြောပြခဲ့သည့်စကားများကို ယစ်ထုပ် သိုင်းသမားကြီးအား ပြောပြလိုက်၏၊ ယစ်ထုပ် သိုင်းသမားကြီးက မျက်မှောင်ကြုတ်ကာ....

'အင်း ဒီလိုဆိုရင် နေစကြာဂိုဏ်းမှာ ရန်သူကတော့ရှိနေပြီ၊ ဘယ်သူဖြစ်နိုင်မယ်လို့ မင်းထင်သလဲ'

စင်းပိလျံက....

'ကျွန်တော်လဲ ဘယ်လိုမှ မခန့်မှန်းတတ်ဘူး၊ အချိန်ယူပြီး လေ့လာ စုံစမ်းကြည့်ရမှာပဲ'

ရိကျင့်စန်းက....

'ညဥ့်လူဆိုတဲ့သိုင်းသမားကော မဖြစ်နိုင်ဘူးလား'

'ညဥ့်လူက ဘယ်သူဘယ်ဝါဆိုတာမသိရတော့ ခန့်မှန်းရခက်နေတယ်၊ ဘာပဲဖြစ်ဖြစ် နေစကြာဂိုဏ်းထဲမှာတော့အတွင်းလူ သစ္စာဖောက်ရှိနေရမယ်'

စင်းပိလျံကပြောလိုက်ရာ ယစ်ထုပ် သိုင်းသမားကြီးက....

'နေစကြာဂိုဏ်း လက်ထောက်ဂိုဏ်းချုပ်ကြီး မုရှန်ကွန်းကို မင်း ဘယ်လိုမြင်သလဲ'

'မုရှန်ကွန်းက သွေးအေးတယ်၊ သူက ပိပိရိရိ လုပ်ဆောင်တတ်တယ်၊ သူ့ကို အထူးသတိထားမှဖြစ်မယ်'

ယစ်ထုပ်သိုင်းသမားကြီးက....

'ဒီအတွက် ဘာမှမပူနဲ့၊ ငါ့မှာ ယစ်ထုပ် အဖွဲ့ဝင်တွေ အတော်များများရှိတယ်၊ သူတို့ကို အရက်ဖိုးပေးပြီး စောင့်ကြည့်ခိုင်းထားလိုက်မယ်၊ ယစ်ထုပ်အဖွဲ့ဝင်တွေက နေရာ အနှံ့အပြားမှာ ရှိတယ်၊ မုရှန်ကွန်း ဘာပဲလုပ်လုပ်သိရမှာပဲ'

စင်းပီလျံက...

'ဦးက နေစကြာဂိုဏ်းမှာ ခဏစောင့်နေပါ၊ ကျွန်တော် ဖေဖေနဲ့ ပတ်သက်ပြီး သတင်းထွက်စုံစမ်းလိုက်ဦးမယ်၊ ကျွန်တော် အမြန်ဆုံး ပြန်လာမှာပါ'

ရီကျင့်စန်းက....

'အစ်ကို ညီမလဲ လိုက်ခဲ့မယ်၊ ဒီတစ်ခါတော့ ခေါ်သွားပါနော်'

စင်းပီလျံမှာ မတတ်သာတော့ဘဲ....

'ကိုင်း ညီမလိုက်ချင်ရင် လိုက်ခဲ့ပါ၊ ဒီမှာ ဦးလဲ့ ရှိနေတယ်'

ယစ်ထုပ်သိုင်းသမားကြီးက....

'ဟုတ်တယ် သမီး၊ သမီးလိုက်ချင်ရင် လိုက်သွားပေါ့၊ အန္တရာယ်တော့ သတိထား၊ ရန်သူက သမီးတို့ကို အမြဲတမ်း ကျားချောင်းသလို ချောင်းနေလိမ့်မယ်'

ရီကျင့်စန်းက....

'သမီးတို့ သတိထားပါ့မယ် ဖေဖေ'





ထို့နောက် စင်းပီလျံနှင့် ရီကျင့်စန်းတို့က ယစ်ထုပ်သိုင်းသမားကြီးအား အရိုအသေ ပြုလိုက်ကြ၏။ ယစ်ထုပ်သိုင်းသမားကြီးက လူငယ်နှစ်ယောက်အတွက် လှမ်းခရီး သွားယာဖြောင့်ဖြူးရန် ဆုမွန်ကောင်းများ ပေးလိုက်သည်။

ယူဆောင်စရာ ရှိသည်များကို ယူဆောင်ကာ စင်းပီလျံနှင့် ရီကျင့်စန်းတို့သည် သိုင်းလောကသို့ ထွက်ခွာလာခဲ့ကြတော့သည်။

စင်းပီလျံကို နေစကြာဂိုဏ်းချုပ်အဖြစ် သိုင်းလောကသားတိုင်းက သိကြဦးမည် မဟုတ်ပေ။

## (၁၇)

ဖခင်ကြီး စင်းပိလုံမှာ မည်သည့်အရပ်ဒေသတွင် ရောက်ရှိနေရပါသနည်း။ စင်းပိလျံနှင့် ရီကျင့်စန်းတို့သည် မြင်းကိုယ်စီဖြင့် ခရီးထွက်လာခဲ့ကြသည်။

သူတို့သည် သာယာလှပသော ကျန်းနန်းနယ်သို့ ပထမဦးဆုံး ထွက်ခွာလာခဲ့ကြ၏။ ကျန်းနန်နယ်တွင် အလွန်သာယာလှပသော စီးဝူကန်တော်မဟာ ရှိနေသည် မဟုတ်ပါလော။

စီးဝူရေကန်ကြီးကို လှည့်ပတ်ကြည့်နေခိုက် လမ်းမကြီးဘက်မှ အပြင်းနှင်လာသော မြင်းရထားများနှင့် မြင်းစီးသမားများကို တွေ့မြင်လိုက်ရသည်။

မြင်းရထားနှစ်စီးမှာ အဝါရောင် ဆေးခြယ်ထားပြီး မြင်း





စီးသမားများမှာလည်း အဝါရောင်ဝတ်စုံများ ဝတ်ဆင်ထားကာ အလံများ ကိုင်ဆောင်ထားကြ၏။

ရေကန်ကြီးအနီးမှ ရှိနေသူတစ်ယောက်က မြင်းရထားများနှင့် မြင်းစီးသမားများကို တွေ့လိုက်ရလျှင်....

'ဟာ စီးဝူကန်တော်မဟာ သခင်ကြီးနဲ့ သခင်မကြီးတို့တောင် ပြန်လာပြီပဲ'

စင်းပိလျံက ထိုသူ့ဆီသို့ လျှောက်သွားကာ....

'သူတို့က စီးဝူကန်တော်မဟာသခင်တွေလား'

ထိုသူက ခေါင်းညိတ်ရင်း....

'ဟုတ်တယ် ခင်ဗျားမသိဘူးလား၊ သူတို့ ခရီးထွက်သွားတာ အတော်ကြာပြီ'

မကြာမီ မြင်းရထားနှစ်စီးနှင့် မြင်းစီးသမားများသည် ကန်စပ်တွင် ရပ်တန့်လိုက်ကြ၏။ ရေကန်စပ်တွင် အပျော်စီးလှေကြီးတစ်စီးက အသင့်စောင့်ဆိုင်းနေသည်။

မြင်းရထားများထက်မှ အဝါရောင်ဝတ်စုံနှင့် လူကြီးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက်တို့ ဆင်းလာကာ လှေကြီးထက်သို့ တက်သွားကြသည်။

မြင်းစီးသမားများကလည်း မြင်းများထက်မှ ဆင်းကာ လှေကားကြီးထက်သို့ တက်သွားကြ၏။ မကြာမီ အပျော်စီးလှေကြီးသည် ကမ်းစပ်မှ တရွေ့ရွေ့ ထွက်ခွာသွားတော့လေသည်။

စင်းပိလျံနှင့် ရီကျင့်စန်းတို့က လှေကြီးကို ငေးမောကြည့်နေစဉ်မှာပင် အနီးသို့ လူတစ်ယောက် ရောက်ရှိလာ၏။ ထိုသူ

သည့် စာပေသမားဟန်ရှိကာ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး လက်ထဲတွင် ယပ်တောင်တစ်လက် ကိုင်ဆောင်ထားလေသည်။

ထိုသူက လှေကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

'ကန်တော်မဟာ သခင်နှစ်ယောက်ဟာ အကြံအစည်ကတော့ တကယ့်ကို ပိရိပါပေတယ်၊ သိုင်းလောကအတွက်တော့ ရင်လေးစရာပါပဲ'

ထိုသူက တစ်ယောက်တည်းပြောရင်း နေရာမှ လျင်မြန်စွာ ထွက်ခွာသွားတော့၏။ စင်းပိလျံက လိုက်မေးမည် ပြုစဉ် ရီကျင့်စန်းက အင်္ကျီစကို ဆွဲထားလိုက်ပြီး....

'မလိုက်နဲ့တော့ ဒီလူကို ကျွန်မသိတယ်၊ သူဟာ ယစ်ထုပ်အဖွဲ့ဝင်ထဲက အမှတ်စဉ် နှစ်ဆယ့်ခြောက်ပဲ'

'ဟင်'

ရီကျင့်စန်း၏ စကားကြောင့် စင်းပိလျံမှာ တအံ့တသြဖြစ်သွားရ၏။ ယစ်ထုပ်အဖွဲ့ဝင် နှစ်ဆယ့်ခြောက်သည် နေရာမှ ထွက်ခွာ ပျောက်ကွယ်သွားလေတော့၏။

စင်းပိလျံက....

'သူက ဘာကို ဆိုလိုသွားတာလဲ'

ရီကျင့်စန်းက....

'ကန်တော်မဟာသခင်နဲ့ သခင်မတို့ဟာ သိုင်းလောကကို ဖျက်ဆီးဖို့ ကြံစည်နေတယ်လို့ သတိပေးသွားတာပဲ၊ ကန်တော်မဟာ သခင်တွေ နောက်ကို ညီမတို့ လိုက်ကြည့်ရရင် မကောင်းဘူးလား'





'ဖြစ်ပါ့မလား၊ ဘာနဲ့လိုက်မှာလဲ'

'အို ကမ်းစပ်မှာ လှေတစ်စီး ငှားပြီး လိုက်သွားကြတာပေါ့၊ ညီမက လှေလှော်တတ်ပါတယ်'

ထို့နောက် သူတို့က တည်းခိုဆောင်သို့ ပြန်လာကာ ရုပ်ဖျက်ပြီး အဝတ်အစားများ လဲလှယ်ပြီး ဝတ်ဆင်လိုက်ကြ၏။ ရုပ်ဖျက်လိုက်မှုကြောင့် သူတို့သည် လှေသမား အဘိုးအိုတစ်ယောက်နှင့် အဘွားအိုတစ်ယောက်အသွင်မျိုး ပြောင်းလဲသွားရ၏။

သူတို့က လှေတစ်စင်းငှားကာ လှော်ခတ်ပြီး ထွက်လာခဲ့ကြ၏။ စီးဝူကန်တော်မဟာ သခင်ကြီးနှင့် သခင်မကြီးတို့သည် စီးဝူကန်ကြီး၏ အတွင်းပိုင်းရှိ ကျွန်းကြီးတစ်ကျွန်းထွင် နေထိုင်သူများ ဖြစ်ကြ၏။

ထိုကျွန်းမှာ အထူးစည်ကားသော မြို့ကလေး တစ်မြို့ပမာ ဖြစ်နေ၏။ ကန်တော်မဟာ သခင်များက ကျွန်း၏အလယ်တွင် စံအိမ်ကြီးတစ်လုံးနှင့် နေထိုင်လျက် ရှိကြ၏။

စင်းပိလျံနှင့်ရီကျင့်စန်းတို့မှာ ရုပ်ဖျက်ထားသဖြင့် မည်သူသူမှ အရေးမစိုက်ကြတော့ပေ။

ကျွန်းသို့ သူတို့နှစ်ယောက်ရောက်လာချိန်မှာ ဖိုးချုပ်ဆာစ အချိန်ဖြစ်၏။ ကျွန်းတစ်ကျွန်းလုံး မီးရောင်များနှင့် လင်းထိန်နေကာ တီးမှုတ်သံများကိုပင် ကြားနေရ၏။

'ကျွန်းမှာ ပွဲတော်ရှိပုံ ရတယ်၊ ဒါဟာ အခွင့်ကောင်းပဲ၊ သူတို့က ပွဲတော်ကို အာရုံစိုက်နေတုန်း စံအိမ်ဝင်းထဲ ဝင်ကြည့်ရမယ်'

ရီကျင့်စန်းက ပြောလိုက်၏။ သူတို့က လှေကို လှေဆိပ်တွင် ကြိုးနှင့် ချည်ထားလိုက်ကာ ကျွန်းပေါ်သို့ တက်လာခဲ့ကြ၏။

'ဟိတ် ဟိုအဘိုးကြီးနဲ့ အတွားကြီး၊ ဘယ်သွားမလို့လဲ'

ရုတ်တရက် လှေဆိပ်တွင် အဝါရောင်ဝတ်စုံနှင့်သိုင်းသမား သုံးယောက် ထွက်ပေါ်လာကာ အော်ငေါက် မေးမြန်းလိုက်၏။ သုံးယောက်စလုံး အရက်များ မူးနေကြဟန်နှင့် ဒယီးဒယိုင်ဖြစ်နေကြ၏။

စင်းပိလျံက အဘိုးအို လေသံမျိုးဖြင့်...

'ကျုပ်တို့က ပွဲတော်ကို လာတာပါ၊ ပွဲကြည့်ချင်လို့ပါ'

'မရဘူး၊ ပြန် ပြန်'

'မလုပ်ပါနဲ့ကွယ်၊ ဒီတစ်ညတော့ ကြည့်ပါရစေ၊ ကျုပ်တို့က တကူးတက လှေနဲ့ လာခဲ့ကြရတာပါ'

စင်းပိလျံက ပြောရင်း အမူးသမား သုံးယောက်ကို ငွေတုံးအလေးများ ပေးလိုက်တော့မှ အမူးသမား သုံးယောက်မှာ နေရာမှ ဒယီးဒယိုင် ထွက်ခွာသွားကြတော့၏။

ထို့နောက် နှစ်ယောက်သား ပွဲတော်ကျင်းပရာ နေရာဆီသို့ လျှောက်လာခဲ့ကြ၏။ တီးမှုတ်သံများ၊ ဆာခုန်သံများမှာ ဆူညံလျက် ရှိနေ၏။

သူတို့က ပွဲတော်တွင် ခဏမျှ ရပ်ကြည့်နေကြပြီးနောက် ကျွန်းအလယ်ခေါင်ရှိ ကန်တော်သခင်၏ စံအိမ်ဆီသို့ တိတ်တဆိတ် ထွက်ခွာလာခဲ့ကြ၏။ သူတို့ ထွက်လာချိန်တွင် အတော်ကလေး ညဉ့်နက်နေပြီဖြစ်၏။





စံအိမ်ပတ်ပတ်လည်တွင် ကင်းသမားများစောင့်ကြပ်နေကြသည်ကို တွေ့မြင်လိုက်ရ၏။ အစောင့်များ ထူထပ်စွာ ချထားသဖြင့် အတွင်းတွင် အရေးကြီး ပြဿနာတစ်ရပ် ရှိနေပြီကို စင်းပိလျံ နှင့် ရီကျင့်စန်းတို့က ရိပ်စားမိလိုက်ကြ၏။

ခြံဝင်းပတ်ပတ်လည်တွင် မြင့်မားသော အုတ်တံတိုင်းကြီး ကာရံထား၏။

စင်းပိလျံနှင့်ရီကျင့်စန်းတို့က ကိုယ်ဖော့ပညာဖြင့် အစောင့်များကြားမှ ထိုးဖောက်တွက်ကာ အုတ်တံတိုင်းကို ကျော်ဖြတ်သွားကြ၏။

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

နှစ်ယောက်သား လေထဲသို့ ထိုးတက်ကာ အုတ်တံတိုင်းကို ကျော်ဖြတ်သွားကြ၏။ အုတ်တံတိုင်းအနီးမှ အစောင့်များမှာ သူတို့နှစ်ယောက်ကို ညဉ့်ငှက်များ ပျံသန်းသွားသည်ဟုသာ ထင်မှတ်မိလိုက်ကြ၏။

စင်းပိလျံနှင့် ရီကျင့်စန်းတို့က ခြံဝင်းကြီးအတွင်း ကျရောက်သွားကြ၏။ စံအိမ်ကြီးမှာ မီးရောင်များလင်းလက်လျက်ရှိနေ၏။ သူတို့က အမှောင်ရိပ်ခိုကာ စံအိမ်ကြီးအနီး ပြေးတပ်လာကြ၏။

'ဝှစ်'

နှစ်ယောက်သား ထိပ်တန်းကိုယ်ဖော့ပညာသုံးကာ အပေါ်ထပ် ဝရန်တာသို့ လွှားတက်လိုက်ကြ၏။ ထို့နောက် တံစက်

မြို့တော်တွင် ကိုယ်ကို လင်းနို့သဖွယ် ချိတ်ဆွဲကာ အတွင်းသို့ ချောင်းကြည့်လိုက်ကြ၏။

ခန်းမဆောင်ကြီး အတွင်းတွင် ကန်တော်မဟာသခင်ကြီး၊ သခင်မကြီးနှင့်အတူ အဘိုးအို သုံးယောက်တို့ ရှိနေကြလေသည်။

သူတို့ပြောဆိုနေသော စကားများမှာ အလွန်တိုးညင်လှသည် ဖြစ်ရာ စင်းဖိလျှံနှင့် ရီကျင့်စန်းတို့က ထိပ်တန်းအတွင်းအားဖြင့် နားစွင့်ထောင်ကြည့်လိုက်ကြ၏။

ကန်တော်သခင်ကြီးက အဘိုးအိုတစ်ယောက်အား....

'ဆရာရှဲ့ရဲ့ အစွမ်းကတော့ ဒီတစ်ခါ အံ့မခန်းလောက်စရာပါပဲ၊ ဒီပစ္စည်းနဲ့ဆိုရင် သိုင်းလောကမှာ ကျုပ်ကို ဘယ်သူမှ ယှဉ်နိုင်တော့မှာ မဟုတ်ဘူး ဟဲ ဟဲ ဟဲ'

ဆရာရှဲ့ဆိုသည့် အဘိုးအိုက စားပွဲပေါ်မှ လေးထောင့်သဏ္ဌာန် သေတ္တာတစ်လုံးကို ညွှန်ပြလိုက်ပြီး....

'ဒီ စကြာလက်နက်ဆန်းဟာ သိုင်းလောကမှာ ဘယ်သူမှ မမြင်ဖူးသေးတဲ့ လက်နက်ဆန်းပဲ၊ သခင်ကြီးကို ဘယ်သူမှယှဉ်နိုင်မှာ မဟုတ်တော့ပါဘူး'

ကန်တော်သခင်ကြီးက တဟားဟား ရယ်မောလိုက်ကာ...

'ဟား ဟား ဟား ဒါကြောင့်လဲ ဆရာရှဲ့ကို ကျုပ်က အားကိုးနေရတာပဲ၊ ဒီအတိုင်းဆို မကြာခင်မှာ သိုင်းလောကတစ်ခုလုံး ကျုပ်ခြေဖဝါး လွှမ်းမိုးနိုင်တော့မယ်၊ ဒီလက်နက်နဲ့ သိုင်းလောကကြီးကိုခြိမ်းခြောက်ရမယ်၊ အနိုင်ယူရမယ်'





ကန်တော်သခင်ကြီး၏စကားကို ကြားလိုက်ရလျှင် စင်းဖိလျှံနှင့် ရီကျင့်စန်းတို့မှာ တအံ့တသြဖြစ်သွားကြရ၏၊

စားပွဲပေါ်မှတင်ထားသော သေတ္တာထဲတွင် မည်သို့သော ကြောက်စရာကောင်းလှသည့် လက်နက်မျိုး ထည့်ထားပါလေသနည်း။

ဆရာရှဲ့ဆိုသော အဘိုးအိုသည် လက်နက်ပုန်းတီထွင်သော အဘိုးအိုပင် ဖြစ်ရပေမည်။ ကျန်အဘိုးအိုနှစ်ယောက်သည် မည်သူများ ဖြစ်ကြပါသနည်း။

ကန်တော်သခင်ကြီးနှင့် သခင်မကြီးတို့က သေတ္တာကို စူးစိုက်ကြည့်နေကြ၏၊ ဆရာရှဲ့ဆိုသည့် အဘိုးအိုက သေတ္တာအဖုံးကိုဖွင့်လိုက်ပြီး အတွင်းမှ ပန်းကန်ပြားသဏ္ဌာန် ခပ်ဝိုင်းဝိုင်း အရာဝတ္ထုကိုထုတ်ယူလိုက်၏။

လက်နက်ပုန်းတစ်မျိုးပင်ဖြစ်၏။

'ချောက်'

'ဖြောင်း'

ဆရာရှဲ့ဆိုသည့်အဘိုးအိုက လက်ကိုင်ကိုဆွဲလိုက်ရာ အဝိုင်းသဏ္ဌာန်အရာ ပတ်ပတ်လည်တွင် ချွန်ထက်သောဓားသွားများ ပေါ်ထွက်လာကြ၏။ ဆရာရှဲ့က စကြာလက်နက်ဆန်းကို လေထဲသို့ ပစ်လွှတ်လိုက်၏။

'ဝှိုး'

စကြာလက်နက်ဆန်းက လေထဲတွင်တစ်ပတ် ပျံဝဲသွားပြီး ဓားသွားများအာ ကြောက်ခမန်းလိလိ လည်ပတ်လျက်ရှိနေကြ

သည်။ စကြာလှက်နက်ဆန်းက လေထဲတွင်တစ်ပတ် ပျံဝဲသွား ပြီးနောက် ဆရာ့ရှဲထံသို့ပြန်ရောက်လာ၏။

'ဝှစ်'

ဆရာရှဲက စကြာလက်နက်ဆန်းကို ဖမ်းယူထားလိုက်၏။ လက်ထဲမှာပင် ခေါးသွားများက လည်ပတ်လျက် ရှိနေလေသည်။

'ချောက်'

'ဖြောင်း'

ဆရာရှဲက လက်ကိုင်ကိုဆွဲလိုက်ရာ ခေါးသွားများမှာ ရုပ်တန့်သွားကာ အတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြ၏။ ထို့နောက် ဆရာရှဲက စကြာလက်နက်ဆန်းကို ကန်တော်မဟာ သခင်ကြီးလက်သို့ ပေးအပ်လိုက်၏။

'ဝှီး'

ကန်တော်မဟာ သခင်ကြီးက စကြာ လက်နက်ဆန်းကို ကျောက်ရုပ်တစ်ရုပ်ဆီသို့ ပစ်လွှတ်လိုက်၏။

'ထန်း'

'ဒေါက်'

စကြာလက်နက်ဆန်းသည် ကျောက်ရုပ်၏ခေါင်းကိုတိခနဲဖြတ်ပစ်ကာ နောက်ကြောင်းသို့ ပြန်လှည့်လာ၏။ ကျောက်ရုပ်၏ခေါင်းမှာ အောက်သို့ဒုန်းခနဲပြုတ်ကျသွားရ၏။

စကြာလက်နက်ဆန်းကို ကန်တော်မဟာသခင်ကြီးက ပြန်လည် ဖမ်းယူလိုက်ကာ အလွန် ကျေနပ်အားရစွာဖြင့်....





'ဟား ဟား ဟား တယ်လဲအစွမ်းထက်တဲ့ လက်နက်ပါပဲလား၊ ဒီလက်နက်မျိုးရတာ ကျုပ် အတွက် အတော့်ကို ကံကောင်းတာပဲ၊ ဆရာရှဲကို ထိုက်ထိုက်တန်တန် ချီးမြှင့်ရမယ်'

ကန်တော်မဟာသခင်ကြီးက ပြောပြောဆိုဆို ဆရာရှဲအား ငွေသေတ္တာတစ်လုံး ပေးအပ်လိုက်၏။ ငွေသေတ္တာကို တွေ့မြင်လိုက်ရသည်နှင့် ဆရာရှဲမှာ အလွန် ဝမ်းမြောက်သွားရကာ....

'အို ကျေးဇူးတင်ပါတယ်သခင်ကြီး၊ သခင်ကြီး ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး'

ကန်တော်မဟာ သခင်ကြီးက....

'ဆရာရှဲ၊ ဒီထက်ကောင်းတဲ့ လက်နက်ဆန်းမျိုး တီထွင်ပေးပါဦး၊ ကျုပ်က အခုငွေထက် နှစ်ဆတိုးပေးပါမယ်'

ဆရာရှဲက....

'စိတ်ချ ကျွန်တော် ဒီထက်ကောင်းတဲ့ လက်နက်ဆန်း နောက်ထပ် တီထွင်ပေးပါဦးမယ်၊ တီထွင်ပြီးတာနဲ့ ယူဆောင်လာခဲ့ပါ့မယ်'

'မြန်မြန်သာ တီထွင်ပေးပါ၊ ကျုပ်က ထိုက်တန်အောင် ချီးမြှင့်ပေးပါ့မယ်'

ထို့နောက် ဆရာရှဲအပါအဝင် အဘိုးအိုသုံးယောက်တို့သည် ခန်းမဆောင်ကြီးအတွင်းမှ ထွက်ခွာသွားကြတော့လေသည်။

စင်းပိလျံနှင့် ရီကျင့်စန်းတို့က ဆရာရှဲဆိုသည့် အဘိုးအိုနောက်သို့ နောက်ယောင်ခံ လိုက်ခဲ့ကြ၏။ ဆရာရှဲမှာ ကျွန်း၏

အနောက်ဘက်ရှိ ခြံဝင်းတစ်ခုအတွင်းတွင် နေထိုင်သူဖြစ်လေသည်။

ခြံဝင်းအတွင်း အိမ်ကလေးတစ်လုံးက ရှိနေ၏။ အိမ်နောက်ဘက်တွင် ရှည်မျောမျော တဲကြီးတစ်လုံးက ရှိနေသေးသည်။

ဆရာရှဲက အိမ်တွင် တစ်ယောက်တည်း နေထိုင်သူဖြစ်၏။ သူက အိမ်အတွင်း ဝင်ရောက်လာခဲ့၏။ မီးအိမ်ကို ထွန်းညှိလိုက်သည်နှင့် သူ့နောက်သို့ လူရိပ်နှစ်ရိပ် ရောက်လာသည်ကို သတိထားမိလိုက်သည်။

'ဟင်'

ဆရာရှဲမှာ မျက်နှာဖုံးစွပ်နှစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရသောကြောင့် ထိတ်လန့်ချောက်ချားသွားမိ၏။ မျက်နှာဖုံးစွပ်တစ်ယောက်က ဆရာရှဲအား ဓားနှင့် ထောက်ထားလိုက်ပြီး....

'အဘိုးကြီး အော်မယ်မကြံနဲ့ ဟောဒီမှာ ဓားတွေ့လား'

'မင်း မင်းတို့ ဘာလိုချင်ကြလို့လဲ၊ ကျုပ် ကျုပ်မှာ ဘာမှ မရှိပါဘူး'

မျက်နှာဖုံးစွပ်တစ်ယောက်က ဟက်ခနဲ ရယ်မောလိုက်ကာ...

'ခင်ဗျားမှာ ဘာမရှိရမှာလဲ၊ ခင်ဗျားလက်ထဲက သေတ္တာဟာ ငွေသေတ္တာမဟုတ်လား'

'ငွေသေတ္တာ မဟုတ်ပါဘူးကွယ်၊ အထဲမှာ ဘာမှ မရှိပါဘူး'

'ငွေတွေရှိရင် ကျုပ်တို့ ယူရမလား'





ဆရာရှဲမှာ ပါးစပ်ပိတ်သွားရတော့၏။ ဝတ်စုံနက်တစ်ယောက်က ဆရာရှဲအား ဓားနှင့် ထောက်ထားရင်း....

'ကျုပ်တို့က ဓားပြတွေ မဟုတ်ဘူး၊ ခင်ဗျားဆီက ငွေတွေ ဓားပြတိုက်ဖို့ လာတာမဟုတ်ဘူး'

'ဟင်'

ဆရာရှဲမှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရကာ....

'မင်း မင်းတို့ ဘာလိုချင်လို့လဲ'

'စကြာလက်နက်ဆန်း'

'ဘာ စကြာလက်နက်ဆန်း ဟုတ်လား'

'ဟုတ်တယ်'

'စကြာလက်နက်ဆန်းဆိုတာ ကျုပ် တစ်ခါမှ မကြားဖူးပါဘူး၊ ကျုပ်ဆီမှာလည်း မရှိပါဘူး'

'ခင်ဗျား လိမ်ညာပြောဖို့ စိတ်မကူးနဲ့၊ စောစောတာပဲ စကြာလက်နက်ဆန်းကို ခင်ဗျား ကန်တော်မဟာ သခင်ကြီးဆီ သွားပေးလိုက်ပြီ မဟုတ်လား'

'မင်း မင်းတို့ ဒါတွေ ဘယ်လိုသိနေကြတာလဲ'

'ကျုပ်တို့ မျက်စိနဲ့ တပ်အပ်မြင်ရတာပဲ၊ ခင်ဗျား ဖုံးကွယ်ထားဦးမလို့လား၊ ကောင်းပြီ၊ ခင်ဗျား ဆက်ပြီး လိမ်ညာနေမယ်ဆိုရင်တော့ ကျုပ်တို့က မညှာနေနိုင်တော့ဘူး'

'မ မလုပ်ပါနဲ့ မင်းတို့က ဘာသိချင်လို့'

'စကြာလက်နက်ဆန်းရဲ့ လျှို့ဝှက်ချက်ပဲ၊ စကြာလက်နက်ဆန်းဟာ လေထဲမှာ ပျံဝဲသွားတယ် မဟုတ်လား၊ သူ့ကစက်

ယန္တရားနဲ့ ပြုလုပ်ထားတာပဲ၊ သူ့မှာ အားနည်းချက်တော့ ရှိနေရမယ်၊ စကြာလက်နက်ဆန်းရဲ့ အဓိက ပျော့ကွက်က ဘာလဲ'

'ကျုပ် ကျုပ်မသိပါဘူး'

'ဘာမသိရမလဲ၊ ခင်ဗျား တီထွင်ပြုလုပ်ထားတာ မဟုတ်လား၊ ကိုင်း'

ဝတ်စုံနက် မျက်နှာဖုံးစွပ်က ပြောပြောဆိုဆို ဓားဖျားဖြင့် အသာဆွဲပေးလိုက်ရာ ဆရာရှဲ၏ လည်ပင်းမှ သွေးများ စို့ထွက်လာရ၏။

ဆရာရှဲမှာ ထိတ်လန့်ချောက်ချားသွားရကာ....

'အား ကျုပ် ကျုပ်ပြောပြပါ့မယ်၊ ပြောပြပါ့မယ်'

'ကိုင်း ပြောစမ်း'

'စကြာလက်နက်ဆန်းမှာ ဓားသွားတွေ လည်ပတ်နေတာ တွေ့တယ် မဟုတ်လား၊ ဒီဓားသွားတွေကို အထဲကနေ စက်ခလုတ်တွေနဲ့ ထိန်းချုပ်ထားတာယ်၊ ဓားသွားတွေကြားမှာ တစ်စုံတစ်ခု ညှပ်သွားမိလို့ရှိရင် အထဲက စက်ယန္တရားတွေဟာ သူ့အလိုအလျောက် ရပ်ဆိုင်း သွားလိမ့်မယ်၊ ဒါက စကြာလက်နက်ဆန်းရဲ့ အားနည်းချက်ပဲ'

'ခင်ဗျားပြောတာ အမှန်တွေပဲလား'

'အမှန်တွေပါပဲ'

'ကောင်းပြီ၊ ခင်ဗျား လိမ်ညာ ပြောရင်တော့ ခင်ဗျားခေါင်းကို ကျုပ်ကိုယ်တိုင် လာဖြတ်မယ်၊ ကိုင်း ကျုပ်တို့ သွားမယ်'





'ဝှစ် ဝှစ် ဝှစ်'

'ဖလပ် ဖလပ် ဖလပ်'

အဝတ်လေတိုးသံများ ကြားလိုက်ရပြီးနောက် မျက်နှာဖုံးစွပ် နှစ်ယောက်မှာလည်း လေတိုက်ခတ်သလို ပျောက်ကွယ်သွားကြတော့၏။ ဆရာရှဲက နောက်သို့ လှည့်ကြည့်လိုက်ရာ တစ်ယောက်မှ မတွေ့ရတော့ပေ။

ဆရာရှဲက ခေါင်းကုတ်လိုက်ကာ....

'အင်း ဒီအကြောင်းသာ ကန်တော်မဟာ သခင်ကြီး သိသွားရင် ငါ့ကို သတ်တော့မှာ အမှန်ပဲ၊ ငါလဲ ဒီနေရာကနေ အမြန်ဆုံးပြေးမှဖြစ်တော့မယ်'

ဆရာရှဲသည် ထိတ်လန့်စွာ ရေရွတ် လိုက်ပြီးနောက် ငွေသေတ္တာနှင့် ယူဆောင်စရာ ရှိသည်များကို ယူဆောင်ကာ ညတွင်းချင်းပင် ကျွန်းမှ ထွက်ခွာသွားတော့၏။

● ● ●

ဝတ်စုံနက်နှစ်ယောက်တို့သည်ကား စင်းပိလျံနှင့် ရိကျင့်စန်းတို့ပင် ဖြစ်၏။ သူတို့က ဆရာရှဲနေ ရာကိုသို့ နောက်ယောင်ခံလိုက်ကာ စကြာလက်နက်ပျံ၏ အားနည်းချက်ကိုသိရှိရန် ကြိုးစားခဲ့ကြခြင်းပင် ဖြစ်၏။

ယခု သူတို့က စကြာလက်နက်ပျံ၏ အားနည်းချက်ကို သိရှိခဲ့ကြရလေပြီ။ စကြာလက်နက်ပျံ၏ အားနည်းချက်ကို သိရှိရပြီ ဖြစ်လေရာ ကန်တော်မဟာသခင်ကို ကြောက်စရာ မလိုတော့ပေ။

ကန်တော်မဟာသခင်၏ ခြေလှမ်းများကို စောင့်ကြည့်ရမည် ဖြစ်ပေ၏။ နောက်သုံးရက်မျှအကြာတွင် သိုင်းလောက၌ စကြာသက်နက်ဆန်း၏ တိုက်ခိုက်မှုများကြောင့် အဖြူရောင် သိုင်းဂိုဏ်းကြီးများမှ ထိပ်သီး ပုဂ္ဂိုလ်ကြီးများ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးကုန်ကြရ၏။

ထိုကျဆုံးသူများထဲတွင် သမာဓိဓားသခင် လင်ကျိရောင်၊ ခြသေ့ပျံသိုင်းဆရာကြီး အူစင်လုံး၊ စင်ဝှာတောင် ရသေ့ကြီး ကောက်ကျင်းစသော အဖြူရောင်သိုင်းပညာရှင်ကြီးများ ပါဝင်ကြ၏။

ထိုလက်ချက်မှာ ကန်တော်မဟာသခင်၏ လက်ချက်မှန်း သိသဖြင့် စင်းပိလျှံနှင့် ရိကျင့်စန်းတို့သည် ကန်တော် မဟာသခင်ကို စိန်ခေါ်လိုက်ကြလေတော့၏။

● ● ●

လေပြင်းသည် တဟူးဟူး တိုက်ခတ်လျက် ရှိနေ၏။

လေပြင်း တိုက်ခတ်မှုကြောင့် မြက်ရိုင်းပင်ကြီးများမှာ ယိမ်းထိုးလှုပ်ခါလျက် ရှိနေကြ၏။ မြေကွက်လပ်ကျယ်ကြီး၏ တစ်ဖက်ထိပ်တွင် စင်းပိလျှံက ရပ်နေသလို တစ်ဖက်ထိပ်တွင် ကန်တော်မဟာသခင်ကြီး အိုယန်ဖုန့်က ရပ်လျက်ရှိနေ၏။

ကန်တော်မဟာ သခင်ကြီးက စင်းပိလျှံကို စူးစိုက်ကြည့်လိုက်ပြီး....

'ငါ့ကို စိန်ခေါ်လိုက်တဲ့ နေစကြာဂိုဏ်းချုပ် စင်းပိလျှံ ဆိုတာ မင်းလား'

'ဟုတ်တယ်'





'မင်းကြည့်ရတာ နို့နံ့တောင် မစင်သေးဘူး၊ မင်းက ငါ့ကို စိန်ခေါ်ဝံ့တယ်၊ ကိုင်း အချိန်မီသေးတယ်၊ မင်း စိတ်ကူးပြောင်းပြီး ငါ့လက်အောက်မှာ အမှုတော် ထမ်းလိုက်ပါ၊ မင်းကို ငါ ဂိုဏ်းချုပ်နေရာတစ်နေရာ ပေးလိုက်မယ်၊ မကြာခင်မှာ သိုင်းလောကတစ်ခုလုံး ငါ့လက်အောက် ရောက်လာတော့မှာပါ'

စင်းပိလျှံက အေးစက်စက်လေသံဖြင့်....

'ကျုပ်က တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ အဖြူရောင်သိုင်းသမားတစ်ယောက်ပဲ၊ ခင်ဗျားလို ဒုစရိုက်သိုင်းသမားနဲ့ ပူးပေါင်းလို့ ဘယ်ဖြစ်ပါ့မလဲ၊ ခင်ဗျားကို အခု ချေမှုန်းပစ်ဖို့ ကျုပ်က စိန်ခေါ်လိုက်တာပဲ'

ကန်တော် မဟာသခင်ကြီး အိုယန်ဖုန့်က ဟင့်ခနဲ ပြက်ရယ်ပြုလိုက်တာ...

'ကောင်းပြီလေ၊ မင်းက သေချင်နေပြီဆိုတော့ ငါက မင်းဆန္ဒကို ဖြည့်စွမ်း ပေးရတော့မှာပေါ့၊ ကိုင်း ငါ့ရဲ့ စကြာလက်နက်ကိုသာ ရှောင်ပေတော့'

'ဖြောင်း'

စကားဆုံးသည်နှင့် ကန်တော်မဟာသခင်က စကြာလက်နက်ကို ထုတ်ယူလိုက်ပြီး လက်ကိုင်ကိုဆွဲလိုက်ရာ ဓားသွားများက ထွက်ပေါ်လာပြီး တဝှီးဝှီး လည်သွားလေတော့၏။

ကန်တော် မဟာသခင်က စကြာလက်နက်ကို သဘောကျစွာ ကြည့်ရင်း တဟဲဟဲ ရယ်မောလိုက်ကာ–

'ဟဲဟဲဟဲ…ဒီစကြာလက်နက် အင်မတန်မှ အစွမ်းထက်တဲ့ လက်နက်ပဲ၊ ဒီလက်နက်နဲ့ ငါ့ကို အာခံတဲ့လူတွေကို သုတ်သင်ပြီးခဲ့ပြီ၊ မင်းကလဲ ငါ့ကို အာခံနေတယ်ဆိုတော့ သုတ်သင်ပစ်ရတော့မှာပဲ'

စင်းပိလျှံက ဟက်ခနဲ ရယ်မောလိုက်ကာ–

'စက်ယန္တရား လက်နက်ဆိုတာ ပျော့ကွက် ဟာကွက်ဆိုတာ ရှိစမြဲပဲ၊ ဒီပျော့ကွက် ဟာကွက်ကို သိထားတဲ့ ကျုပ်အဖို့ကတော့ ခင်ဗျားရဲ့ စက်ကြာလက်နက်ကို လုံးဝ အရေးမစိုက်ပါဘူး'

'ဟင်'

ကန်တော် မဟာသခင်သည် အံ့ဩထိပ်လန့်သွားရကာ…

'ဘာ အားနည်းချက် ဟုတ်လား၊ ငါ့ရဲ့ စကြာလက်နက်ပျံမှာ ဘာအားနည်းချက်တွေ ရှိလို့လဲ'

'ရှိတာပေါ့ဗျာ၊ ရှိလို့ ကျုပ်က မကြောက်တာပေါ့၊ ခင်ဗျားရဲ့ စကြာလက်နက်ပျံကို အပိုင်းပိုင်း ဖြတ်ပစ်မယ်'

'ယား'

'ဝှီး'

စင်းပိလျှံ၏ စကားမဆုံးခင်မှာပင် ထန်တော် မဟာသခင်က စကြာလက်နက်ကို ဝှီးခနဲ ပစ်လွှတ်လိုက်၏၊

'ဝှီး…ဝှီး…ဝှီး…ဝှီး'





စကြာလက်နက်က ခေါ်မျှား အဆက်မပြတ် လည်ပတ်ကာ စင်းပိလျှံထံသို့ တစ်ဟုန်ထိုး ဝဲပျံဝင်ရောက်လာ၏။ စင်းပိလျှံက ကိုယ်ကို လျင်မြန်စွာ ဝပ်ချလိုက်ရာ စကြာလက်နက်ဆန်းက သူ့ကိုယ်ပေါ်မှ ရှပ်ကာ ပြေးထွက်သွား၏။

'ဝှစ်…ဝှစ်…ဝှစ်…ဝှစ်'

စကြာလက်နက်က လေထဲမှာပင် တစ်ပတ်ဝဲပျံကာ စင်းပိလျှံထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာပြန်၏။

'ယား'

စင်းပိလျှံက အထက်သို့ လွှားတက်ကာ ခုန်ပျံ ရှောင်တိမ်းပေးလိုက်၏။ စကြာလက်နက်က သူ့အောက်မှ ဝှီးခနဲ မြည်ဟည်းကာ ဖြတ်သန်း ပြေးထွက်သွား၏။

'ဟား ဟား ဟား ဟား ဟား'

ကန်တော် မဟာသခင်က စကြာလက်နက်ကို ပြန်လည်ဖမ်းယူကာ အလူးအလဲ ရှောင်တိမ်းပေးနေရသည့် စင်းပိလျှံကို ကြည့်ရင်း တဟားဟား ရယ်မောလိုက်၏။ ပြီးမှ…

'ကိုင်း…ဒီတစ်ခါတော့ မင်း ဘယ်လိုမှ ရှောင်လို့ မလွတ်တော့ပါဘူး၊ စကြာလက်နက်က ရှောင်တဲ့ဘက်ကို ပြေးပြီး တိုက်ခိုက်လိမ့်မယ်၊ ရေပြည်ကို သွားပေတော့'

'ယား'

'ဝှစ်'

စကားဆုံးသည်နှင့် ကန်တော် မဟာသခင်က စကြာလက်နက်ဆန်းကို စင်းပိုလျှံထံသို့ တစ်ဟုန်ထိုး ပစ်လွှတ်လိုက်တော့

၏။ ယခုတစ်ကြိမ်တွင် စကြာလက်နက်ဆန်းမှာ ယခင် အကြိမ်ကထက် ပိုမို မြန်ဆန်လာ၏။

စင်းပီလျံက ခုန်ပျံ ရှောင်တိမ်းပေးလိုက်ရာ စကြာလက်နက်က ခုန်ပျံရှောင်တိမ်းပေးသည့် ဘက်သို့ တစ်ဟုန်ထိုး လိုက်ပါလာ၏။

'ဝှီး....ဝှီး....ဝှီး....ဝှီး'

ရုတ်တရက် စင်းပီလျံက ဓါးစည်းကြိုးကို တစ်ဟုန်ထိုး ဝင်ရောက်လာသည့် စကြာလက်နက်ဆီသို့ ပစ်လွှတ်လိုက်၏။ ဓါးစည်းကြိုးကို စကြာလက်နက်ဆန်းက တဟူးဟူး ရစ်ပတ်လိုက်၏။

ဓားသွားများ အကြားတွင် ဓါးစည်းကြိုးက ညှပ်သွားသလို စက်ခလုတ် အတွင်းသို့လည်း ဓါးစည်းကြိုး အစတစ်စက ဝင်ရောက်သွား၏။

'ဂျစ်....ဂျစ်....ဂျစ်....ဂျစ်'

'ချလွမ်'

'ဒုန်း'

စကြာလက်နက်ပျံမှာ တဂျစ်ဂျစ် အသံများ ထွက်ပေါ်လာပြီး စက်ခလုတ် တစ်ခု ပြုတ်ထွက်ကာ မြေပေါ်သို့ ပြုတ်ကျ လိမ့်ဆင်း ထွက်သွားရ၏။

'ဟင်'

မြေပေါ်တွင် ကျောက်ခဲတစ်ခဲ ပမာ လိမ့်ဆင်းထွက်သွားသော စကြာလက်နက်ဆန်းကို ကြည့်၍ ကန်တော် မဟာသခင်မှာ အကြီးအကျယ် ထိတ်လန့်ချောက်ချားသွားရ၏။





သူအလွန်အားကိုးသော စက်ယန္တရား ဓားပျံ သို့မဟုတ် စကြာလက်နက်ဆန်းသည် စင်းပီလျံ၏ လက်ချက်ကြောင့် ကြွေကျ မြေခ သွားရရှာလေပြီ။ သူက ဤလက်နက်ကို အလွန် အားကိုးနေသည် မဟုတ်ပါလော။

'မင်း....မင်း'

'ဟား ဟား ဟား.... အခုတော့ ခင်ဗျား ဘာလုပ်နိုင်သေးသလဲ၊ စကြာလက်နက် မဆိုထားနဲ့ ဘယ်လက်နက်မဆို ပျော့ကွက် ဟာကွက်က ရှိစမြဲပဲ၊ စက်ယန္တရား လက်နက်ဆိုတာ ပိုပြီး အားနည်းချက် ရှိတာပေါ့၊ ခင်ဗျား ဆောဆော ဆေးဆေး အညံ့ခံပေတော့'

'ငါက ဘယ်တော့မှ အညံ့ မခံဘူးကွ၊ မင်းကို ငါ့ဓားနဲ့ အပိုင်းပိုင်း ဖြတ်တောက်ပစ်ရမယ်'

ကန်တော်မဟာသခင်က စကားဆုံးသည်နှင့် ဓားတစ်လက် ရှမ်းခနဲ ဆွဲထုတ်ပစ်လိုက်၏။ ဓားရောင်မှာ ဝင်းလက်တောက်ပသွားရသည်။

စင်းပီလျံက ဟက်ခနဲ ရယ်မောလိုက်ကာ....

'ရာဇဝတ်ဓားဆိုတာ ပြေးမလွတ်သလို၊ အမှန်တရားဆိုတာဟာ ကြာရှည် ဖုံးကွယ်ထားလို့ မရပါဘူး၊ ခင်ဗျားဟာ တစ်ချိန်က ကျားတောင်တန်းမှာ ဓားပြဂိုဏ်းကြီးတွေကို ခေါင်းဆောင်ခဲ့တဲ့ ကျားရာဇာ ဓားသမား မဟုတ်လား'

'ဟား ဟား ဟား....သိပ်မှန်တာပေါ့၊ ဒါတွေ မင်း ဘယ်လိုသိလာရတာလဲကွ'

'ခင်ဗျားနဲ့ ပတ်သက်ပြီး မသက်သာလို့ စုံစမ်းကြည့်တော့ အဖြေထွက်လာတာပါပဲ၊ ခင်ဗျားက သူတော်ကောင်းဟန် ဆောင်နေတဲ့ လူယုတ်မာကြီး တစ်ယောက်ပဲ၊ ဒီတော့ ခင်ဗျားကို ကောင်းကောင်းကြီး ဆုံးမပေးလိုက်ရမယ်'

ကန်တော်မဟာသခင်က အံကြိတ်လိုက်ရင်း....

'ညာဏ်ကောင်းတဲ့ လူတွေဟာ သက်ဆိုးရှည်လေ့ မရှိဘူး ကွ၊ ကိုင်း သေပေတော့'

'ယား'

'ဟိုင်း'

စကားဆုံးသည်နှင့် ကန်တော်မဟာသခင်က စင်းပိလျံထံသို့ လူရောဓားပါ လွှားဝင်တိုက်ခိုက်ပစ်လိုက်၏။ ကန်တော်မဟာသခင်၏ ဓားချက်မှာ ကြယ်ကြွေကျသည့်အလား ဝင်းလက်တောက်ပသွား၏။

စင်းပိလျံက ကန်တော်မဟာသခင်၏ ဓားချက်ကို သူ့ဓားဖြင့် ခတ်ထုတ်ပစ်လိုက်ပြီး လေထဲသို့ လွှားတက်ကာ ခြေထောက်ဖြင့် ကန်ပစ်လိုက်သည်။

'ဝှစ်'

'ယား'

ကန်တော်မဟာသခင်က စင်းပိလျံ၏ ခြေကန်ချက်ကို အမြန်ဆုံး ရှောင်တိမ်းပေးလိုက်ကာ ဓားဖြင့် ဝေ့ယမ်းတိုက်ခိုက်ပစ်လိုက်၏။

'ထန်း'





စင်းပိလျံ၏ ဝမ်းဗိုက်ဆီသို့ တစ်ဟုန်ထိုး ဝင်ရောက်လာသည့် ဓားချက်ကို သူ့ဓားဖြင့် ကန့်လန့်ဖြတ် ကာကွယ်ပေးလိုက်ရသည်။

ဓားနှစ်လက်မှာ ထန်းခနဲ မြည်ဟည်းကာ မီးများ ပွင့်ထွက်သွားရ၏။ ကန်တော်မဟာသခင်က ဒေါသတကြီးနှင့် ပြင်းထန်စွာ တိုက်ခိုက်နေခြင်းပင် ဖြစ်သည်။

စင်းပိလျံက နဂါးမြွေလူး ဓားချက်ဖြင့် ဝေ့ယမ်းတိုက်ခိုက်ပစ်လိုက်ရာ ကန်တော်မဟာသခင်က အထက်သို့ ခုန်တက်ကာ ရှောင်တိမ်းပေးရင်း အင်္ကျီလက်စကြီးတစ်ဖက်ကို ခါထုတ်ပစ်လိုက်သည်။

'ဖြန်း'

'ရှိုး ရှိုး ရှိုး'

အဆိပ်လက်နက်ပုန်းများက စင်းပိလျံထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာကြ၏။ စင်းပိလျံက ဓားကို စက်ဝိုင်းသဏ္ဌာန် ဝေ့ယမ်းပစ်လိုက်ရာ အဆိပ်လက်နက်ပုန်းများမှာ လွင့်စဉ် ထွက်သွားကြရ၏။

'ထန်း'

'ချွမ်း'

ဓားနှစ်လက်မှာ ပြင်းထန်စွာ ဆက်တိုက်ခုတ်ပိုင်းမိလိုက်ကြ၏။ ဓားကွက် သုံးဆယ်ကျော်လာသည်အထိ အဖြေက မပေါ်သေးချေ။

ရုတ်တရက် ကန်တော်မဟာသခင်က ခုန်ပျံဝင်ရောက်လာပြီး နဂါးနိုင် ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်သည်။

'ယား'

'ဝှစ်'

စင်းပိလျှံက ဓားချက်ကို ရှောင်ပေးလိုက်ပြီး ရှေ့သို့ ကျုံဝင်လာသည့် ကန်တော်မဟာသခင်၏ ကိုယ်လုံးကြီးကို ဓားဖြင့် ခုတ်ချပစ်လိုက်သည်။

'ဒုတ်'

'အီး'

ကန်တော်မဟာသခင်မှာ အီးခနဲ အော်ဟစ်ကာ ဒူးများ ခွေညွတ်ကျသွားရ၏၊ သူ့ကျောကုန်းမှ သွေးများက ပန်းထွက်သွားကြ၏။ ကန်တော်မဟာသခင်က စင်းပိလျှံကို မကျေနပ်သော မျက်လုံးပြူးကြီးများနှင့် စိုက်ကြည့်ရင်း လဲကျသွားရတော့သည်။

'ဝုန်း'

ဒုစရိုက်ကောင်ကြီးတစ်ကောင်သည်ကား ရှင်းလင်းသွားရလေပြီ။ ယင်းအချိန်မှာပင် အဝတ်လေတိုးသံများ ကြားလိုက်ရပြီး ကန်တော်မဟာသခင်မကြီးနှင့် အဘိုးအိုနှစ်ယောက်တို့ ရောက်ရှိလာကြသည်။

'ဟင်'

ကန်တော်မဟာ သခင်မကြီးက ကန်တော်မဟာ သခင် အသက်ပျောက်နေပြီကို တွေ့လိုက်ရလျှင် စင်းပိလျှံကို ဆဲဆို အော်ဟေါက်ရင်း...

'ခွေးကောင်လေး၊ မင်း ငါ့အကြောင်း ကောင်းကောင်း သိစေရမယ်'





'ဝှစ်'

ယင်းအချိန်မှာပင် အဝတ်လေတိုးသံတစ်ချက် ထွက်ပေါ်လာကာ ရီကျင့်စန်း ရောက်ရှိလာ၏။

'မင်းတို့နှစ်ယောက်စလုံး သတ်ပစ်မယ်'

ကန်တော်မဟာသခင်မကြီးက ကြိမ်းမောင်းရင်း အဘိုးအိုနှစ်ယောက်အား....

'ကိုင်း သူတို့ကို ရှင်းပစ်လိုက်စမ်း'

'ကောင်းပါပြီ သခင်မကြီး'

အဘိုးအို နှစ်ယောက်က ကန်တော်မဟာ သခင်မကြီးကို အရိုအသေ ပြုလိုက်ပြီး သံတောင်ဝှေးကြီးများကို ဝှေ့ယမ်းလိုက်ကြ၏။

'ဝှီး ဝှီး ဝှီး'

သံတောင်ဝှေးကြီးများ လည်ပတ်ကာ လေတိုးသံမှာ ကြောက်ခမန်းလိလိ ဖြစ်၏။ အဘိုးအိုနှစ်ယောက်က သံတောင်ဝှေးကြီးများ ဝှေ့ယမ်းကာ လွှားဆင်းလာကြ၏။

'ယား'

'ဟိုင်း'

'ထန်း ချွမ်း'

စင်းပိလျှံနှင့် ရီကျင့်စန်းတို့က သံတောင်ဝှေးကြီး နှစ်ချောင်းကို ဓားများဖြင့် ခုတ်ထုတ်ပစ်လိုက်၏။ သံတောင်ဝှေးကြီးနှစ်လက်မှာ မီးခိုးများ အူထွက်ကာ နောက်သို့ ပြန်ကန်ထွက်သွားရ၏။

'ဝှစ် ဝှစ် ဝှစ်'

'ညီမ သတိထား'

စင်းပီလျံက ရီကျင့်စန်းကို အော်ဟစ်ကာ သတိပေးလိုက်ရ၏။ အဘိုးအိုနှစ်ယောက်၏ သံတောင်ဝှေးနှစ်လက်က အလွန်ကြောက်စရာ ကောင်းနေသည် မဟုတ်ပါလား။

'ထန်း ထန်း ထန်း'

'ချမ်း ချမ်း ချမ်း'

'ထန်း'

'အား'

စင်းပီလျံက စိတ်မရှည်တော့တဲ့ ခါးတစ်လျောက်အတွင်းအား ထည့်ကာ တိုက်ခိုက်ပစ်လိုက်ရာ အဘိုးအိုတစ်ယောက်မှာ လူတခြား တောင်ဝှေးတခြား ဖြစ်ကာ လွင့်စဉ် ထွက်သွားရတော့၏။

ကျန်အဘိုးအို တစ်ယောက်နှင့် ရီကျင့်စန်းတို့က သဲသဲမဲမဲ တိုက်ခိုက်လျက် ရှိနေကြ၏။ ရီကျင့်စန်းက လက်ထဲတွင် လိပ်ပြာကလေးတစ်ကောင်ပမာ ပျံဝဲရင်း တိုက်ခိုက်လျက် ရှိနေ၏။

'ဝုန်း'

အဘိုးအို၏ သံတောင်ဝှေးကြီးက ရီကျင့်စန်းကို မရိုက်မိဘဲ မြေပြင်ကို ရိုက်ခတ်မိလိုက်ရာ ဝုန်းခနဲ မြည်ဟည်းသွားရ၏။ သံတောင်ဝှေးကြီး ရိုက်ခတ် လိုက်မှုကြောင့် ကျောက်မှုန့်သဲမှုန့်များမှာ တဝေါဝေါ လွင့်ပျံ တက်သွားရ၏။

'ချမ်း'





'အင့်'

နောက်တစ်ကြိမ် ပြန်အဆုံလိုက်တွင် ရီကျင့်စန်းက ခါးကို တစ်ပတ်လှည့်ပြီး တိုက်ခိုက်ပစ်လိုက်ရာ အဘိုးအိုမှာ ရင်ဝတွင် ခါးချက်ထိကာ ထိုးကျသွားရတော့၏။

သူတို့က ကန်တော်မဟာ သခင်မကြီးကို ကြည့်လိုက်ရာ မှတွေ့ရတော့ပေ။ ကန်တော်မဟာ သခင်ကြီး၏အလောင်းကို ယူကာ ထွက်ပြေးသွားပြီ ဖြစ်ပေတော့၏။

## (၁၈)

စင်းပိလုံနှင့် ရိကျင့်စန်းတို့သည် စင်းပိလုံ၏သတင်းကို လိုက်လံ စုံစမ်းသော်လည်း မရသဖြင့် နေစကြာဂိုဏ်းသို့ ပြန်လာခဲ့ကြရ၏။ သူတို့သည် နေစကြာဂိုဏ်းသို့ ပြန်ရောက်ပြီး တစ်လမျှကြာသောအခါ လက်ထပ်လိုက်ကြ၏။

သူတို့၏ မင်္ဂလာပွဲသို့ သိုင်းလောကမှ ဖိတ်ကြားထားသော ဧည့်သည်များ စုံလင်စွာ တက်ရောက်လာကြ၏။ သိုင်းဂိုဏ်း ကြီးများမှ ဂိုဏ်းချုပ်ကြီးများ၊ ဂိုဏ်းခွဲမှူးကြီးများ သိုင်းလောက နာယကပုဂ္ဂိုလ်ကြီးများ တက်ရောက်ချီးမြှင့်ကြ၏။

မင်္ဂလာပွဲသို့ စင်းပိလျံ၏မိခင်ကြီး ရှန်ကျိစင်းပါ ရောက်ရှိလာသဖြင့် စင်းပိလျံမှာ အထူးပင်ဝမ်းသာအားရဖြစ်ခဲ့ရ၏၊ ရွှောင်လင်၊ ဝူတန်း၊ ဝူမိန်၊ ထိုက်ကျိ၊ ခွန်လွန်၊ နဂါးစိမ်း၊





ဘစ်ကျုံ၊ မီးအိမ်နီ၊ မဟာကန္တာရစသောသိုင်းဂိုဏ်းကြီးများမှ ဂိုဏ်းချုပ်ကြီးများ ကြွရောက်ချီးမြှင့် အားပေးကြ၏။

စင်းပိလျံနှင့်ရိကျင့်စန်းတို့မှာ အလွန်ပျော်ရွှင်ဝမ်းမြောက်ခဲ့ကြရ၏။ ယာဝ်ထုပ်သိုင်းသမားကြီးနှင့် ကပ္ပိယကြီးတို့မှာလည်း အထူးပင် ဝမ်းမြောက်ခဲ့ကြရ၏။

ကပ္ပိယကြီးက နေမဝင်တောင်မှ ဖိတ်ကြားခြင်းခံရသဖြင့် အမြန်လာရောက်ခဲ့ရခြင်းပင်ဖြစ်၏။ ကပ္ပိယကြီးနှင့်သို့လရှင်ကြီး ရှန်ကျိစင်းတို့မှာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြားကာ မျက်ရည်များပင်ကျခဲ့ကြရ၏။ ရသေ့ကြီးကပျံလွန်တော်မူသွားခဲ့ပြီ မဟုတ်ပါလား။

ထိုမင်္ဂလာပွဲတွင်ထိုက်ကျိဓားဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးကျောက်ကျန်လင်းက စင်းပိလျံနှင့်ရိကျင့်စန်းတို့အား ဓားတစ်လက်ကို လက်ဖွဲ့ခဲ့၏။

ထိုဓားမှာ ထိုက်ကျိဓားဂိုဏ်းမှ နာမည်ကျော် ဟာသ်ဓား ဖြစ်ပြီး အလွန်အဖိုးထိုက်တန်ကာ အစွမ်းထက်သော ဓားတစ်လက်ပင် ဖြစ်၏။

ဟာသ်ဓားမှာ ထိုက်ကျိဓားဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး အဆက်ဆက် ကိုင်ဆောင်ခဲ့သော ရတနာဓားလည်း ဖြစ်၏။

မင်္ဂလာဆောင်အပြီး တစ်လခန့်အကြာတွင် ရိကျင့်စန်းမှာ ပျောက်ဆုံးသွားရ၏။ ရန်သူများက တိတ်တဆိတ် ဖမ်းဆီး ခေါ်ဆောင်သွားခြင်းပင်ဖြစ်၏။

စာထဲတွင်ရေးထားသည်မှာ....

**စင်းပီလျံ....**

မင်းရဲ့ အသည်းနှလုံးလေးကို ငါတို့ခေါ် သွားပြီ၊ မင်းရဲ့ အသည်းနှလုံးလေးကို ပြန်လိုချင်ရင် မင်းကိုယ်တိုင် ဟင်္သာခေါင်းနဲ့ အတူ နဂါးမီးတောင်ထိပ်ကို လာခဲ့ပါ၊ မင်း တစ်ယောက်တည်း လာခဲ့ပါ။

ရွှေမျက်နှာဖုံး

ရွှေမျက်နှာဖုံးဆိုသူမှာ စင်းပီလျံကို အမျိုးမျိုးဒုက္ခပေးနေသူ ဖြစ်သဖြင့် စင်းပီလျံမှာ ရွှေမျက်နှာဖုံးဆိုသူကိုအလွန်ငြိုးငြင်း ဒေါသထွက်သွားမိရ၏။

ရွှေမျက်နှာဖုံးဆိုသူသည် မည်သူဖြစ်ပါသနည်း။

ရွှေမျက်နှာဖုံးကို သူကိုယ်တိုင်ရင်ဆိုင်ပြီး ချေမှုန်း သုတ်သင်ကာ ရိကျင့်စန်းကို ကယ်တင်ရပေမည်။ စင်းပီလျံသည် ဟင်္သာခေါင်းကိုယူကာ နဂါးမီးတောင်သို့ တစ်ကိုယ်တည်းထွက်ခွာလာခဲ့လေတော့၏။

● ● ●

နဂါးမီးတောင်....

နဂါးမီးတောင်မှာ အလွန်မြင့်မားသော တောင်ကြီး တစ်လုံးပင် ဖြစ်၏။ တောင်ထိပ်သည် မိုးတိမ်များအတွင်းသို့ အမြဲတိုးဝင်ပျောက်ကွယ်နေတတ်၏။





နဂါးမီးတောင်ထိပ်တွင် ရွှေမျက်နှာဖုံးက ရိကျင့်စန်းကို ဖမ်းဆီးချုပ်နှောင်ထားသည် မဟုတ်ပါလား။

စင်းပီလျံက မြင်းကို တောင်ခြေတွင်ထားရစ်ခဲ့ပြီး တောင်ထိပ်သို့ ထိပ်တန်းကိုယ်ဖော့အားကိုသုံးကာ တက်ရောက်လာခဲ့သည်။

တောင်ထိပ် မရောက်မီမှာပင် ရွှေမျက်နှာဖုံး ဂိုဏ်းသားများနှင့် တွေ့ဆုံရကာ ရွှေမျက်နှာဖုံး၏ စခန်းသို့ခေါ်ဆောင်သွားကြ၏။

ရွှေမျက်နှာဖုံးမှာ အမှောင်လမ်း လိုက်နေသည့် ဒုစရိုက်သမားကြီးတစ်ယောက်ဖြစ်ကာ ဒုစရိုက်သမားပေါင်းများစွာကို အုပ်ချုပ်နေသူလည်းဖြစ်၏။

ရွှေမျက်နှာဖုံးကို အမြဲတမ်းစွပ်ထားသဖြင့် မည်သူ မည်ဝါမှန်း မသိရပေ။ ဂိုဏ်းသားများပင် မသိရပေ။ ရွှေမျက်နှာဖုံး၏ စခန်းမှာ အလွန်ကြီးကျယ်ခမ်းနားသော စခန်းကြီး တစ်ခုပင် ဖြစ်၏။

ကျောက်ဆောင် ကျောက်ထရံကြီးများအထက်တွင် ခက်ခဲလျှို့ဝှက်စွာတည်ဆောက်ထားသော စခန်းကြီးတစ်ခုပင်ဖြစ်၏။ စခန်းအဝမှာပင် ခက်ထန်ကြမ်းကြုတ်သော အစောင့်အကြပ်များက စောင့်ဆိုင်းလျက်ရှိနေ၏။

အစောင့်အကြပ်များက စင်းပီလျံအား စခန်းအတွင်းသို့ ခေါ်ဆောင်သွားကြ၏။ စခန်းအဆောက်အဦကြီးမှာ ကျောက်သား ကျောက်တုံးများဖြင့် လှပစွာ တည်ဆောက်ထားလေသည်။

ဥယျာဉ်ကြီးအတွင်း ဒေါင်းနှင့်ငှက်များပျော်မြူးနေသည်ကိုပင် တွေ့မြင်လိုက်ရ၏။ အဆောက်အဦကြီး၏ ခန်းမဆောင်ကြီးအတွင်း ခရမ်းရောင်ဝတ်စုံနှင့်လူတစ်ယောက်ကိုသိုင်းသမားများ ခြံရံကာရပ်လျက်ရှိနေ၏။

ထိုသူက ရွှေမျက်နှာဖုံးကို မျက်နှာထက်တွင်စွပ်ထား၏၊ ရွှေမျက်နှာဖုံးက ကျားရေခင်းထားသော ကျောက်ကုလားထိုင်ကြီး ထက်တွင် ထိုင်နေကာ စင်းပီလျံဝင်ရောက်လာသည်ကို အေးစက်စက်အကြည့်နှင့်ကြည့်လျက် ရှိနေ၏။

ရွှေမျက်နှာဖုံး၏ ဝဲယာတစ်ဖက်တစ်ချက်တွင် အညိုရောင်ဝတ်စုံဝတ် သိုင်းသမားများနှင့် အစိမ်းရောင်ဝတ်စုံဝတ် သိုင်းသမားများက ခြံရံရပ်နေကြ၏။

ထိုသူများ အားလုံး အနက်ရောင် ဒုစရိုက် လောကမှ သိုင်းသမားများပင် ဖြစ်ကြ၏။ အနက်ရောင် ဒုစရိုက် သိုင်းသမားများက စင်းပီလျံကို ခက်ထန် ကြမ်းကြုတ်စွာ ကြည့်ရှုနေကြ၏။

ရွှေမျက်နှာဖုံးက မိန်းမပျိုတစ်ဦး လာရောက် ငှဲ့ပေးလိုက်သော အရက်ကို တစိမ့်စိမ့်မော့သောက်လိုက်ရင်းက စင်းပီလျံအား....

'စင်းပီလျံ၊ မင်း ရောက်လာပြီကိုး'

စင်းပီလျံက ရွှေမျက်နှာဖုံးကို စူးစိုက်ကြည့်လိုက်ပြီး....

'ဟုတ်တယ်၊ ကျုပ် ရောက်လာပြီ၊ ခင်ဗျား ဘယ်သူလဲ၊ ရီကျင့်စန်းဘယ်မှာလဲ'

ရွှေမျက်နှာဖုံးက တဟဲဟဲရယ်မောလိုက်ကာ....





'ငါ ဘယ်သူလဲဆိုတာ အချိန်တန်တော့, မင်း သိရမှာပေါ့ကွာ၊ လောလောဆယ်မှာတော့ ငါ့ကို ရွှေမျက်နှာဖုံးလို့ပဲ သိထားလိုက်စမ်းပါ၊ မင်းရဲ့ အသည်းနှလုံးလေး ကျန်းကျန်းမာမာ ရှိပါတယ်'

'သူ့ကို ကျုပ်တွေ့ချင်တယ်၊ သူ့ကို ခင်ဗျားက ဘာကြောင့် ဖမ်းခေါ်ထားရတာလဲ'

'ဟဲ ဟဲ ဟဲ ငါက မင်းကို အလိုရှိလို့ပဲကွ၊ ကိုင်း လောလောဆယ် မင်းလက်ထဲကဓား ငါ့ဆီ ပစ်ပေးလိုက်စမ်း၊ အဲဒီလို မလုပ်ရင် မင်းရဲ့ အသည်းနှလုံးလေးကို ငါက သတ်ပစ်ဖို့ အချက် ပေးလိုက်မယ်၊ ငါ့လက် လှုပ်လိုက်တာနဲ့ မင်းရဲ့ အသည်းနှလုံးလေးဟာ တစ်ချက်တည်း အသက်ပျောက်သွားရလိမ့်မယ်၊ ဒီနေရာမှာ တိုက်ခိုက်ဖို့လဲ မကြိုးစားနဲ့၊ မင်း စပြီး တိုက်ခိုက်လိုက်တာနဲ့ မင်းရဲ့ ရီကျင့်စန်းဟာ ငါ့လူတွေ လက်ချက်နဲ့ အသက်ပျောက်သွားရလိမ့်မယ်'

'သူ အခု ဘယ်မှာလဲ'

'သူ အခု မြေအောက် အကျဉ်းခန်းထဲမှာ ရောက်နေတယ်၊ အစောင့်တွေ အထပ်ထပ် ချထားတယ်၊ ယင်ကောင်တောင် ပျံထွက် မသွားနိုင်ဘူး၊ ယမ်းဗုံးတွေလဲ မြုပ်နှံ တပ်ဆင်ထားတယ် ဆိုတော့ မင်း တိုက်ခိုက်ဖို့ ကြိုးစားရင် အားလုံး အသက် ပျောက်သွားကြရမှာပဲ၊ ဟား ဟား ဟား'

ရွှေမျက်နှာဖုံးက ပြောကြားရင်း အားပါးတရ ရယ်မောလိုက်၏။

စင်းပီလျံက အံကြိတ်လိုက်ရင်း....

'ကောင်းပြီလေ၊ ခင်ဗျားက အပိုင်လုပ်ထားပြီးပြီ ဆိုတော့ ကျုပ်က ဘာတတ်နိုင်တော့မှာလဲ'

'ဝှစ်'

စင်းပီလျံထ ပြောရင်း ဟသ်ာခေါးကို ရွှေမျက်နှာဖုံးဆီသို့ ပစ်ပေးလိုက်၏။ ရွှေမျက်နှာဖုံးက အသံပါ ဖျက်ထားသဖြင့် ခန့်မှန်းရ ခက်နေ၏။ ရွှေမျက်နှာဖုံးက ဟသ်ာခေါးကို ဖမ်းယူလိုက်ပြီး....

'ဒီလို လိမ္မာမှပေါ့ကွာ၊ကိုင်း မင်းကို ရိကျင့်စန်းဆီ လိုက်ပို့ပေးပါမယ်၊ လောလောဆယ်တော့ ငါနဲ့အတူ အရက်သောက်လိုက်ပါဦး'

ရွှေမျက်နှာဖုံးက ပြောရင်း အရက်တစ်ခွက်ကို စင်းပီလျံထံသို့ ပစ်ပေးလိုက်၏။ ရွှေမျက်နှာဖုံး၏ အတွင်းအားမှာ ကောင်းမွန်လှသဖြင့် အရက်ခွက်မှာ လေထဲတွင် ဝဲပျံလာသော်လည်း အရက်များက တစ်စက်မျှ ဖိတ်စင်သွားခြင်း မရှိပါချေ။

အရက်ခွက်ကို မဖမ်းတတ်ပါက အရက်ခွက် မှောက်ကာ လူပုံအလယ်တွင် အရှက်ကွဲရမည် ဖြစ်၏။ ရွှေမျက်နှာဖုံးက စင်းပီလျံ၏အတွင်းအားကို စမ်းသပ်လိုက်ခြင်းပင်ဖြစ်၏။

'ဝှစ်'

'ဖပ်'

စင်းပီလျံက အရှိန်ပြင်းစွာ လွင့်ပျံလာသည့် အရက်ခွက်ကို ပန်းပွင့်တစ်ပွင့် ဆွတ်ချူ လိုက်သည့်ပမာ အသာအယာဖမ်း





ယူလိုက်၏။ အရက်ခွက်မှာ အရက်တစ်စက်မှ မဖိတ်စင်ဘဲ စင်းပီလျံလက်ထဲသို့ ရောက်ရှိလာရ၏။

စင်းပီလျံက အရက်ခွက်ကို အသာကိုင်ရင်း အရက်များကို မော့သောက်ပစ်လိုက်၏။ပြီးနောက် အရက်ခွက်ကို ရွှေမျက်နှာဖုံးဆီသို့ ပြန်လည် ပစ်ပေးလိုက်၏။

'ဝှစ်'

'ဖပ်'

ရွှေမျက်နှာဖုံးက အရက်ခွက်ကို ဖမ်းယူပြီး ကြည့်လိုက်ရာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရ၏။ အဘယ့်ကြောင့်ဆိုသော် အရက်ခွက်ပေါ်တွင် စင်းပီလျံ၏ လက်ငါးချောင်းရာက ထင်နေသောကြောင့်ပင်တည်း။

စင်းပီလျံ၏ အတွင်းအားမှာ အလွန် ကြီးမားနက်ရှိုင်းလှသောကြောင့် ရွှေမျက်နှာဖုံးမှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရခြင်းပင် ဖြစ်တော့၏။

ရွှေမျက်နှာဖုံးက အရက်ခွက်ကို စားပွဲပေါ်သို့ ပစ်တင်ထားလိုက်ကာ....

'စင်းပီလျံ၊ မင်းရဲ့ အတွင်းအားက ဘယ်ဆိုးလို့လဲ၊ ကိုင်း ရိကျင့်စန်း ကို သွားတွေ့နိုင်ပါပြီ'

ရွှေမျက်နှာဖုံးက ကိုယ်ရံတော် သိုင်းသမားများဘက်သို့ လှည့်လိုက်ပြီး....

'ဟိတ် စင်းပီလျံကို ရိကျင့်စန်းဆီ လိုက်ပို့ပေးလိုက်ကြစမ်း'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျာ'

ကိုယ်ရံတော် သိုင်းသမားများက ရွှေမျက်နှာဖုံးကို အရိုအသေ ပြုလိုက်ကြပြီး စင်းပီလျံကို အတွင်းဘက်သို့ ခေါ်ဆောင်သွားကြသည်။

'ကျွဲ'

'ဝေါ'

ကြမ်းခင်းကျောက်ပြားကြီးများ ရွှေ့လျားသွားကြပြီးနောက် မြေအောက်ဆင်းသော ကျောက်လှေကားထစ်ကြီးကို တွေ့မြင်လိုက်ရသည်။

အနက်ရောင်သိုင်းသမားများက စင်းပီလျံအား ကျောက်လှေကားထစ်များအတိုင်း အောက်သို့ ခေါ်ဆောင်သွားကြသည်။

ကျောက်လှေကားထစ်များတစ်လျှောက် မီးတုတ်များ ထွန်းညှိထားသဖြင့် မြေအောက်တွင် လင်းထိန်လျက် ရှိနေ၏။ ကျောက်လှေကားထစ်များမှာ ကောက်ကောက်ကွေ့ကွေ့နှင့် တည်ရှိနေသည်။

ကျောက်လှေကားထစ်ကြီးများ ဆုံးသွားပြီးနောက် အစောင့်များ စောင့်ကြပ်နေသည့် အခန်းကြီးတစ်ခန်းသို့ ရောက်ရှိလာခဲ့ကြသည်။

'တံခါးဖွင့်လိုက်စမ်း'

ခေါင်းဆောင်က အမိန့်ပေးလိုက်ရာ အစောင့်များက အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

'ကျွဲ'

'ဝုန်း'





ထူထဲသိပ်သည်းလှသော ကျောက်တံခါးကြီး ပွင့်သွားပြီးနောက် အတွင်းတွင် သံမဏိအခန်းကြီးတစ်ခန်းကို တွေ့မြင်လိုက်ရ၏။ အခန်းထဲတွင် ရှိနေသူမှာကား ရီကျင့်စန်းပင် ဖြစ်ပေတော့၏။

'ဂျိမ်း'

စင်းပီလျံ အတွင်းဝင်ရောက်လိုက်သည်နှင့် ကျောက်တံခါးကြီးက ပြန်ပိတ်သွားသည်။

'အစ်ကို'

ရီကျင့်စန်းက တအံ့တဩနှင့် ခေါ်ရင်း စင်းပီလျံရင်ခွင်အတွင်း ပြေးဝင်လာ၏။ စင်းပီလျံက ရီကျင့်စန်းအား ဖက်ထားလိုက်ရင်း....

'ညီမကို သူတို့ နှိပ်စက်ကြသေးသလား'

'မနှိပ်စက်ပါဘူး အစ်ကို၊ ကောင်းကောင်းမွန်မွန် ထားပါတယ်၊ သူတို့က အစ်ကို့ကိုသတ်ဖို့ စီစဉ်နေကြတာ အစ်ကို သတိထား'

'ရွှေမျက်နှာဖုံးဆိုတဲ့လူက ဘယ်သူလဲ'

'ညီမလဲ မသိဘူးအစ်ကို၊ သူက ရုပ်ရောအသံပါ ဖျက်ထားတယ်၊ ခန့်မှန်းလို့ မရဘူး'

'ဝေါ'

'ဂျိမ်း'

ရုတ်ဘရက် သူတို့အထက်မှ ကျောက်ပြားကြီးတစ်ချပ် ရွှေ့လျားသွားပြီး ရွှေမျက်နှာဖုံးနှင့် သိုင်းသမားများ အထက်တွင် ရပ်နေကြသည်ကို တွေ့မြင်လိုက်ရ၏။

ရွှေမျက်နှာဖုံးက တဟားဟား ရယ်မောလိုက်ပြီး....

'စင်းပီလျံ၊ မင်း ဘာသတ်နိုင်သေးသလဲ၊ မင်းမှာ အတောင်တွေ ပေါက်လာတာတောင် ဒီနေရာက ပျံထွက်မသွားနိုင်ဘူး'

စင်းပီလျံက ရွှေမျက်နှာဖုံးကို စူးစိုက်ကြည့်လိုက်ရင်း....

'ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်တို့ကို ဖမ်းထားရတာလဲ'

ရွှေမျက်နှာဖုံး ရယ်မောလိုက်ကာ....

'စင်းပီလျံ၊ ရှင်းရှင်းပြောရရင် မင်းကို ရှင်းပစ်ဖို့ပဲ၊ မင်းဟာ ငါ့ရဲ့ အမိကရန်သူတစ်ယောက် ဖြစ်နေတယ်၊ မင်းဟာ ငါ့ရန်သူရဲ့သားပဲ၊ မင်းအဖေဟာလဲ ငါ့ထောင်ချောက်ထဲ ကျဆင်းခဲ့ရပြီး နေစကြာဂိုဏ်းချုပ်ကြီးဘဝကို စွန့်လွှတ်သွားခဲ့ရတယ်၊ အခု မင်းကျတော့လဲ ငါ့ထောင်ချောက်ထဲ ကျရောက်နေရပြီ၊ မင်းလဲ နေစကြာဂိုဏ်းချုပ်ဘဝကနေ စွန့်ခွာရတော့မယ်၊ မင်းအဖေကတော့ လွတ်မြောက်သွားပေမယ့် မင်းကတော့ ပင့်ကူအိမ်ထဲက ယင်ကောင်တစ်ကောင်လို ဖြစ်နေရပြီ၊ မင်းအတွက် ဘယ်လိုမှ လွတ်မြောက်စရာလမ်း မရှိတော့ဘူး'

ထိုအခါကျမှ ရွှေမျက်နှာဖုံးသည် သူတို့မိသားစု၏ မဟာရန်သူတော်ကြီး ဖြစ်နေမှန်း စင်းပီလျံက ရိပ်စားမိလိုက်ရလေတော့၏။ ဤလူသည် လူယုတ်မာတစ်ဦးဖြစ်ကာ မိမိ၏ ဖခင်အား ထောင်ချောက်ဆင်ပြီး အကြပ်ကိုင်ခဲ့သူ ဖြစ်သည်။





ရွှေမျက်နှာဖုံး၏ ပယောဂကြောင့် စင်းပီလျံ၏ ဖခင်ကြီး စင်းပီလိုမှာ နေစကြာဂိုဏ်းချုပ်ကြီးဘဝကို စွန့်လွှတ်ခဲ့ရကာ သိုင်းလောကမှ ပျောက်ဆုံးသွားခဲ့ရသည်။

စင်းပီလျံ၏ ဖခင် နေစကြာဂိုဏ်းချုပ်ကြီးမှာ ယခုအခါ သေသည် ရှင်သည် မသိရပေ။ စင်းပီလျံက အထက်သို့ မော့ကြည့်လိုက်ပြီး....

'လက်စသတ်တော့ ခင်ဗျားက ကျုပ် ဖခင်ကြီးကို ဒုက္ခအကြီးအကျယ် ပေးခဲ့တဲ့ ငနဲကြီးကို၊ ခင်ဗျားကို ကျုပ်တလော်တွေချင်နေတာ ကြာပြီးပါပြီ၊ ခင်ဗျားကို ကျုပ် ဖခင်အတွက် သွေးကြွေး ပြန်ဆပ်ရမယ်'

'သွေးကြွေး ပြန်ဆပ်ရမယ် ဟုတ်လား၊ မင်းအဖေက လွတ်မြောက်သွားတာပဲ၊ ငါက သတ်လိုက်တာ မဟုတ်ဘူး၊ အဲဒါ မင်းက ဘာကြောင့် သွေးကြွေး ဆပ်မယ်လို့ ပြောရတာလဲ'

စင်းပီလျံက အေးစက်ခက်ထန်သော လေသံဖြင့်

'ကျုပ် ဖေဖေဟာ ခင်ဗျားကြောင့် နေစကြာ ဂိုဏ်းချုပ်ဘဝကနေ စွန့်ခွာခဲ့ရတယ်၊ သိုင်းလောကမှာလဲ ပျောက်ဆုံးနေရတယ်၊ ခုအချိန်မှာ သေသလား၊ ရှင်သလား မသိရသေးဘူး၊ ဒါတွေဟာ ခင်ဗျား ပယောဂကြောင့် ခင်ဗျား လက်ချက်ကြောင့်ပဲ၊ ဒါကြောင့် ခင်ဗျားကို သွေးကြွေးဆပ်ရမယ်လို့ ပြောနေတာ၊ ကျုပ်က ခင်ဗျားကို သွေးကြွေးဆပ်ရမယ်'

ရွှေမျက်နှာဖုံးက တဟားဟား ရယ်မောလိုက်ပြီး....

'မင်းက ငါ့ကို သွေးကြွေး ဆပ်မယ်ဆိုတာ၊ ဒီဘဝမှာတော့ မဖြစ်နိုင်ဘူး၊ နောင်ဘဝကျမှပဲ ဆက်ပြီး ကြိုးစားပေ

တော့၊ အခု လောလောဆယ်မှာ မင်းဟာ ငါ့ရဲ့ အကျဉ်းသားတစ်ယောက် ဖြစ်နေရပြီ၊ မင်းဟာ မကြာခင်မှာ သေရတော့မယ်၊ မင်းတို့ နှစ်ယောက်စလုံးကို ဗီအခန်းထဲမှာပဲ လှလှပပ သေစေရမယ်၊ မကြာခင်မှာ မင်း ငါ့အကြောင်းကို သိစေရမယ်'

'ကျွ ေ'

'ဝေါ'

စကားဆုံးသည်နှင့် ရွှေ့မျက်နှာဖုံးကလည်း ပျောက်ကွယ်သွားကာ အထက်မှ ကျောက်ပြားချပ်ကြီးများသည်လည်း ပြန်လည် ပိတ်ဆို့သွားရလေတော့၏။

ရွှေမျက်နှာဖုံး ပျောက်ကွယ်သွားလျှင် စင်းပိလျှံက ရီကျင့်စန်းအား....

'ဗီကောင်ကြီးဟာ အစ်ကိုတို့ မိသားစုရဲ့ မဟာ ရန်သူတော်ကြီးပဲ ညီမ၊ ဗီကောင်ကြီးကြောင့် အစ်ကိုတို့ မိသားစုဟာ ဖရိုဖရဲ ပြိုကွဲခဲ့ရတယ်၊ မေမေကတော့ တရားဘောင်မှာ ရောက်သွားရတယ်၊ ဖေဖေကတော့ ခုအချိန်အထိ မတွေ့ရတော့ဘူး၊ ဒါတွေဟာ ဗီကောင်ကြီးရဲ့ စနက်တွေပဲ'

ရီကျင့်စန်းက....

'ရွှေမျက်နှာဖုံးက အစ်ကို့ ဖေဖေကို ဒုက္ခပေးပြီး အစ်ကို့ကိုပါ ရှင်းပစ်ချင်နေတယ်၊ ဟင်....'

ပြောရင်းမှ ရီကျင့်စန်းက တစ်စုံတစ်ရာကို သွားရောက်သတိရလိုက်သလို၊ အထိတ်တလန့် ရေရွတ်မိလိုက်၏။ သူမမျက်နှာကလေးမှ ဖြူဖတ်ဖြူရော် ဖြစ်သွားရ၏။





စင်းပိလျှံအား....

'ညီမ....ဘာဖြစ်သွားတာလဲ'

'သူ – သူ... ရွှေမျက်နှာဖုံးဟာ မုရှန်ကွန်း၊ မုရှန်ကွန်းပဲ ဖြစ်ရမယ် အစ်ကို'

'ဟင်'

ရီကျင့်စန်း စကားကြောင့် စင်းပိလျှံမှာလည်း အလွန်အံ့အားသင့်သွားရ၏။ စင်ပိးလျှံက မျက်မှောင်ကြုတ်လိုက်ပြီး ...

'ညီမ ဘာကြောင့် ပြောနိုင်ရတာလဲ'

'သူဟာ နေစကြာဂိုဏ်းချုပ် နေရာကို သိပ်လိုချင်နေတယ် ဒါကြောင့် အစ်ကို့ ဖေဖေကို ထောင်ချောက်ဆင် ဒုက္ခပေးလိုက်တယ်၊ သူက နေရာမှာ ချက်ချင်း မယူသေးဘူး၊ စောင့်နေလိုက်တယ်၊ အဲဒီလို စောင့်နေတုန်းမှာပဲ အစ်ကိုက ရောက်လာတယ်၊ အစ်ကို ရောက်လာတော့ သူ့အကြံက မအောင်မြင်တော့ဘူး၊ ဒါကြောင့် သူက အစ်ကို့ကို အပြတ်ရှင်းပစ်ဖို့ ကြံစည်နေတာပဲ၊ သူဟာ နေစကြာ လက်ထောက်ဂိုဏ်းချုပ်ကြီး မုရှန်ကွန်းပဲ ဖြစ်ရမယ်'

ရီကျင့်စန်း၏ စကားများမှာ ယုတ္တိရှိလှပေ၏။ စင်းပိလျှံနှင့် ကပ္ပိယကြီး တစ်ချိန်က ရိက္ခာဝယ်ရန် တောင်ပေါ်မှ ဆင်းလာခဲ့စဉ်က ရွှေမျက်နှာဖုံးနှင့် သိုင်းသမားက သူ့ကို အမျိုးမျိုး ထောင်ချောက်ဆင်ကာ ဖမ်းဆီးရန် ကြိုးစားခဲ့၏။

ရွှေမျက်နှာဖုံး၏ လက်ထဲမှ ဓားပြများက လုယူသွားကြ၏။

တဖန် ဓားပြများ လက်ထဲမှ မိန်းမပျိုများက လုယူသွားကြပြန်၏။ မိန်းမပျိုများ၏ လက်ထဲမှ ယစ်ထုပ် သိုင်းသမားကြီးက ကယ်တင်ပေးခဲ့၏။

ဤရွှေမျက်နှာဖုံးမှာ စင်းပိလျှံကို တောင်ပေါ်မှ ဆင်းလာကတည်းက အမျိုးမျိုး လိုက်လံ နှောက်ယှက် ဒုက္ခပေးနေသူ ဖြစ်၏။

သို့ဆိုလျှင် ဤသူသည် မိမိအား နေစကြာဂိုဏ်းချုပ် နေရာမှ အလျှင်အမြန် ဖယ်ရှားပစ်လိုနေပေရာ ဤသူသည် နေကြာဂိုဏ်းနှင့် ဆက်နွယ် ပါတ်သက်လျက် ရှိနေ၏။

သို့ဆိုလျှင် ဤသူသည် နေစကြာဂိုဏ်း လက်ထောက်ဂိုဏ်းချုပ်ကြီး မုရှန်ကွန်း ဖြစ်နိုင်ပေသည်။ မုရှန်ကွန်းဖြစ်သည် ဆိုသည်ကိုတော့ အတိအကျ ပြော၍ မရသေးပါချေ။

ရွှေမျက်နှာဖုံးကို ချွတ်နိုင်မှသာ ဤသူ မည်သူမည်ဝါ ဖြစ်သည်ကို သိရှိရမည် ဖြစ်၏။ ရွှေမျက်နှာဖုံး ကွာကျသွားအောင် ကြိုးစားရပေမည်။

'ကျွိ'

'ဝေါ့'

ရုတ်တရက် ကျောက်တံခါးကြီးက ဘေးသို့ရွှေ့ထွက်သွားပြီး အစောင့်များနှင့်အတူ အမျိုးသမီးကြီးတစ်ယောက် ထွက်ပေါ်လာ၏။





အမျိုးသမီးကြီး၏လက်ထဲတွင် လင်ပန်းနှင့် စားသောက်ဖွယ်ရာများကို ကိုင်ဆောင်ထား၏။

အမျိုးသမီးကြီးက အခန်းထဲသို့ဝင်ရောက်လာကာ စားပွဲပေါ်သို့ လင်ပန်းကို တင်ထားပေးလိုက်၏။

'ကလေးနဲ့ ကလေးမတို့ စားလိုက်ကြဦး၊ တော်ကြာ အားပြတ်နေကြမယ်'

အမျိုးသမီးကြီးကပြောလိုက်ပြီး စားသောက်ဖွယ်ရာများကို ထားခဲ့ကာ အခန်းထဲမှ ပြန်လည်ထွက်ခွာသွား၏။

'ဂျိမ်း'

အမျိုးသမီးကြီး ပျောက်ကွယ်သွားပြီးနောက် ကျောက်တံခါးကြီးမှာလည်း ပြန်လည်ပိတ်ဆို့သွားရ၏။ စင်းပိလျှံက အစားအသောက်များကို စစ်ဆေးကြည့်လိုက်ရာ အဆိပ်ခတ် မထားကြောင်းကို တွေ့မြင်လိုက်ရ၏။

'ကိုင်း ညီမ၊ အစားအစာတွေထဲမှာတော့ ဘာအဆိပ်မှ ခတ်မထားပါဘူး၊ လာမယ့်ဘေး ပြေးတွေ့တာပေါ့ ညီမရယ်၊ လောလောဆယ်မှာ အားရှိအောင်စားထားမှ ဖြစ်လိမ့်မယ်....'

ထို့နောက် နှစ်ယောက်သား အစားအသောက်များကို ဆာဆာနှင့်စားသောက်လိုက်ကြ၏။ စားသောက်ကြပြီးနောက် အတော်ကလေး နေသာထိုင်သာရှိသွားကြရ၏။

အခန်းကြီးတစ်ခန်းလုံး အထက်မှ လေဝင်ပေါက် တစ် ပေါက်မှအပ အခြား ဝင်ပေါက်ထွက်ပေါက် လုံးဝမရှိပါချေ။ နှစ်ယောက်သား နံရံထောင့်တွင် မှီထိုင်နေလိုက်မိကြ၏။

စင်းပီလျံကတော့ ယခုတစ်ကြိမ်တွင် သူနှင့် ရှေ့မျက်နှာ ဖုံးရှင်တို့ ရင်ဆိုင်တွေ့ရပါက အပြတ်ရှင်းပစ်ကာ ဖြစ်ရပ် များကို ဖော်ထုတ်မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိတော့၏။



(၁၉)

ညဉ့်နက်လေသည် ဟူးဟူးရားရားတိုက်ခတ်လျက် ရှိနေ၏။ ကောင်းကင်ပြင်ထက်တွင် ကြယ်ရောင်၊ လရောင် လုံးဝမရှိတဲ့ မှောင်မည်းလျက်ရှိနေ၏။

နဂါးမီးတောင်ကြီးတစ်တောင်လုံး အမှောင်ထဲတွင်တိုးဝင် ပျောက်ကွယ်လျက် ရှိ၏။ အေးစိမ့်သော လေနှင့်အတူ နှင်း များက အဆက်မပြတ်ကျဆင်းလျက်ရှိနေ၏။

'ဟူး'

အမှောင်ထဲတွင် လူရိပ်တစ်ရိပ်က ဟူးခနဲ ထွက်ပေါ်လာ သည်။ ထိုသူက ညဉ့်ခရီးသွား ကိုယ်ကျပ်အင်္ကျီနက်ကိုဝတ်ဆင် ထားအော ဓားတစ်လက်ကို ကျောတွင်ပိုးလွယ်ထား၏။

ထိုသူကာ ခြေလှမ်းမှန်မှန်ဖြင့် လာနေသော်လည်း သာမန်လူတစ်ယောက် ပြေးနေသကဲ့သို့ လျင်မြန်လှပေ၏။ ထိုသူ၏ လှုပ်ရှားမှုမှာ အံ့မခမ်းလောက်စရာပင်ဖြစ်၏။

'ဝှစ်'

'ဟူး'

တစ်ခဏချင်းမှာပင် ထိုသူသည် နဂါးမီးတောင်ကြီး၏ တောင်ခါးပန်းတစ်နေရာသို့ လေတိုက်ခတ်သလို ရောက်ရှိသွားလေပြီ။ ထိုသူကာ မျက်နှာဖုံးကိုပါ စွပ်ထားသဖြင့် မည်သူမည်ဝါ ဖြစ်မှန်း မသိရပေ။

စင်စစ် ထိုသူသည် ညဥ့်လူအမည်ရှိ သိုင်းသမားပင်ဖြစ်၏။ ညဥ့်လူသည် ယခုတစ်ဖန်ပြန်ပေါ်လာရပြန်လေပြီ။ ညဥ့်လူသည် မည်သူဖြစ်ပါသနည်း။

ညဥ့်လူသည် စင်းပိလျံကို အမြဲ အကူအညီပေးခဲ့၏။ ယခုလည်း စင်းပိလျံနှင့် ရိကျွင့်စန်းတို့ ဖမ်းဆီး ခံထားရရာ နဂါးမီးတောင်ကြီးအပေါ်သို့ တက်ရောက် လာနေပြန်လေပြီ။

ညဥ့်လူသည် သူ၏ ထက်မြက်သောသိုင်းပညာဖြင့် စင်းပိလျံနှင့် ရိကျွင့်စန်းတို့ကို ကယ်တင်လေမည်လား မပြောနိုင်ပေ။ ညဥ့်လူကတော့ နဂါးမီးတောင်ပေါ်သို့ လျှို့ဝှက်စွာရောက်ရှိနေလေပြီ။

ညဥ့်လူသည် နာမည်နှင့်လိုက်အောင် ညဥ့်အခါမှ ထွက်ပေါ်လာလေ့ရှိ၏။ ညဥ့်အခါမှ လှုပ်ရှားသွားလာတတ်၏။ သူ့ကို မြင်ဖူးတွေ့ဖူးသအလွန်ရှားပါး၏။ သူနှင့်တွေ့ဖူးသူမှန်သမျှမှာလည်း မပြန်လမ်းသို့ ကြွမြန်းသွားကြရသည်ချည်းဖြစ်၏။





သူနှင့်ဆုံတွေ့သောသူများမှာလည်း များသောအားဖြင့် အနက်ရောင် ဒုစရိုက်သိုင်းသမားများ အများဆုံးပင်ဖြစ်၏။

ညဥ့်နက်လေနှင့်အတူ ညဥ့်လူသည် နဂါးမီးတောင်ထိပ်သို့ တရွေ့ရွေ့လွင့်မျောလာလျက် ရှိနေလေပြီ။ မကြာမီ တောင်ထိပ် တစ်နေရာသို့ ရောက်ရှိလာ၏။

ရွှေမျက်နှာဖုံး၏ ဒုစရိုက်အနက်ရောင် စခန်းကြီးမှာ မီးရောင်များဖြင့် လင်းထိန်လျက် ရှိနေ၏။ စခန်းနေရာအနှံ့အပြားတွင် မီးပုံးကြီးများကို ချိတ်ဆွဲထားသည်။

စခန်းအဝနှင့် စခန်းအတွင်းတွင် ကင်းသမားများ စောင့်ကြပ်နေကြ၏။ ရွှေမျက်နှာဖုံးက ကင်းသမားများ မသိရအောင် အတွင်းသို့ ဝင်ရောက်သွားလေပြီ။

● ● ●

စင်းပိလျံနှင့် ရိကျွင့်စန်းတို့က လက်ချင်းဆက်ကာ နံရံတွင် ကျောမှီထိုင်ထိုင်နေ၏၊ သူတို့က ရွှေမျက်နှာဖုံး နောက်တစ်ကြိမ်ပေါ်အလာကို စောင့်ဆိုင်းနေကြခြင်းပင် ဖြစ်လေသည်။

ယခုတစ်ကြိမ်သာ ရွှေမျက်နှာဖုံးနှင့် တွေ့ဆုံရပါက သူသေကိုယ်သေ အပြတ်တိုက်ခိုက်တော့မည် ဖြစ်ပေသည်။

'ချွမ်း'

'အား အိုး အင့်'

ရုတ်တရက် ကျောက်တံခါးကြီး အပြင်ဘက်မှ တိုက်ခိုက်သံများနှင့်အတူ အော်ဟစ်လဲကျသွားသံများကိုပါ ကြားလိုက်ရသည်။

'ကျွမ်'

'ဝေါ'

တိုက်ခိုက်သံများနှင့်အတူ ကျောက်တံခါးကြီးမှာ ပွင့်ထွက်သွား၏၊ တံခါးဝမှ ထွက်ပေါ်လာသူမှာ ညဥ့်လူအမည်ရှိ သိုင်းသမားကြီးပင် ဖြစ်၏။

'ဟင်'

'အို'

ညဥ့်လူကို ရုတ်တရက် တွေ့လိုက်ရသဖြင့် စင်းပီလျံနှင့် ရီကျင့်စန်းတို့မှာ တအံ့တသြဖြစ်သွားကြရ၏။ ညဥ့်လူသိုင်းသမား၏ လက်ချက်ကြောင့် အစောင့်သိုင်းသမား သုံးယောက်တို့မှာ လဲကျမေ့မြောနေကြသေပြီ။

ညဥ့်လူက စင်းပီလျံနှင့် ရီကျင့်စန်းတို့အား....

'ကိုင် မင်းတို့နှစ်ယောက်လဲ ငါနဲ့အတူ ပူးပေါင်းပြီး ရွှေမျက်နှာဖုံးနဲ့ ဒုစရိုက်သမားတွေကို ချေမှုန်းကြရအောင်လား'

စင်းပီလျံက....

'ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်တော်တို့ကို လိုက်ပြီး အကူအညီ ပေးနေရတာလဲ'

ညဥ့်လူက တည်ကြည်လေးနက်သော လေသံဖြင့်....

'ငါဟာ မင်းရဲ့ ထားဝရမိတ်ဆွေပဲ၊ ငါဘယ်သူဆိုတာ ရွှေမျက်နှာဖုံးကို သုတ်သင်ပြီးရင် မင်း သိလာရမှာပါ၊ ကိုင်၊ သွားကြစို့'





စင်းပီလျံနှင့် ရီကျင့်စန်းတို့က လဲကျနေကြသည့် အနက်ရောင် သိုင်းသမားနှစ်ယောက်ထံမှ ဓားများကို ကောက်ယူလိုက်ကြသည်။

'ဟား ဟား ဟား'

ယင်းအချိန်မှာပင် သူတို့ အထက်မျက်နှာကျက်ဆီမှ စူးရှကျယ်လောင်သော ရယ်မောသံကြီးတစ်ရပ်ကို ကြားလိုက်ရလေသည်။

သူတို့က မော့ကြည့်လိုက်ကြရာ အထက်စွန်း ရွှေမျက်နှာဖုံးနှင့် အနက်ရောင်သိုင်းသမားများကို တွေ့မြင်လိုက်ရလေသည်။

ရွှေမျက်နှာဖုံးက တဟားဟား ရယ်မောလိုက်ပြီး....

'ဟိတ် မင်းတို့သုံးယောက်စလုံး ငြိမ်ငြိမ်နေကြ၊ လှုပ်ရှားလိုက်တာနဲ့ မြေအောက်က ယမ်းဗုံးတွေကို ဖောက်ခွဲပစ်လိုက်မယ်၊ မင်းတို့ ဓားတွေကို လွှတ်ပစ်လိုက်ကြစမ်း'

ညဥ့်လူက အထက်သို့ မော့ကြည့်လိုက်ပြီး....

'ဟိတ်ကောင် မင်းနဲ့ငါ စာရင်းရှင်းဖို့ ရောက်လာတာပဲ၊ မင်း ဆင်းလာမလား ငါ တက်လာရမလား'

ရွှေမျက်နှာဖုံးက အံ့အားသင့်သွားဟန်ဖြင့်....

'မင်း ဘယ်သူလဲ၊ မင်းကို ငါမသိပါလား'

'အချိန်တန်တော့ သိရမှာပေါ့ကွာ'

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

ညဥ့်လူက စကားမဆုံးမီမှာပင် စင်းပိလျံနှင့် ရိကျင့်စန်းတို့ကို အချက်ပြလိုက်ပြီး အထက်သို့ လွှားတက်သွားတော့လေသည်။

'ဝှီး ဝှီး ဝှီး'

အထက်မှ သံမဏိပိုက်ကွန်ကြီးများက ဖြန့်ကြက်အုပ်မိုးကျလာကြသည်။

'ထန်း ထန်း ထန်း'

ညဥ့်လူသိုင်းသမား၊ စင်းပိလျံနှင့် ရိကျင့်စန်းတို့က အထက်မှ အုပ်မိုးကျလာသည့် သံမဏိပိုက်ကွန်ကြီးများကို ဓားများဖြင့် ခုတ်ဖြတ်ဖောက်ထွက်ကာ အထက်သို့ မြားသုံးစင်း ပစ်လွှတ်သလို တစ်ဟုန်ထိုး ထိုးတက်သွားကြသည်။

'ဟား'

'ဟင်'

'ဟယ်'

ရွှေမျက်နှာဖုံးနှင့် အနက်ရောင်သိုင်းသမားများမှာ ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရလျှင် ကြက်သေသေ၊ မင်တက်မိကာ လက်နက်ပုန်းများ ပစ်လွှတ်လိုက်ကြ၏။

လက်နက်ပုန်းများမှာလည်း ညဥ့်လူနှင့် စင်းပိလျံတို့၏ ဓားချက်များကြောင့် လွင့်စဉ်ထွက်သွားရ၏။

ရွှေမျက်နှာဖုံးက ယမ်းဗုံးများထောင်ထားသည့် စနက်တံ ကြိုးစကိုဆောင့်ဆွဲလိုက်ရာ အချိန်က နောက်ကျသွားရလေပြီ။

'ဝှစ်'





'ထောက်'

ညဥ့်လူက လက်တစ်ဖက်ကိုဝှေ့ယမ်းပစ်လိုက်ရာ လက်နက်ပုန်းတစ်ခုက ပြေးထွက်သွားပြီး ယမ်းကြိုးစနက်တံကို ဖြတ်တောက်ပစ်လိုက်လေတော့၏။

'ဟင်'

ရွှေမျက်နှာဖုံးမှာ ယမ်းကြိုးများ ဖြတ်တောက်သွားသည်ကို မြင်လိုက်ရလျှင် မျက်နှာ ကွက်ခနဲ ပျက်သွားရ၏။ ယင်းအချိန်မှာပင် ညဥ့်လူ၊ စင်းပိလျံနှင့် ရိကျင့်စန်းတို့က အထက်သို့ ခုန်ပျံထိုးဆင်း ရောက်ရှိလာကြရသေပြီ။

'ရှီး ရှီး ရှီး'

မြားတံများက အဆက်မပြတ် ဝင်ရောက်လာကြပြန်၏။ စင်းပိလျံ၊ ညဥ့်လူနှင့် ရိကျင့်စန်းတို့က မြားတန်များကို ဓားများဝှေ့ယမ်းကာ ခတ်ထုတ်ပစ်လိုက်ကြ၏။ မြားတန်များအားလုံးမှာ ဓားချက်များကြောင့် လွင့်စဉ်ထွက်သွားကြရ၏။

'ယား'

'ဟိုင်း'

'ထန်း ထန်း ထန်း'

စင်းပိလျံက လေထဲမှာကျွမ်းတစ်ချက်ပစ်လိုက်ကာ ရွှေမျက်နှာဖုံးအား မိုးကြိုးဓားချက်နှင့် ခုတ်ပိုင်းချလိုက်ရာ ရွှေမျက်နှာဖုံးက သူ့ဓားဖြင့် တန်ပြန်တိုက်ခိုက်ပစ်လိုက်၏။

'တိုက်ကြ၊ တိုက်ကြ'

'သူတို့ကို တစ်ယောက်မှမလွတ်စေနဲ့'

ရွှေမျက်နှာဖုံးက နောက်သို့ခုန်ဆုတ်ကာ အနက်ရောင် သိုင်းသမားများကို အော်ဟစ် အမိန့်ပေးလိုက်၏။ အနက်ရောင် သိုင်းသမားများနှင့် စင်းပိလျံတို့သုံးယောက် တိုက်ပွဲက ပြင်းထန်စွာဖြစ်ပွားလာရလေပြီ။

'ယား'

စင်းပိလျံက မာန်သွင်းကာ ရွှေမျက်နှာဖုံးဆီသို့ ခုန်ပျံပြီး တိုက်ခိုက်ပစ်လိုက်၏။ ရွှေမျက်နှာဖုံးက ကိုယ်ကို ယိမ်းကာ ရှောင်တိမ်းပေးလိုက်ပြီး စင်းပိလျံ၏ လည်မျိုဆီသို့ ဓားဖျားကို ဟူးခနဲ ပက်သွင်းပစ်လိုက်၏။

'ထန်း'

စင်းပိလျံက ရွှေမျက်နှာဖုံး၏ဓားကို သူ့ဓားဖြင့်ကာကွယ်ပေးလိုက်ရ၏။ တစ်ဖက်တွင်လည်း ရွှေမျက်နှာဖုံး၏အနက်ရောင် သိုင်းသမားများနှင့်ညဥ့်လူတို့က တိုက်ခိုက်လျက် ရှိနေကြ၏။

'ရှိုး'

'ဖောင်း'

ရုတ်တရက် အထက်သို့ အချက်ပေး မီးမြားတစ်စင်း ထိုးတက် ပေါက်ကွဲသွားပြီးနောက် နေစကြာဂိုဏ်းသားများရောက်ရှိလာကြ၏။

နေစကြာဂိုဏ်းသားများက စင်းပိလျံနှင့် ရဲကျင့်စန်းတို့ကို အရှိအသေပြုလိုက်ကာ ရွှေမျက်နှာဖုံး၏ အနက်ရောင် သိုင်းသမားများကို ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြ၏။





အင်အားများပြားကာ သိုင်းပညာ အစွမ်းထက်လှသော နေစကြာဂိုဏ်းသားများကြောင့် ရွှေမျက်နှာဖုံး၏အနက်ရောင် သိုင်းသမားများမှာ နောက်သို့ တစ်ဆုတ်ဆုတ်ဆုတ်ပေးနေကြရ၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

'အား အင့် အိုး'

ရွှေမျက်နှာဖုံး၏စခန်းကြီးအတွင်း တိုက်ခိုက်သံ၊ အော်ဟစ်သံများမှာ ငရဲပွက်သည့်အလား ဆူညံ ပွက်လောရိုက်လျက် ရှိနေ၏။ ရွှေမျက်နှာဖုံးမှာ စင်းပိလျံနှင့်ညဥ့်လူတို့ကို ရင်ဆိုင်လိုက်ရလေပြီ။

စင်းပိလျံနှင့်ညဥ့်လူတို့က ရွှေမျက်နှာဖုံးကိုပိတ်ဆို့ဝိုင်းရံထားလိုက်ကြ၏။

'ယား'

'ဟိုင်း'

'ထန်း ချွမ်း'

ရွှေမျက်နှာဖုံးက စင်းပိလျံနှင့် ညဥ့်လူတို့၏ ဓားချက်များကို သူ့ဓားဖြင့် ဇွတ်ယမ်းကာကွယ်ပေးလိုက်၏။ ညဥ့်လူနှင့် စင်းပိလျံတို့က ရွှေမျက်နှာဖုံးကို ဝဲယာခွဲကာတိုက်ခိုက်လိုက်ကြ၏။

'ဝှီး'

'ဝှီး'

စင်းပိလျှံ၏ခေါးချက်က ရွှေမျက်နှာဖုံး၏ ရင်ဝဆီသို့ ဝင်ရောက်သွားသလို ညဉ့်လူ၏ခေါးချက် ရွှေမျက်နှာဖုံး၏ ဝမ်းဗိုက်ဆီသို့ ဖြတ်ဝင်သွား၏။

'ဟိုင်း'

ရွှေမျက်နှာဖုံးက မာန်သွင်းကာ ခေါးနှစ်လက် ကြားမှ ပျံလွှားငှက်တစ်ကောင်လို ဖောက်ထွက် ရှောင်တိမ်းပေးလိုက်သည်။

သို့သော် ညဉ့်လူ၏ မြန်ဆန်သော ခေါးချက်ကြောင့် ရွှေမျက်နှာဖုံး၏ မျက်နှာဖုံးမှာ ခေါးဖျားနှင့်ခတ်မိကာ ကွဲထွက်လွင့်စဉ်သွားရ၏။

'ဟင်'

'ဟာ'

မြင်လိုက်ရသောမြင်ကွင်းကြောင့် ညဉ့်လူနှင့် စင်းပိလျှံတို့မှာ အံ့အားသင့်သွားကြရ၏။ ရွှေမျက်နှာဖုံးအောက်မှထွက်ပေါ်လာသောသူသည်ကား နေစကြာလက်ထောက်ဝိုဏ်းချုပ်ကြီး မုရှန်ကွန်းပင်ဖြစ်ပေတော့၏။

'မုရှန်ကွန်း ခင်ဗျားဆိုတာ ကျုပ်သိနေတယ်'

စင်းပိလျှံက မုရှန်ကွန်းကို ခေါးဦးနှင့် ထိုးချိန်ကာ ပြောကြားလိုက်၏။ ညဉ့်လူကလည်း မုရှန်ကွန်းအား....

'ဟိတ်... မုရှန်ကွန်း၊ မင်းနဲ့ငါ ဒီကနေ့တော့ အပြတ်အသတ် စာရင်းရှင်းရမယ့်နေ့ပဲကွ'

'ယား'





ညဉ့်လူက စကားဆုံးသည်နှင့် မုရှန်ကွန်းကို ဝင်ရောက်တိုက်ခိုက်ပစ်လိုက်၏။

'ချမ်း'

မုရှန်ကွန်းက ညဉ့်လူ၏ခေါးကို သူ့ခေါးနှင့် ပူးကပ်ပေးလိုက်ကာ....

'မင်း ဘယ်သူလဲ'

'ငါ စင်းပိလုံ'

'ဟင်'

'ဟာ'

'အို'

ကြားလိုက်ရသောစကားကြောင့် အားလုံးမှာ အံ့အားသင့်သွားကြရ၏။ ညဉ့်လူက စကားဆုံးသည်နှင့် မျက်နှာပေါ်မှ မျက်နှာဖုံးကိုချွတ်ပစ်လိုက်သည်။

ထိုအခါကျမှ ညဉ့်လူ၏တည်ကြည်ခန့်ညားသောရုပ်သွင်ကို အားလုံးက တွေ့မြင်လိုက်ရသည်။

ယစ်ထုပ်သိုင်းသမားကြီးက....

'အို... နေစကြာဂိုဏ်းချုပ်ကြီး စင်းပိလုံပါလား၊ စင်းပိလျှံ ဒါဟာ မင်းဖေဖေပဲ'

'ဖေဖေ'

'သား'

စင်းပိလျှံက ဖခင်ဖြစ်သူ စင်းပိလုံအား ဝမ်းသာအားရနှင့် ခေါ်လိုက်ရာ စင်းပိလုံကလည်း သားဖြစ်သူအား ပီတိဖြစ်

စွာ ခေါ်လိုက်၏။ သားအဖ နှစ်ယောက်တို့ တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားမိလိုက်ကြ၏။

'ယား'

'ဝှစ်'

အခွင့်ကောင်းယူကာ မုရှန်ကွန်းက သားအဖ နှစ်ယောက်ထံသို့ ခုန်ပျံ ဝင်ရောက်လာပြီး နှစ်ယောက်စလုံးကို နဂါးမြေလူး ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

စင်းပီလုံနှင့် စင်းပီလျံတို့က ခုန်ပျံ ရှောင်တိမ်းပေးလိုက်ကြ၏။ မုရှန်ကွန်းက စင်းပီလုံအား စူးစိုက် ကြည့်လိုက်ပြီး....

'စင်းပီလုံ မင်းက တော်တော် အသက်ပြင်းတာပဲ၊ ငါက မင်းကို ချောက်ထဲ ချခဲ့တာတောင် မင်းက မသေးဘူး'

စင်းပီလုံက တဟားဟား ရယ်မောလိုက်ကာ....

'မုရှန်ကွန်း....ငါက မင်းအကြံအစည်းတွေ ကြိုတင်သိထားလို့ အကာအကွယ်တွေ ကြိုတင်ပြီး လုပ်ဆောင်ထားခဲ့တယ်၊ ဒါကြောင့် ငါမသေခဲ့တာပဲ၊ ကိုင်း မင်းကို ငါတို့အားလုံးက ဝိုင်းထားပြီးပြီ၊ မင်းလူတွေလဲ အားလုံး ကျဆုံးကုန်ကြရပြီ၊ မင်း အေးအေးဆေးဆေး အညံ့ခံပါတော့'

မုရှန်ကွန်းက စင်းပီလုံကို ဓားဦးဖြင့် ထိုးချိန်လိုက်ပြီး....

'စင်းပီလုံ ငါက ဘယ်တော့မှ အညံ့မခံဘူးကွ၊ မင်းကို သတ်ပြီးမှ ငါ အသေခံသွားမယ်'

စင်းပီလုံက ဒေါသတကြီးဖြင့် မုရှန်ကွန်းကို ဝင်ရောက်တိုက်ခိုက်မည်ပြုစဉ် စင်းပီလျံက စင်းပီလုံအား....





'ဖေဖေ ဒီကောင်ကြီးကို ကျွန်တော် ဆုံးမလိုက်ပါရစေ၊ ကျွန်တော့် တာဝန် ထားလိုက်ပါ'

'အေး....ဒါဆိုရင်လဲ သားပဲ ကြည့်ပြီး စီရင်လိုက်ပါကွာ'

စင်းပီလုံက ပြောကာ နောက်သို့ ဆုတ်ပေးလိုက်၏။ စင်းပီလျံက ဓားကို ဝှေ့ယမ်းကာ မုရှန်ကွန်းထံသို့ လူရော ဓားပါ လွှားဝင်သွားတော့၏။

'ယား'

'ဟိုင်း'

'ချွမ်း'

မုရှန်ကွန်းကလည်း ဓားဖြင့် တန်ပြန် တိုက်ခိုက်ပစ်လိုက်ရာ ဓားနှစ်လက်မှာ ပြင်းထန်စွာ ထိခတ်မိကာ မီးများပွင့်ထွက်သွားရ၏။

စင်းပီလျံက ဓားကို လှန်ပြီး ဘီလူးရင်ခွဲ ဓားချက်ဖြင့် ရှပ်တင်လိုက်ရာ မုရှန်ကွန်းမှာ နောက်သို့ ခုန်ဆုတ်ကာ အမြန်ဆုံး ရှောင်တိမ်းပေးလိုက်ရ၏။

'ဝှစ်'

ကံကောင်း ထောက်မသဖြင့် စင်းပီလျံ၏ ဓားချက်က မုရှန်ကွန်း ရင်ဝအနီးမှ ပွတ်ကာသီကာကလေး လွဲချော်သွားရ၏။ အကယ်၍ ထိလိုက်ပါက မုရှန်ကွန်းမှာ ရင်ပွင့် ထွက်သွားရပေမည်။

မုရှန်ကွန်းက ချက်ချင်း ရှေ့သို့ ပြန်ခုန်တက်လာပြီး....

'စင်းပိလျံ' မင်းအဖေတောင် ငါ့ကို မနိုင်တာ၊ မင်းက ငါ့ကို နိုင်မတဲ့လား၊ ငါက မင်းကို အလျင်တစ်ကြိမ်က ပညာလျှိုပြီး အရှုံးပေးခဲ့တာကွ အခုတော့ ကြည့်လိုက်စမ်း'

'ယား'

မုရှန်ကွန်းက စကားဆုံးသည်နှင့် ဓားကို ကန့်လန့်ဖြတ်ကိုင်လိုက်ကာ ခုနစ်စင်ကြယ် ဓားချက်ဖြင့် စင်းပိလျံအား ခုတ်ပိုင်းပစ်လိုက်၏။ ဓားရိပ်နှစ်ရိပ်က စင်းပိလျံ၏ ကိုယ်ပေါ်သို့ အစက်အပြောက်များ သဖွယ် ကျရောက်သွားကြ၏။

'ထန်း....ထန်း....ထန်း....ထန်း'

စင်းပိလျံက ခုနစ်စဉ်ကြယ် ဓားစက်ဝိုင်းကြီးကို နဂါးအမြီးယမ်း ဓားချက်ဖြင့် လေမုန်တိုင်းကျသလို ဖျက်ထုတ်ပစ်လိုက်၏။ ထို့ကြောင့် မုရှန်ကွန်း၏ ဓားချက်များမှာ နောက်သို့ ပြန်ကန် တွက်သွားရ၏။

စင်းပိလျံက မုရှန်းအား....

'မုရှန်ကွန်း၊ ခင်ဗျားအတွက် မနက်ဖြန်ဆိုတာ မရှိတော့ပါဘူး၊ ခင်ဗျား သေဖို့သာ ပြင်ပေတော့'

စင်းပိလျံက စကားဆုံးသည်နှင့် ဓားကို ဝေ့ယမ်းကာ မုရှန်ကွန်းထံသို့ ခုန်ဝင် တိုက်ခိုက်ပစ်လိုက်၏။

'ယား'

မုရှန်ကွန်းက အထက်သို့ ခုန်တက်လိုက်သည်နှင့် စင်းပိလျံကလည်း အထက်သို့ ခုန်တက် လိုက်ပါလာ တိုက်ခိုက်ပစ်လိုက်၏။





'ထန်း ထန်း ထန်း'

နှစ်ယောက်သား လေထဲတွင် ဆုံတွေ့မိကာ ဓားချင်း ထိခတ်မိလိုက်ကြ၏။ မုရှန်ကွန်းက လက်နက်ပုန်းများကို တိတ်တဆိတ်ပစ်သွင်းလိုက်သော်လည်း စင်းပိလျံက ဓားနှင့် ဝေ့ယမ်းခတ်ထုတ်ပစ်လိုက်သောကြောင့် အသုံးမဝင်ဘဲ ဖြစ်သွားရသည်။

နှစ်ယောက်သား လေထဲမှာပင် ကျွမ်းပစ်ကာ ဓားချင်း ဆိုင်လိုက်ကြပြန်၏။

'ချွမ်း'

ထို့နောက် အောက်သို့ ပြိုင်တူ ပြန်ကျလာကာ လက်ဝါးချင်း ဆိုင်ရိုက်မိကြပြန်သည်။

'ဝုန်း'

'အင့်'

သံမဏိငှက် စားထားသည့် စင်းပိလျံ၏ ကြီးမားသော အတွင်းအားကြောင့် မုရှန်ကွန်းမှာ နောက်သို့ ယိမ်းယိုင်ထွက်သွားရ၏။ ပါးစပ်မှလည်း ညည်းကာ သွေးများ တပွက်အန်ထွက်ကျလာရသည်။

စင်းပိလျံက ဟက်ခနဲ ရယ်မောလိုက်ပြီး....

'လူယုတ်မာကြီး၊ ဒီတစ်ခါတော့ ခင်ဗျား မှတ်လောက်သားလောက် ရှိသွားပြီ၊ ကျုပ်ဓားချက်ကိုသာ ဆက်ပြီး မြည်းစမ်းကြည့်လိုက်စမ်း'

မုရှန်ကွန်းက အံကြိတ်ကာ....

'ခွေးခကောင်လေး မင်းသတိထား၊ ငါ့ခါးက မကြာခင်မှာ ဘယ်လောက် အစွမ်းထက်မြက်တယ်ဆိုတာ တွေ့ရစေမယ်'

မုရှန်ကွန်းက အော်ငေါက် ပြောကြားလိုက်ပြီးနောက် ဓါး ကို တစ်ချက်ခါထုတ်လိုက်သည်။

'ဖြန်း'

ရုတ်တရက် မုရှန်ကွန်း၏ ဓါးမှာ အရောင်ပြောင်းလဲသွား ကာ ဝင်းလက်သော ဓါးအလင်းတန်းကြီးများက ရုတ်ခြည်း ထွက်ပေါ်လာသည်။

ထိုတောက်ပသော ဓါးရောင်ကြောင့် မြင်လိုက်ရသူများမှာ မျက်လုံးများ ကျိန်းစပ်ကာ ပြာဝေသွားကြရသည်။

'ဟင်'

စင်းပိလျံမှာ ရုတ်တရက် မျက်လုံးများ ပြာဝေကျိန်းစပ် သွားရကာ ဘာမှ မမြင်တော့လောက်အောင် ဖြစ်သွားရလေ သည်။

'ယား'

ယင်းအချိန်မှာပင် မုရှန်ကွန်းက မာန်သွင်းသံပြုကာ စင်းပိ လျံထံသို့ လွှားဝင်လာရင်း ဓါးဖြင့် မိုးကာ အပိုင်ခုတ်ပိုင်းချ လိုက်သည်။

'ဝှီး'

စင်းပိလျံက မျက်လုံးများ ဘာမှ မမြင်ရလောက်အောင် ကျိန်းစပ်သွားရသော်လည်း ဓါးလေတိုးသံ ကြားလိုက်ရသည် နှင့် ကိုယ်ကိုဝပ်ကာ ရှောင်တိမ်းပေးလိုက်ပြီး ဓါးကို အပေါ် သို့ လှန်ထိုးပစ်လိုက်သည်။





'ဒုတ်'

'အား'

မုရှန်ကွန်းထံမှ စူးရှစွာ အော်ဟစ်လိုက်သော အသံနက်ကြီး က ကြောက်ခမန်းလိလိ ထွက်ပေါ်လာ၏။ စင်းပိလျံ၏ ဓါး က မုရှန်ကွန်း၏ ဝမ်းဗိုက်မှ ကျောပြင်သို့တိုင် ထုတ်ချင်းခတ် ဖောက်ထွက်သွားရလေပြီ။

'အား မင်း မင်း'

'ဝုန်း'

မုရှန်ကွန်းသည် ဒေါသတကြီးနှင့် စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ဘဲ ဝုန်းခနဲ ထိုးလဲကျကာ အသက်ပျောက်သွား ရတော့သည်။

'အောင်ပြီ၊ အောင်ပြီ'

'အောင်ပြီ၊ အောင်ပြီ'

နေစကြာဂိုဏ်းသားများက တညီတညွတ်တည်း အော်ဟစ် ကာ စင်းပိလျံနှင့် စင်းပိလုံတို့အား ဒူးများထောက်ကာ အရို အသေ ပြုလိုက်ကြ၏။ စင်းပိလျံက ဖခင်ကြီးအား

'ဖေဖေ သားတို့ ဖေဖေ့ကို လိုက်ရှာနေကြတာ၊ ဖေဖေက ဘယ်ရောက်နေတာလဲ'

စင်းပိလုံက ပြုံးလိုက်ကာ....

'ဖေဖေ ဘယ်မှ မရောက်ပါဘူးကွယ်၊ သားအနားမှာပဲ အမြဲတမ်းရှိတယ်၊ ဖေဖေက ညဉ့်လူအဖြစ်နဲ့ သားကို အမြဲလိုက် ပြီး စောင့်ရှောက်နေခဲ့တာပါ'

ဖေဖေက ဘာဖြစ်လို့ နေစကြာဂိုဏ်းကို စွန့်ခွာသွားရတာလဲ’

‘ဒီအကြောင်းတွေ ပြောရရင် အရှည်ကြီးပဲသား၊ ဖေဖေ နောက်မှ ပြောပြမယ်၊လော လောဆယ် စခန်းကို ပြန်ကြစို့’

ထို့နောက် ရဲကျင့်စန်းက မုရှန်ကွန်း လျှို့ဝှက်သိမ်းဆည်းထားသော ဟသ်ာခေါးကို ရှာဖွေယူဆောင်ကာ စင်းပီလျံအား ပြန်လည် ပေးအပ်လိုက်သည်။

နေစကြာဂိုဏ်းသားများမှာ သူတို့၏ ဂိုဏ်းချုပ်ကြီးနှစ်ယောက်ကို တစ်နေရာတည်း၊ တစ်ပြိုင်တည်း တွေ့လိုက်ကြရသဖြင့် အထူးပင် ဝမ်းမြောက်အားတက်နေကြရသည်။

ရန်သူများအားလုံး ကင်းရှင်းသွားပြီးနောက် ရွှေမျက်နှာဖုံး၏ စခန်းတွင် အစောင့်များချထားခဲ့ပြီး တာဝန်များပေးအပ်ခဲ့ကာ နေစကြာဂိုဏ်းသို့ ပြန်လာခဲ့ကြ၏။ နေစကြာဂိုဏ်းသို့ ပြန်ရောက်သောအခါ စင်းပိလုံက သူ တွေ့ကြုံခဲ့ရသည်များကို စင်းပိလျံအား ပြန်လည်ပြောပြလိုက်လေ၏။



(၂၀)

တောင်တန်းပြာကြီးများက မှိုင်းညို့စွာ တည်ရှိနေကြ၏။ အဝေးမှမြင်နေရသည်မှာ အပြာရောင် နဂါးကြီးတစ်ကောင် လဲလျောင်းနေသကဲ့သို့ မှတ်ထင်ရ၏။ နိမ့်လိုက် မြင့်လိုက်နှင့် တောင်တန်းကြီးများ အထပ်ထပ်တည်ရှိနေကြ၏။

တောက မှိုင်းသလို တောင်ကညို့ နေ၏။ အရွက်ဖားဖား၊ အခက်ထွားထွားများက နေပြောက်မ ထိုးအောင် လက်ယှက်ထိုး တည်ရှိနေကြ၏။

ဒေါင်း၊ အိုးဝေ၊ မျောက် ကြိုးခွေအသံများ တောတောင်ကြီးများ၏ အသံများကိုပင် တောနက်ကြီးများ အတွင်းမှ တစ်ခါတစ်ရံ ကြားနေရတတ်ပေ၏။

တောနက်ကြီးအတွင်း တောသမ်းကလေး အတိုင်း မြင်း တစ်စီးက အပြင်းနှင်လျက်ရှိနေ၏။ မြင်းညိုကြီးထက်မှ လူရွယ် သည် အဖြူရောင်ဂါတ်စုံကို ဝတ်ဆင်ထားကာ ဓားတစ်လက်ကို ကျောတွင်ပိုးလွယ်ထား၏။

လူရွယ်သည်ကား နေစကြာ ဂိုဏ်းချုပ်ကြီး စင်းဟန်ကျဲ၏ သား စင်းပိလုံပင်ဖြစ်၏။ နေစကြာဂိုဏ်းချုပ်ကြီးစင်းဟန်ကျဲ၏ သားဖြစ်သူ စင်းပိလုံအား ထိုက်ဟန်တောင်ရှိ သိုင်းပညာရှင် ကြီး ထန်ထင်းချိုက်ထံသို့ သိုင်းပညာများထပ်မံသင်ယူရန် စေ လွှတ်လိုက်ခြင်းပင် ဖြစ်၏။

ထိုက်ဟန်တောင်ရှိ သိုင်းပညာရှင်ကြီး ထန်ထင်းချိုက်၏ သိုင်းလောကဘွဲ့အမည်မှာ အဖြူရောင်ဓားဖြစ်၏။

အဖြူရောင်ဓား၏ အဓိပ္ပာယ်မှာ သစ္စာ၊ သမာဓိ၊ သတ္တိ ဟူသော အဓိပ္ပာယ်ပင်ဖြစ်၏၊ သစ္စာ၊ သမာဓိ၊ သတ္တိနှင့်ပြည့် စုံသော ဓားပညာရှင်ကြီးဟူ၍ အဓိပ္ပာယ်ရပေ၏။

ထိုက်ဟန်တောင်ရှိ သိုင်းပညာရှင်ကြီး ထန်ထင်းချိုက်မှာ စင်းပိလုံ၏ဖခင် နေစကြာဂိုဏ်းချုပ်ကြီး စင်းဟန်ကျဲ၏ ဆရာ သခင်ကြီးလည်း ဖြစ်ပေသည်။

ယခုအခါ အဖြူရောင်ဓား ထန်ထင်းချိုက်မှာ သိုင်းလော ကကို စွန့်ခွာပြီး ထိုက်ဟန်တောင်ပေါ်တွင်ပင် အေးဆေးစွ နေဆိုင်လျက်ရှိနေသည်။

သူသည် အသက်အရွယ် ကြီးရင့်လာပြီ ဖြစ်သည်က တ ကြောင်း၊ သိုင်းလောကနှင့်ရှုပ်ထွေးပွေလီလှသောပြဿနာမျာ ကြောင့် တစ်ကြောင်း၊ သိုင်းလောကကိုစွန့်ခွာကာ ဤတေ





ချမ်း သာယာလှသော လူသူမနီးတောတောင်ကြီးအတွင်းတွင် တစ်ကိုယ်တည်းလာရောက်နေထိုင်ခြင်းပင် ဖြစ်သည်။

ထိုက်ဟန်တောင်မှာအလွန်မြင့်မားပြီး မှိုင်းထိစွင့်ရှိင်းသော တောင်ကြီးတစ်လုံးကြီးပင် ဖြစ်ပေသည်။ အဖြူရောင်ဓား ထန် ထင်းချိုက်သည် ထိုက်ဟန်တောင်ထိပ်ရှိ သစ်လုံး အိမ်ကလေး တွင် နေထိုင်လျက်ရှိသည်။

ထိုက်ဟန်တောင်သည် အလွန်သာယာသော တောင်ကြီး တစ်လုံး ဖြစ်ပြီး သစ်ပင်ပန်းမာလ်များ၊ ကျေးငှက်တိရစ္ဆာန် များ အထူးပေါများလှ၏။ တောင်တက်လမ်းတစ်လျှောက် ပန်းရိုင်းခင်းကြီးများနှင့် မွှေးကြိုင် သင်းပျံ့လျက် ရှိနေလေ သည်။

နံနက်ခင်းလေပြည်သည် တသုန်သုန်တိုက်ခတ်လျက် ရှိနေ သည်။ နေခြည်နုနုသည် သစ်ရွက်ကြို သစ်ရွက်ကြားမှ ထိုး ဖောက် ဖြာဆင်းလျက်ရှိနေသည်။ မြင်းခွာသံမှာ ဂီတ စည်း ချက် အလား မှန်မှန်ကလေး ထွက်ပေါ်လျက်ရှိသည်။

မြင်းထက်မှလူရွယ်မှာ ပတ်ဝန်းကျင် ရှုခင်းအလှများတွင် နစ်မျောနေမိသည်။ မြင်း၏ခေါင်းဆောင်ရာနောက်သို့ လိုက်ပါ သကဲ့သို့ ရှိနေသည်။

ရုတ်တရက် မြင်း ခြေလှမ်းများက ရပ်တန့်သွားတော့မှ လူရွယ်ကသတိပြန်ဝင်လာရသည်။

သူက ရှေ့သို့ ကြည့်လိုက်ရာ လူလေးယောက် မြင်းရှေ့ တည့်တည့်တွင် ရပ်နေကြသည်ကို တွေ့လိုက်ရသည်။ ထိုအခါ

ကျမှ သူ့မြင်း အဘယ့်ကြောင့်ရပ်တန့်သွားရသည်ကို သဘော ပေါက်မိလိုက်တည်။

လမ်းပိတ်ရပ်နေသူ လေးယောက်တို့သည် ခမောက်ကြီး များ ဆောင်းထားကာ ဖျင်ကြမ်းအင်္ကျီများ ဝတ်ဆင်ထားကြ သည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့် ထူလပျစ် ဖြစ်နေ ကာ အမူအရာများမှာ ခက်ထန်ကြမ်းကြုတ်လှပေသည်။

ကြည့်ရသည်မှာ တောပုန်းဓားပြကြီးများဖြစ်ကြဟန်တူပေ သည်။ လေးယောက်စလုံးက စုတ်စုတ်ပြတ်ပြတ် ကြမ်းကြမ်း တမ်းတမ်း ပုံစံချွားဖြစ်နေကာ ဓားပြားကြီးများ ကိုင်ဆောင် ထားကြသည်။

စင်းပီလုံက မျက်မှောင်ကြုတ်လိုက်ပြီး…

'ခင်ဗျားတို့က ဘာတွေလဲ၊ ဘာဖြစ်လို့ ကျုပ် သွားမယ့် လမ်းမှာ ပိတ်ဆို့ရပ်နေကြတာလဲ'

တောပုန်းဓားပြကြီး တစ်ယောက်က စူးရှခက်ထန်သော လေသံဖြင့်….

'ငါတို့လိုချင်တာက မင်းဆီမှာပါလာတဲ့ငွေရယ်၊ မြင်းရယ်၊ ဇီနှစ်ခုရရင် မင်းကို အေးအေးဆေးဆေးသွားခွင့်ပေးလိုက်မယ်'

စင်းပီလုံက မျက်မှောင်ကြုတ်လိုက်ကာ….

'ကျုပ်မြင်းနဲ့ ငွေကတော့ ကျုပ်သေမှ ရမယ်၊ ခင်ဗျားတို့ အသားမနာချင် ဘေးဖယ်နေလိုက်ကြပါ'

'ဟား ဟား ဟား'

'ဟား ဟား ဟား'





တောပုန်းဓားပြကြီး လေးယောက်က စင်းပီလုံ စကားကို သဘောကျသွားဟန်ဖြင့် တဟားဟား ရယ်မောလိုက်ကြ၏။ တောပုန်းဓားပြကြီးတစ်ယောက်က စင်းပီလုံအား ဓားပြား ကြီးနှင့် ထိုးချိန်လိုက်ပြီး…

'မင်းသေမှ ရမှာဆိုတော့ ငါတို့က မင်းကို သတ်ရတော့မှာ ပေါ့ကွာ၊ မင်းဆန္ဒကို ဖြည့်စွမ်းပေးရတော့မှာပေါ့၊ ကိုင်း….'

စကားဆုံးသည်နှင့် တောပုန်းဓားပြကြီးက ဓားပြားကြီး ဝှေ့ယမ်းကာ စင်းပီလုံထံသို့ ခုန်ပျံဝင်ရောက်လာသည်။

'ယား'

'ဖြောင်း'

'အိုး'

စင်းပီလုံက မြင်းထက်မှ ခုန်ပျံကန်ပစ်လိုက်ရာ ပြေးဝင်လာ သော တောပုန်းဓားပြကြီးမှာ အော်ဟစ်ရင်း နောက်သို့ လွင့် စဉ်ထွက်သွားရသည်။ တောပုန်းဓားပြကြီးမှာ လိမ့်ဆင်းသွား ရကာ မေ့မျော့သွားရ၏။

'ဟာ ဟင်'

ကျန်တောပုန်းဓားပြကြီးသုံးယောက်တို့မှာ သူတို့ အဖော် ကို ကြည့်ကာ မျက်နှာများ ကွက်ခနဲ ပျက်သွားကြ၏။ သူတို့ အဖော် လူကြမ်းကြီးက လောကကြီးနှင့် ခေတ္တမျှ အဆက်ပြတ် သွားပြီ မဟုတ်ပါလား။

စင်းပီလုံက မြင်းထက်မှ လွှားဆင်းကာ ဟက်ခနဲ ရယ် မောလိုက်ပြီး….

'ကိုင်း ခင်ဗျားတို့ အဖော်တော့ လောကကြီးနဲ့ အဆက်ပြတ်သွားပြီ၊ ခင်ဗျားတို့သုံးယောက်လဲ ကျုပ်နဲ့ တိုက်ခိုက်ရင်ဒီလိုပဲ ဖြစ်သွားလိမ့်မယ်၊ ကျုပ်က သာမန်ခရီးသွား မဟုတ်ဘူး၊ သိုင်းလောကသားတစ်ယောက်ပဲ'

တောပုန်းဓားပြကြီးသုံးယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ တောပုန်းဓားပြကြီးတစ်ယောက်က ထွီးခနဲ တံတွေးထွေးလိုက်ပြီး....

'မင်းကြည့်ရတာ နို့နံ့တောင် မစင်သေးဘူး၊ စကားပြောတာ တော်တော်ကြီးကျယ်တာပဲ၊ မင်းကိုတော့ ငါတို့က ကောင်းကောင်း ဆုံးမပေးရမယ်၊ ကိုင်း'

'ယား'

'ဟိုင်း'

တောပုန်းဓားပြကြီး သုံးယောက်က ဓားမြှောင်ကြီးများ ဝေ့ယမ်းကာ စင်းပီလုံအား ပိုင်း၍ တိုက်ခိုက်လိုက်ကြသည်။ စင်းပီလုံက ဓားလုံးဝ မထုတ်ဘဲ ဓားချက်များကြားမှ လိပ်ပြာတစ်ကောင်ပမာ ပျံဝဲရင်း ရှောင်တိမ်းပေးနေလိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

'ဝှီး ဝှီး ဝှီး'

ဓားချက်များက စင်းပီလုံ၏ ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များပမာ အဆက်မပြတ် ကျဆင်းနေသော်လည်း စင်းပီလုံကိုယ် မဆိုထားနှင့် အင်္ကျီစကလေးကိုပင် ထိအောင် ခုတ်ပိုင်းနိုင်စွမ်း မရှိပါချေ။

'ဖြောင်း'

မိုးဆမ်းပန်းစာပေ



'ဝုန်း'

'အား အင့်'

စင်းပီလုံက ရှောင်တိမ်းပေးရင်းမှ ခြေရောလက်ပါ ဝေ့ယမ်း တိုက်ခိုက်ပစ်လိုက်ရာ တစ်ဟုန်ထိုး ပြေးဝင်လာသော တောပုန်းဓားပြကြီးသုံးယောက်အနက် နှစ်ယောက်မှာ အော်ဟစ်ကာ လိမ့်ဆင်းထွက်သွားရသည်။

'ဟင်'

နောက်ဆုံး ကျန်ရှိနေသော တောပုန်းဓားပြကြီးမှာ လိမ့်ဆင်းထွက်သွားသော အဖော်နှစ်ယောက်ကို ကြည့်ကာ မျက်လုံးမျက်ဆန် ပြူးကျယ်ဝိုင်းစက်သွားရသည်။

ကိုင်း ခင်ဗျားတစ်ယောက်ပဲ ကျန်တော့တယ်၊ ခင်ဗျားကိုတော့ ကျုပ်က ဓားပညာနည်းနည်း ပြလိုက်ပါမယ်'

စင်းပီလုံက စကားမဆုံးမီမှာပင် လက်တစ်ဖက်ကို ဝီးခနဲ ဝေ့ယမ်းပစ်လိုက်၏။

'ဝှီး....'

ဓားထုတ်သည်ပင် မမြင်လိုက်ရဘဲ ဓားရောင်တစ်ချက် ဖွေးလက်သွားသည်ကို မြင်လိုက်ရ၏။ တောပုန်းဓားပြကြီး၏ အင်္ကျီရင်ပတ်စမှာ ကွဲထွက်သွားရသည်။

'ဟာ'

တောပုန်းဓားပြကြီးများ ထိတ်လန့်ကာ နေရာမှာပင် မနေဝံ့တော့ဘဲ တောထဲသို့ တစ်ချိုးတည်း ထွက်ပြေးလေတော့သည်။

ဟား ဟား ဟား'

မိုးဆမ်းပန်းစာပေ

စင်းပီလုံမှာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းပြေးသွားသည့် တောပုန်းခေါးပြုကြီးကိုကြည့်ကာ တဟားဟားရယ်မောလိုက်၏။ တောပုန်းခေါးပြုကြီးများသည် ခေါးသာ ကိုင်းနေကြပြီး ခေါးစည္ဒကျွမ်းကျင်သူများ မဟုတ်ကြပေ။

သိုင်းပညာ မတတ်သူများကိုသာ အနိုင်ရမည်ဖြစ်ပြီး သိုင်းပညာ တတ်မြောက်သူများနှင့် ယခုလို ဆုံတွေ့ရပါက အကြီးအကျယ် ရှုံးနိမ့်သွားရမည် ဖြစ်ပေ၏။

စင်းပီလျုံက မြင်းပေါ်သို့ လွှားတက်လိုက်ပြီး တောလမ်းအတိုင်း ဆက်လက် ထွက်ခွာလာခဲ့၏။

● ● ●

ထိုက်ဟန်တောင်

ထိုက်ဟန်တောင်သို့ စင်းပီလုံ ရောက်ရှိလာခဲ့ရလေပြီ။ သူက မိုးထိလုဘနန်း မြင့်မားသော မိုးထိမြင့်မားနေသော ထိုက်ဟန်တောင်ကြီးကို မော့ကြည့်လိုက်မိ၏။

တောင်ထိပ်က ခေါးတစ်လက်ပမာ တိမ်တိုက်များအတွင်းသို့ ဖောက်ထွင်း ဝင်ရောက်လာနေ၏။ စင်းပီလုံက တောင်ခြေတွင် မြင်းကို လွှတ်ထားလိုက်ပြီး ထိပ်တန်း ကိုယ်ဖော့ပညာသုံးကာ တောင်ထိပ်သို့ စတင် တက်ရောက်လာခဲ့၏။

တောင်တက်လမ်းဟူ၍ မည်မည်ရရ မရှိဘဲ ချောမွတ် မတ်စောက်နေသော ကျောက်လမ်းများသာ ပြည့်နှက်နေ၏။ သိုင်းပညာအဆင့် မမြင့်ပါက တောင်အောက်သို့ ထိုးဆင်းကျသွားရမည်သာ ဖြစ်ပေ၏။





လေသည် တဟူးဟူး တိုးဝေ့လျက်ရှိနေ၏။ လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်မှုန်များသည် အထက်သို့ လွင့်ပျံတက်လျက်ရှိ၏။

စင်းပီလုံမှာ တောင်ပေါ်သို့ ထိပ်တန်း ကိုယ်ဖော့ပညာနှင့် တက်ရောက်နေရင်း လေပြင်း တိုက်ခိုက်မှုကြောင့် လွင့်ထွက်မသွားစေရန် အထူး သတိထားနေရ၏။

ပြေးလွှား တက်နေရသည်မှာ ချောမွတ် မတ်စောက်နေသော ကျောက်ဆောင် ထရံချည်းများသာ ဖြစ်ပေ၏။ခြေတစ်ချက်ချော်သွားပါက မရှုမလှ ပွဲချင်းပြီး သေသွားရပေမည်။

ထမင်းတစ်အိုးချက်ခန့် အကြာတွင် သူသည် စိမ်းလန်းသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရ၏။

တောင်ထိပ်တွင် စိမ်းလန်းသော မြက်ခင်းပြင်ကြီးနှင့် စိမ်းညိုသော တောအုပ်များက ထူးခြားစွာ ရှိနေ၏။ ငှက်များက ဝဲပျံနေကြသလို သမင်ကလေးများက ပြေးလွှားလျက်ရှိနေ၏။

တသွင်သွင် စီးဆင်းနေသော စမ်းချောင်းကလေး တစ်ခုကိုပါ တွေ့လိုက်ရသောအခါ စင်းပီလုံမှာ အထူးပင် အံ့အားသင့်သွားရ၏။

မည်သူ တစ်ဦး တစ်ယောက်ကမှ ဤမျှ မြင့်မားစေသီလှသော တောင်ထိပ်တွင် ဤသို့သော ရှုခင်းမျိုး ရှိနေမည်ဟု ထင်မှတ်ကြလိမ့်မည် မဟုတ်ပေ။

ရှုမျှော်ခင်းအလှတွင် စင်းပီလုံမှာ အာရုံငင် နစ်မျောနေမိ၏။ အတန်ကြာမှ သူက စိမ်းလန်းသော မြက်ခင်းပြင်ကြီး၏

အဆုံးတွင် မြေကွက်လပ်ကျယ် တစ်ခုနှင့် သစ်လုံးအိမ်ကလေး တစ်လုံးကို တွေ့မြင်လိုက်ရ၏။

သူသည် ရင်ထဲတွင် ဝမ်းမြောက်သွားမိရ၏။ သူ့ဖခင်ကြီး၏ ဆရာသခင်ဖြစ်သော အဖြူရောင် ခါးသခင် ထန်ထင်းချိုက်သည် ဤသစ်လုံး အိမ်ကလေးတွင် နေထိုင်သည်ဟု ဖခင်ကြီးက ပြောကြားလိုက်သည် မဟုတ်ပါလား။

ဤသေသပ်လှပစွာ ဆောက်လုပ်ထားသည့် သစ်လုံး အိမ်ကလေးတွင် အဖြူရောင် ခါးသခင် ထန်ထင်းချိုက်က နေထိုင်ပေလိမ့်မည်။ သူက ဝမ်းသာအားရနှင့် တွေးရင်း သစ်လုံး အိမ်ကလေးဆီသို့ ခပ်သုတ်သုတ် လျှောက်သွားလိုက်၏။

'ဝှစ်'

ရှုတ်တရက် လက်နက်ပုန်း လေတိုးသံတစ်ချက် ကြားလိုက်ရသောကြောင့် စင်းပိလုံမှာ အထက်သို့ လွှားတက်ကာ အမြန်ဆုံး ရှောင်တိမ်းပေးလိုက်ရ၏။

လက်နက်ပုန်းမှာ မည်သို့သော လက်နက်ပုန်း ဖြစ်နေမည်ကိုပင် မမြင်လိုက်ရဘဲ သူ့ခြေထောက်အောက်မှ ပွတ်ကာ သီကာကလေး ပြေးထွက်သွား၏။

'ဟင်'

စင်းပိလုံမှာ အောက်သို့ ပြန်ခုန်ဆင်းရင်း မျက်လုံးမျက်ဆန် ပြူးကျယ် ဝိုင်းစက်သွားရ၏။ သူက လက်နက်ပုန်း ပစ်ခတ်သူကို ရှာဖွေကြည့်လိုက်ရာ တစ်စုံ တစ်ယောက်မျှလည်း မတွေ့ရပေ။





သို့ဆိုလျှင် လက်နက်ပုန်း ပစ်ခတ်သူသည် အဖြူရောင်ခါး ထန်ထင်းချိုက် သာလျှင် ဖြစ်ရပေမည်။

ဆရာကြီး ထန်ထင်းချိုက်က သူ့ကိုပညာစမ်းခြင်းပင် ဖြစ်ရပေလိမ့်မည်။ သူက ရှေ့သို့ ဆက်လျှောက်လာခဲ့၏။

'ဝုန်း'

ရှုတ်တရက် သူနင်းလိုက်သော မြေပြင်မှာ အောက်သို့ ကျွံဝင်သွားကာ သူပါ အောက်သို့ ထိုးဆင်း ကျသွားရ၏။ အောက်တွင် ရွှံ့ဗွက်များ ရှိနေကာ သူသည် ရွှံ့ဗွက်များ အတွင်း မြုပ်ဆင်းသွားရ၏။

သူက ရွှံ့ဗွက် အထက်သို့ အတင်းရုန်းကန် တက်လာရာ အပေါ်မှ ကြိုးတစ်ချောင်း ကျလာသည်ကို တွေ့မြင်လိုက်ရ၏။

'ဝှီး'

သူက ကြိုးစကိုဆွဲကာ အပေါ်သို့ ကိုယ်ဖော့အားဖြင့် ခုန်တက်လိုက်ရာ ကြိုးစအဆုံးတွင် အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။ သူ့တစ်ကိုယ်လုံးမှာ ရွှံ့ဗွက်များပေကျံ ညစ်ပတ်လျက် ရှိနေ၏။

အဘိုးအိုမှာ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားကာ မျက်လုံးအစုံမှာ စူးရှတောက်ပလှပြီး အတွင်းအား ထိပ်တန်း အဆင့်ရောက်နေပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

အဘိုးအို၏ဆံပင်နှင့် မုတ်ဆိတ် ပါးမြိုင်းမွေးများမှာ နှင်းပွင့်များအလား ဆွတ်ဆွတ်ဖြူလျက် ရှိနေ၏။ အဘိုးအိုကို မျက်မှောင်ကြုတ်ကာ စင်းပိလုံက ကြည့်လိုက်ရင်း....

'ခင်ဗျား ဘယ်သူလဲ၊ ဗီရှိတွင်းကြီး အပေါ်မှာ မြေဖုံးထားတာ ခင်ဗျားလား'

'ဟုတ်တယ်'

'ခင်ဗျားက ဘာကြောင့် ဒီလို လုပ်ထားရတာလဲ၊ အခု ကြည့်စမ်း၊ ကျုပ်တစ်ကိုယ်လုံး ရွှံ့တွေနဲ့ ပေကျံကုန်ပြီ'

'ဟား ဟား ဟား'

အဘိုးအိုက ရယ်မောလိုက်ပြီး....

'ငါက စင်းဟန်ကဲ့ရဲ့သားကို နောက်ပြောင် ကျီစယ်လိုက်တာပါကွာ၊ မင်းလာမယ်ဆိုတာ မင်းအဖေက ငါ့ဆီကို စာပို့ခိုင်း အကြောင်းကြားထားပြီးပါပြီ'

'ဟင်'

စင်းမိလုံမှာ အံ့သြ ထိတ်လန့်သွားရကာ ချက်ချင်းပင် အဘိုးအိုကို လက်နှစ်ဖက်ဆုပ်အရိုအသေပြုလိုက်ပြီး....

'အို....ဆရာကြီးက အဖြူရောင်ခေါ်း ထန်ထင်းချိုက်ပဲကိုး၊ ဆရာကြီးကို ကျွန်တော်မသိလို့ ပြောမှား ဆိုမှားမိတာကို ခွင့်လွှတ်ပါ ခင်ဗျား'

အဖြူရောင်ခေါ်းထန်ထင်းချိုက်က တဟဲဟဲရယ်မောလိုက်ပြီး လက်ကာပြလိုက်ကာ....

'ကိစ္စမရှိပါဘူးကွာ၊ ငါက မင်းကို နောက်ပြောင်ကျီစယ်လိုက်တာကိုး၊ ခုနက ငါပစ်လိုက်တဲ့ လက်နက်ပုန်းက ဘာနဲ့ပစ်လိုက်သလဲဆိုတာ မင်းသိသလား'





စင်းပိလုံက ခေါင်းခါယမ်းပြလိုက်၏။ အဖြူရောင် ခေါ်း ထန်ထင်းချိုက်က အင်္ကျီအိတ်ထဲမှ ပစ္စည်းတစ်ခုကိုထုတ်ယူကာ စင်းပိလုံထံသို့ပစ်ပေးလိုက်၏။

စင်းပိလုံက ထိုအရာကိုဖမ်းယူရင်း မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရ၏။ စောစောက သူ့ထံသို့အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်လာသည့် လက်နက်ပုန်းမှာ သံမြင့်ပြုလုပ်ထားသော လက်နက်ပုန်းမျိုး မဟုတ်။

ပေါ့ပါးပြီး ပါးလွှာသော သစ်သားတစ်မျိုးဖြင့် ပြုလုပ်ထားသည့် သစ်သားခေါ်းပျံကလေးတစ်ခုသာ ဖြစ်၏။ သစ်သားခေါ်းပျံကလေးကိုကြည့်ကာ စင်းပိလုံမှာ တအံ့တသြ ဖြစ်နေရသည်။

အဖြူရောင်ခေါ်း ထန်ထင်းချိုက်က ဟက်ခနဲ ရယ်မောလိုက်ပြီး—

'ကိုင်း ဘယ့်နှယ်လဲ၊ ဒီလောက် ပါးလွှာပေါ့ပါးတဲ့ သစ်သားစကလေးလို လက်နက်ပုန်းတစ်ခုကို မင်း ပစ်ခတ်နိုင်ပါ့မလား၊ ပစ်ကြည့်စမ်း'

စင်းပိလုံက အတွင်းအား စုစည်းကာ သစ်သား ခေါ်းပျံကလေးကို သစ်ပင်ကြီးတစ်ပင်ဆီသို့ ပစ်လွှတ်လိုက်၏။

'ဝှစ်'

'ဖောင်း'

သစ်သားခေါ်းပျံကလေးက သစ်ပင်ကြီးဆီသို့ အရှိန်ပြင်းစွာ ပြေးဝင်သွားသော်လည်း သစ်ယားခေါ်းပျံမှာ ပင်စည်တွင်စိုက်ဝင်မသွားဘဲ အစိပ်စိပ်အမြွာမြွာ ကွဲထွက်သွားရ၏။ အဖြူ

ရှောင်ခါး ထန်ထင်းချိုက်က ဟဟဲဟဲရယ်မောလိုက်ကာ အင်္ကျီ အတွင်းအိတ်ထဲမှ သစ်သားခါးပျံကလေးတစ်လက်ကို ထုတ်ယူ လိုက်ပြီး....

'ကိုင်း ဟောဒီမှာ ကြည့်'

အဖြူရှောင်ခါး ထန်ထင်းချိုက်တပြောကြားလိုက်ပြီး လက် တစ်ဖက်ကို ဝှေ့ယမ်းလိုက်၏။

'ဝှီး'

'ဖောက်'

လက်နက်ပုန်းလေတိုးသံနှင့်အတူ ဝင်းလက်တောက်ပသော အလင်းတန်းတစ်ခု ဖြစ်ပေါ်လာပြီး ထိုအလင်းတန်းက သစ် ပင်၏ ပင်စည်ကို စက္ကူတစ်ရွက်ပမာ ဖောက်ထွက် သွားလေ တော့၏။

'ဟာ'

ထိုအချင်းအရာကိုကြည့်ကာ စင်းပိလုံမှာ အံ့လွန်း အံ့အား သင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။ သူ၏အတွင်း အားသည် ဆရာကြီးထန်ထင်းချိုက်၏အတွင်းအားကို မမီသေး ကြောင်း ချက်ချင်းရိပ်စားမိလိုက်သည်။

ဆရာကြီးထန်ထင်းချိုက်၏ အတွင်းအားသည် အလွန်ပင် မြင့်မားပေသည်။ ဆရာကြီး ထန်ထင်းချိုက်က စင်းပိလုံအား တစ်ချက် အကဲခတ်ကြည့်လိုက်ရင်း....

'မင်းကြည့်ရတာ ခါးကိုအတော်အားကိုးပုံ ရတယ်၊ ခါး ပညာကို မင်း ဘယ်သူ့ဆီကသင်ကြားခဲ့သလဲ'





'ကျွန်တော့်ဖေဖေဆီက သင်ယူခဲ့ပါတယ်'

'မင်းဖေဖေက ငါ့ဆီက သိုင်းပညာတွေ သင်ကြားသွား တာပဲ၊ ပညာစုံအောင်တော့ မရလိုက်ဘူး၊ မင်းကရော ငါ့ ဆီက ဘာပညာတွေ လိုချင်သလဲ'

'ကျွန်တော် ခါးပညာနဲ့ ပတ်သက်ပြီး လိုချင်ပါတယ်'

အဖြူရှောင်ခါး ထန်ထင်းချိုက်က မျက်မှောင်ကြုတ်လိုက် ပြီး....

'ခါးပညာကို မင်း ဘယ်လောက် တတ်လာပြီးပြီလဲ'

'ခွန်လွန်နဂါး သုံးဆယ့်ခြောက်ကွက်အထိ တတ်သားပြီး ပါပြီ ခင်ဗျား'

အဖြူရှောင်ခါး ထန်ထင်းချိုက်က နှာခေါင်းရှုံ့လိုက် ကာ...

'ဟင့် မင်းအဖေက အော်ခေါ်ညံ့တဲ့ကောင်ပဲ၊ ဒီကောင် ခုထက်ထိ အသုံးမကျသေးဘူး၊ ခွန်လွန်နဂါး သုံးဆယ့်ခြောက် ကွက်ဟာ ငါသင်ပေးလိုက်တုန်းက တစ်ရာ့ရှစ်ကွက်တိတိ ရှိတယ်၊ ဒီကောင်က သုံးဆယ့်ခြောက်ကွက်ပဲ မှတ်မိပုံရတယ်'

အတန်ကြာမှ ထန်ထင်းချိုက်က ခေါင်းဆတ်လိုက်ရင်း....

'အင်း မင်းဖေဖေက သူမှတ်မိသလောက်ပဲ မင်းကို သင် ကြားပေးလိုက်တာ ဖြစ်ပါလိမ့်မယ်၊ လိုအပ်တာတွေကို ငါက သင်ပေးပါ့မယ်၊ ကိုင်း အိမ်ကို သွားကြရအောင်'

ထန်ထင်းချိုက်က ပြောရင်း စင်းပိလုံကို အိမ်ကလေးဆီသို့ ခေါ်ဆောင်သွားလေ၏။ အိမ်ကလေးအတွင်းသို့ ရောက်ပြီး နောက် စင်းပိလုံအာ ခရီးဆောင်အိတ်ထဲမှ အဝတ်အစားထုတ်

ရွှံ့ဗွက်များ ပေကျံနေသည့် အဝတ်အစားကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ထန်ထင်းချိုက်က မီးဖိုချောင်အတွင်းဘက်သို့....

'မြောင်ဘွန်ရှန် တို့အတွက် အရက်နဲ့စားစရာတွေ ယူလာခဲ့'

မကြာမီ အိမ်ကလေးအတွင်းဘက်မှ လူတစ်ယောက် အရက်နှင့် စားစရာများကို ယူဆောင်လာကာ စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

ထိုသူကို မြင်လိုက်ရလျှင် စင်းပိလုံမှာ အလွန်အံ့အားသင့်သွားရသည်။

အကြောင်းမှာ ထိုသူသည် မြောင်လူမျိုးဖြစ်ပြီး အရပ်အလွန်ပုသောကြောင့်ပင် ဖြစ်သည်။

အသက်လေးဆယ်ခန့် ရှိပြီဖြစ်သော်လည်း အရပ်မှာ စင်းပိလုံ၏ ခါးဝက်မျှသာရှိနေသည်။

မြောင်ဘွန်ရှန်ဆိုသော လူပုက အရက်နှင့် စားစရာများကို စားပွဲပေါ်သို့ တင်ထားလိုက်ပြီး ဆရာထန်ထင်းချိုက်အား ဦးညွှတ် အရိုအသေ ပြုလိုက်သည်။

ထန်ထင်းချိုက်က စင်းပိလုံအား....

'စင်းပိလုံ သူက မြောင်ဘွန်ရှန်တဲ့ မှတ်ထား၊ မြောင်လူမျိုးတစ်ယောက်ပဲ၊ သူ့ကို ငါ တောထဲက ခေါ်လာခဲ့တာ၊ သူ့ကို ကျားတွေက ဝင်ဆွဲတော့မယ့်ဆဲဆဲ ငါက ကယ်တင်ထားခဲ့တာပဲ၊ သူက ငါ့ကို ကျေးဇူးရှင်အဖြစ် သတ်မှတ်ပြီး ငါနဲ့ လိုက်နေတာပဲ၊ သူရှိတော့ စားရေးသောက်ရေး ဘာမှ မပူရတော့ဘူး၊ သူဟာ အမဲလိုက်တဲ့နေရာမှာလဲ တော်တယ်၊ အချက်အပြုတ်





လဲ ကောင်းတယ်၊ ဒါပေမယ့် သူက သိုင်းပညာတော့ သင်ပေးလို့ မရဘူး'

ထန်ထင်းချိုက်က မြောင်ဘွန်ရှန်အား....

'မြောင်ဘွန် ဟောဒါ ငါ့မြေးတပည့်ပဲ၊ သူ့ကို ငါလိုပဲ ရိုရိုသေသေ ဆက်ဆံရမယ်၊ ကြားလား'

'ကောင်းပါပြီ သခင်ကြီး'

မြောင်ဘွန်ရှန်က ပြောကာ စင်းပိလုံအား အရိုအသေ ပြုလိုက်၏။ ထို့နောက် မြောင်ဘွန်ရှန်က အတွင်းဘက်သို့ ဝင်ရောက်သွားတော့၏။

ထန်ထင်းချိုက်က စင်းပိလုံအား....

'မင်းတို့ နေစကြာဂိုဏ်းက အခု ဘာစီးပွားရေး လုပ်ငန်းတွေ လုပ်နေသလဲ'

'မြင်းမွေးမြူရေးနဲ့ ချောပို့လုပ်ငန်းတွေ၊ ပိုထည်တိုက်ကြီးတွေ ရှိပါတယ်'

ထန်ထင်းချိုက်က အရက်ခွက်ထဲသို့ အရက်များ လောင်းငှဲ့ထည့်လိုက်ရင်း....

'မင်းဖေဖေက နဂိုတည်းက မြင်းမွေးတာကို ဝါသနာပါတာပဲ၊ အခုလို နေစကြာဂိုဏ်းချုပ်ကြီး ဖြစ်လာတော့ ပိုပြီး လုပ်တော့မှာပေါ့၊ မင်းတို့ဂိုဏ်းက လူအင်အား အတော်များ ... လားသလား'

'ဟုတ်ကဲ့ ရှိသင့်သလောက်တော့ ရှိပါတယ်၊ ဂိုဏ်းသားနဲ့ တွေကပဲ ငါးဆယ်ကျော် ရှိပါတယ်၊ သူတို့က နယ်မြေအသီးသီးမှာ တာဝန်တွေ ထမ်းဆောင်နေပါတယ်'

'အ... ...ကျမ်း ...တဲ့မှုး ငါးဆယ်ကျော်ဆိုတော့ ဂိုဏ်းသား အင်အားက နည်းမှာမဟုတ်ဘူး၊ တကယ့်ကို ကြီးကျယ်တဲ့ သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းပဲ၊ မင်းတို့မှာ မဟာမိတ်ဂိုဏ်းတွေရော ဖွဲ့မထားဘူးလား'

'ဖွဲ့ထားပါတယ်၊ နဂါးစိမ်း၊ မီးအိမ်နီ၊ မဟာကန္တာရဂိုဏ်းတွေက ကျွန်တော်တို့ရဲ့ မဟာမိတ် သိုင်းဂိုဏ်းကြီးတွေပါပဲ'

'ကိုင်း... သောက်လိုက်ဦးကွာ၊ ငါတို့ဆီမှာက မင်းတို့ နေရာတွေနဲ့ မတူဘူး၊ ညဆိုတအားအေးတယ်၊ အရက်သောက်ထားမှ မင်း နွေးသွားလိမ့်မယ်၊'

မှန်ပေသည်။

အပြင်ဘက်တွင် နှင်းများက တဖွဲဖွဲ ကျနေပြီး အအေးဓာတ်က စိမ့်ဝင်လာသောကြောင့်ပင် ဖြစ်၏။

အိမ်ကလေး အတွင်းတွင် မီးဖိုကြီးတစ်ခုကို လူပုမြောင်ဘွန်ရှန်က ဖိုထားလိုက်၏။

သစ်လုံး အိမ်ကလေးမှာ လုံခြုံသေသပ်စွာ ဆောက်လုပ်ထားပေရာ အပြင်ဘက်မှ လေအေးများနှင့် နှင်းမှုန်များ မြူးခနဲ မဝင်ရောက်နိုင်ပေ။

တာပဲ၊ ...ာင်ပေါ်ဒေသ ဆိုသည်မှာ ညနေစောင်းသည်နှင့်ပင် နေတ... ...ဓာတ်က ပိုလာပြီး နှင်းမှုန်များက မိုးရွာသလို ရွာချ ...ဘူး၊ ...တ်သည် မဟုတ်ပါလား။





ယခုလည်း ထိုက်ဟန်တောင်ပေါ်တွင် အမှောင်ရိပ် သန်းစပြုသည်နှင့်ပင် နှင်းမှုန်များက မိုးရွာသလို အဆက်မပြတ် ကျဆင်းလာခဲ့ရလေပြီ။

စင်းပီလု ဏ အရက် နှစ်ခွက်သုံးခွက်လောက် သောက်လိုက်တော့မှ အနည်းငယ် အအေးသက်သာသွားရ၏

ထန်ထင်းချိုက်က....

'ငါ့ဆီမှာ သိုင်းပညာ သင်သွားတာ မင်း ဖေဖေရယ်၊ လီရှောင်းဟုန်ရယ်၊ ဇီနှစ်ယောက်ပဲ၊ လီရှောင်းဟုန်ကတော့ အခု ဘယ်ရောက်နေမှန်းကို မသိဘူး၊ ငါ့မှာ တပည့်ဆိုလို့ ဇီနှစ်ယောက်ပဲ လက်ခံ သင်ကြားပေးခဲ့တယ်'

ယင်းအချိန်မှာပင် မြောင်ဘွန်ရှန်က ထန်ထင်းချိုက်နှင့် စင်းပီလုတို့အတွက် ညစာထမင်းနှင့် ဟင်းပွဲများ ယူဆောင်လာခဲ့၏။

မြောင်ဘွန်ရှန်က ထမင်းနှင့် ဟင်းပွဲများကို စားပွဲထက်သို့ တင်ဆောင်လိုက်၏။ ပြီးနောက် နှစ်ယောက်စလုံးကို အရိုအသေပြုကာ ပြန်လည် ထွက်ခွာသွားပြန်၏။

ထန်ထင်းချိုက်က ညစာ စားသောက်ရင်း....

'မင်း ဖေဖေနဲ့ လီရှောင်းဟုန်တို့ ငါ့ဆီမှာ သိုင်းပညာသင်ကြားကြတာ မင်း ဖေဖေက ပိုပြီး ပညာရသွားတယ်၊ လီရှောင်းဟုန်က သူဌေးသားဆိုတော့ ဆော့ ကြား ကြား နဲ့ ပညာကို သိပ်စိတ်မဝင်စားချင်းဘူး၊ ငါက သူ့အဖေ သူဌေး

ကြီး၊ လီချင်ပန်းကို အားနာလို့ သင်ပေးခဲ့ရတာ၊ လီရှောင်းဟုန်တာ သိုင်းပညာ အထိုက်အလျောက် ရပြီးတာနဲ့ ငါ့ကိုကန်တော့ပြီး ထွက်သွားလိုက်တာ ခုအချိန်အထိ တစ်ခါမှ ပေါ်မလာတော့ဘူး'

ညစာ စားသောက်ပြီးနောက် စင်းပိလုံမှာ ခရီးပန်းလာသဖြင့် စောစီးစွာပင် အိပ်ရာဝင်ခဲ့လေ၏။



(၂၁)

နေခြည်နုနုဆည် နှင်းမှုန်များကြားမှ ဖောက်ထွင်းကာ ကျဆင်းလျက်ရှိနေ၏။

သစ်ရွက် သစ်ခက်များ အပေါ်မှ နှင်း ရေ စက် များ က အောက်သို့ စီးဆင်းကျလျက် ရှိနေကြ၏။

နေထွက်လာသည့်တိုင်၊ အအေးဓာတ်က သိပ်မပြယ်ချင်သေးပေ။

စမ်းချောင်းရေတွင် ရေခဲများက ဖြစ်ပေါ်နေကာ ရေခဲတုံးကလေးများက ရေစီးအတိုင်း မျောပါလျက် ရှိနေကြ၏။

အလွန်သာယာသော နံနက်ခင်းပင်ဖြစ်၏။ မြက်ခင်းစိမ်းကြီးတစ်ခုလုံး မြကမ္ဗလာကြီး ဖြန့်ခင်းထားသည့်အလား နှင်းရေများဖြင့် စိမ်းစိုလျက်ရှိနေ၏။

မြေကွက်လပ်တစ်ဘက်တွင် အဖြူရောင်ခေါင်း ထန်ထင်းချိုက်က ကုလားထိုင်တစ်လုံးနှင့် ထိုင်နေပြီး စင်းပိလုံ ဓားကွက်များ ပြသနေသည်ကို မမှိတ်မသုန် စူးစိုက်ကြည့်နေ၏။

ထန်ထင်းချိုက်က သူ့ပညာ သင်ကြားပေးရမည့် သူကို အရည်အချင်း စစ်နေခြင်းပင် ဖြစ်၏။

စင်းပိလုံက ခွန်လွန် နဂါးဓားကွက်များကို တစ်ကွက်ချင်း ထုတ်ဖော်ပြနေခြင်းပင် ဖြစ်၏။

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

ဓားရိပ်ဓားငွေ့များက ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းထား၏။ ဓားလေတိုးသံများကိုသာ အဆက်မပြတ် ကြားနေရ၏။

စင်းပိလုံသည် လေထဲတွင် နဂါးတစ်ကောင်ပျံဝဲနေသည့်အလား အံ့မခန်း တွေ့မြင်နေရ၏။ ဤသည်ကို ဆရာကြီး ထန်ထင်းချိုက်က သဘောတကျကျ ခေါင်းတညိတ်ညိတ်နှင့် ရှိနေ၏။

ဓားကွက်များပြီးဆုံးသွားပြီးနောက် စင်းပိလုံက လေထဲမှ ပြန်ဆင်းလာကာ ထန်ထင်းချိုက်အား အရှိအသေ ပြုလိုက်သည်။

ထန်ထင်းချိုက်က ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း....

'အင်း မင်းရဲ့ဓားပညာဟာ မင်းအဖေဆီက အကုန်အစင်နီးပါးလောက် ရလိုက်တာပဲ၊ ငါ့ဆီက ဓားပညာတွေ ထပ်ပြီး ရလိုက်မယ်ဆိုရင် မင်းဟာ သိုင်းလောကမှာ ပြိုင်ဖက်ကင်း ဓား





သမား တစ်ယောက် ဖြစ်လာမှာ အမှန်ပဲ၊ အခု မင်းကစားပြသွားတာဟာ ခွန်လွန် နဂါး သုံးဆယ့်ခြောက်ကွက် အမှန်ပဲ၊ လုံးဝ အပိုအလိုမရှိပါဘူး၊ ကျုပ်တဲ့ ခုနစ်ဆယ့်နှစ်ကွက်ကို ငါ သင်ပေးလိုက်မယ်၊ အသေအချာသာ ကြည့်လိုက်ပေတော့'

ပြောပြောဆိုဆိုပင် အဖြူရောင်ခေါင်း ထန်ထင်းချိုက်က ဓားကွက်များကို ထုတ်ဖော်ပြသလိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

ဝန်းကျင်တစ်ခုလုံးဖြူဝင်းသောဓားရိပ်များက တစ်မုဟုတ်ချင်း ဖုံးလွှမ်းသွား၏။

အဖြူရောင်နဂါးတစ်ကောင် လေထဲတွင်လှည့်ပတ်ပြေးလွှားနေသလို တွေ့မြင်နေရ၏၊ ထန်ထင်းချိုက်က ဓားကွက်များပြသပေးနေရင်းမှ...

'စင်းပိလုံ ဟောဒီဓားကွက်က ကြိုးကြာရေဆင်းဓားကွက်လို့ ခေါ်တယ်၊ ဓားရိပ် ဆယ့်နှစ်ရိပ်ရှိတယ်'

ကြိုးကြာရေဆင်းဓားကွက်ကိုပြသလိုက်ရာ ဓားရိပ်ဆယ့်နှစ်ရိပ်က တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာပြီး လေပြင်းတိုက်ခတ်သလို ခံစားလိုက်ရ၏။

ဓားရိပ်ဆယ့်နှစ်ရိပ်ကို ရှောင်တိမ်း တိုက်ခိုက်ဖို့ ဆိုသည်မှာ မလွယ်ကူလှပါချေ။

ဆရာကြီး ထန်ထင်းချိုက်က နောက်တစ်ကွက်သင်ကြား ပြသပေးလိုက်ပြန်၏။

'စင်းပိုလုံ ဟောဒီခေါက်ဆွဲကတော့ ဟသ်ာအတောင်ပံ ခတ်လို့ ခေါ်တယ်၊ ဘေးနှစ်ဖက်က ညှပ်တိုက်တဲ့ ရန်သူတွေကို လည်ထွက်သွားအောင်ချေမှုန်းပစ်တဲ့ ခေါက်ဆွဲပဲ၊ ဒီ ခေါက်ဆွဲမှာ ခေါ်ရိပ်ဆယ့်ငါးရိပ်ရှိတယ်'

မှန်ပေသည်။ ဖြူဝင်းသောခေါ်ရိပ်ဆယ့်ငါးရိပ်သည် စက်ဝိုင်းကြီးသဏ္ဌာန် လှည့်ပယ်နေရင်းမှ ဘေးနှစ်ဖက်သို့ ငှက်များတောင်ပံ ခတ်လိုက်သည့်ပမာ ခွဲဖြာထွက်သွား၏။

စင်းပိလုံမှာ ဆရာကြီးထန်ထင်းချိုက်ပြသသော ခေါက်ဆွဲများကို အအံ့တသြ ပါးစပ် အဟောင်းသားဖြင့် ကြည့်နေမိသည်။

အတန်ကြာမှ ဆရာကြီး ထန်ထင်းချိုက်က ခဏနားလိုက်ကာ—

'ကိုင်း မင်း ငါကစားပြတာတွေကို မှတ်မိတယ် မဟုတ်လား၊ ပြန်ပြီးကစားပြစမ်း'

'ကောင်းပါပြီ ဆရာကြီး'

စင်းပိလုံက ထန်ထင်းချိုက်ကိုအရိုအသေပြုလိုက်ကာ ထန်ထင်းချိုက် ကစားပြခဲ့သည့် ခေါက်ဆွဲအသစ်များကို ကစားပြလိုက်၏။

စင်းပိလုံက မှတ်ဉာဏ်ရော ဖြတ်ထိုးဉာဏ်ပါကောင်းသဖြင့် ထန်ထင်းချိုက်ကစားပြခဲ့သော ခေါက်ဆွဲများကို မှန်ကန်တိကျစွာ ကစားပြလိုက်နိုင်၏။





ထန်ထင်းချိုက်ပင် တစ်ခဏတာမျှလေးနှင့် ပြန်လည် ကစားပြနိုင်သည့် စင်းပိလုံ၏အစွမ်းကို မချီးကျူးဘဲမနေနိုင်အောင် ဖြစ်သွားရ၏။

ထန်ထင်းချိုက်က ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ရင်း....

'စင်းပိလုံ မင်းဟာ ငါထင်တာထက် ပိုပြီး တော်နေပါလား၊ခက်ခဲနက်နဲတဲ့ ခေါက်ဆွဲတွေကို ခဏကလေးနဲ့ တတ်မြောက်တာဟာ ထူးချွန်တဲ့ပါရမီပဲ၊ ကိုင်း ခဏနားလိုက်ပါဦး၊ ပြီးမှ ငါဆက်သင်ပေးမယ်'

'ကောင်းပါပြီ ဆရာကြီး'

စင်းပိလုံကပြောရင်း ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ကာ အမောဖြေနေလိုက်၏။

ယင်း အချိန်မှာပင် မြောင်ဘွန်ရှန်က ထန်ထင်းချိုက်နှင့် စင်းပိလုံတို့အတွက် လက်ဖက်ရည်ကြမ်းနှင့် မန်ထိုခေါ် မုန့်များကို လာရောက်ပို့ပေးသည်။

ဆရာကြီးထန်ထင်းချိုက်နှင့် စင်းပိလုံတို့က လက်ဖက်ရည်ကြမ်းနှင့် မန်ထိုမုန့်များ စားသောက်ကာ စကားပြောနေမိကြ၏။

စင်းပိလုံက ထန်ထင်းချိုက်အား....

'ဖေဖေက ပြောတယ်၊ ဆရာကြီးက သိုင်းလောကကို စွန့်ခွာသွားတာ ကြာပြီတဲ့၊ ဆရာကြီးက ဘာဖြစ်လို့ သိုင်းလောကကို စွန့်ခွာသွားရတာလဲ ခင်ဗျာ'

ထန်ထင်းချိုက်က တည်ကြည်လေးနက်သော စလေသံဖြင့်....

'ငါလဲ ပထမတော့ သိုင်းလောကမှာ အတော်ကလေး ကြာအောင် ကျင်လည်ကျက်စားခဲ့တယ်၊ နောက်တော့ သိုင်းလောကရဲ့ အတွင်းကျကျကို သိလာရတော့ သိုင်းလောကကို ငြီးငွေ့လာမိတယ်၊ တစ်ယောက်နဲ့တစ်ယောက် ချောက်တွန်းကြ၊ သတ်ဖြတ်ကြ၊ နေရာလုကြနဲ့ အင်မတန်မှ စက်ဆုပ်ရွံရှာစရာကောင်းတာ တွေ့မြင်လာရတယ်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ သိုင်းလောကအကျိုး အများအကျိုးဆောင်ရွက်တဲ့ သိုင်းလောကသားတွေက အင်မတန်မှ နည်းပါတယ်၊ ကိုယ်ကျိုးအတွက် တစ်ခုတည်း ကြည့်ပြီး တပည့်မွေးနေကြတဲ့ လူတွေက များတယ်၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးအတွက် ငါက ရှုပ်ထွေးပွေလီလှန်းလှတဲ့ သိုင်းလောကကို စွန့်ခွာပြီး အေးချမ်း သာယာလှတဲ့ ဟောဒီနေရာမှာ တစ်ယောက်တည်း လာပြီး ဇာတ်မြှုပ်နေထိုင်ခဲ့တာပဲ၊ ဒါတောင် မင်းလို ပညာသင်ချင်တဲ့ သိုင်းသမားက ကြုံကြုံဖန်ဖန် ရှာရှာဖွေဖွေ ရောက်လာရသေးတယ်'

ဆရာကြီးထန်တင်းချိုက် စကားကြောင့် စင်းပိလုံမှာ ပြုံးလိုက်မိ၏။ သူက ရယ်ချင်သော်လည်း ဆရာကြီးကို မခန့်လေးစားရာ ကျသွားမည် စိုးသောကြောင့် မရယ်ဝံ့ဘဲ ပြုံးရုံသာ ပြုံးလိုက်ခြင်းပင် ဖြစ်လေတော့၏။

ထန်တင်းချိုက်က လက်ဖက်ရည်ကြမ်း တစ်ခွက်ကို မော့သောက်လိုက်ရင်း....

'သိုင်းလောကသား တစ်ယောက် ဖြစ်လာရင် တာဝန်ဝတ္တရားတွေ အများကြီးရှိလာမယ်၊ ဒါကို တချို့က သဘော





မပေါက်ကြဘူး၊ သိုင်းလောကသား ဆိုပြီး သိုင်းလောကထဲ လျှောက်သွား လျှောက်လေလွင့်ရုံနဲ့ သိုင်းလောကသား ဘယ်ဖြစ်ပါ့မလဲ၊ သိုင်းလောကသားတစ်ယောက် ဖြစ်လာပြီဆိုရင် အများအကျိုး ဆောင်ရွက်ရမယ်၊ ဒုက္ခရောက်နေသူ အားနည်းသူတွေကို ကူညီ ကယ်တင် စောင့်ရှောက်ရမယ်၊ မကောင်းသူပယ် ကောင်းသူကယ်ရမယ်၊ တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးအတွက် ဆောင်ရွက်ရမယ်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်လွတ်လပ်ရေးကို ထိပါး စော်ကားလာတဲ့ ရန်သူတွေကို ကိုယ်တတ်မြောက်ထားတဲ့ သိုင်းပညာနဲ့ တိုက်ခိုက်ချေမှုန်းရမယ်၊ အများကြီးပေါ့ကွာ၊ မင်း ငါ ပြောတာ သဘောပေါက်တယ် မဟုတ်လား'

စင်းပိလုံက ခေါင်းညိတ်လိုက်ကာ....

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ် ဆရာကြီး၊ ဆရာကြီးပြောသလိုပါပဲ၊ သိုင်းလောကသားတစ်ယောက် ဖြစ်လာပြီဆိုရင် လုပ်ဆောင်ရမယ့် တာဝန်ဝတ္တရားတွေက အများကြီးပါပဲ'

'အေး မင်းကတော့ ငါ့ရဲ့ နောက်ဆုံးတပည့်ဖြစ်မယ့်အပြင် ငါ့ဆီက ပညာမွေ အကုန်လုံး ဆက်ခံမယ့်သူဆိုတော့ အစစအရာရာမှာ မှန်ကန်ရအောင် ငါက မှာကြား သင်ကြားပေးလိုက်ရမှာပဲ၊ ဒါမှသာ မင်းဟာ နောင်တစ်ချိန်မှာ ထူးချွန်တဲ့ သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်'

ယင်းအချိန်မှာပင် အဝေးဆီမှ ငှက်အော်သံ တစ်ချက်ကို ထူးခြားစွာ ကြားလိုက်ရ၏။

ငှက်အော်သံကြားလိုက်ရသည်နှင့် ဆရာကြီးထန်ထင်းချိုက်၏ မျက်နှာမှာ ဝင်းလက်သွားကာ စူးရှသော ငှက်အော်သံတစ်ခုကို ပြန်လည် ပြုလုပ်လိုက်၏။

‘ကရီး’

ထို့နောက် ထန်ထင်းချိုက်က စင်းပိုလုံအား...

‘အခု ရောက်လာမယ့် ပုဂ္ဂိုလ်ကြီးကတော့ ဟိုဖက်က မိုးထိတောင်ထိပ်မှာ သီတင်းသုံးနေတဲ့ ရသေ့ကြီးကြင်လိုဟန်ပဲ၊ သူက တစ်ခါတလေမှ ငါ့ဆီ ရောက်လာတယ်တယ်’

မကြာမီ တောင်ထိပ်သို့ မီးခိုးငွေ့တစ်ငွေ့လိုလို တိမ်တိုက်တစ်ခုလိုလို လျင်မြန်စွာ ရွေ့လျား လာနေသည်ကို တွေ့မြင်လိုက်ရ၏။

အသေအချာ စူးစိုက်ကြည့်လိုက်တော့မှ ထိုအရာသည် မီးခိုးငွေ့မဟုတ်ဘဲ အညိုရောင်ဝတ်စုံရှင် မုတ်ဆိတ်ဖွားဖွားကြီးနှင့် ရသေ့ကြီးတစ်ပါး ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် ရသေ့ကြီးသည် သူတို့နှစ်ယောက် အနီးသို့ လျင်မြန်စွာ ရောက်ရှိလာခဲ့၏။

ဤမျှ မြန်ဆန်သော ကိုယ်ဖော့ ပညာမျိုးကို တစ်ခါမှ မမြင်ဖူးသဖြင့် စင်းပိုလုံမှာ တအံ့တဩ ဖြစ်သွားရ၏။

ရသေ့ကြီးသည် အသက် မည်မျှ ရှိမည်ကို မခန့်မှန်းနိုင်ပေ။





မုတ်ဆိတ်ဖွားဖွားကြီးက ရင်ပတ်အထိ ရှည်လျားစွာ ကျဆင်းနေပြီး မျက်ခုံးမွေးများကလည်း ပါးပြင်နှစ်ဖက်သို့တိုင် ကျဆင်းလျက် ရှိနေ၏။

ထူးခြားချက်မှာ ရသေ့ကြီးက နားနှစ်ဖက်တွင် ရွှေနားကွင်းကြီး နှစ်ခုကို ပန်ထားခြင်းပင်ဖြစ်၏။

ရွှေနားကွင်းကြီးများမှာ အမြဲတိုက်ချွတ် သန့်စင်ထားသဖြင့် ရွှေရောင်များက တဖိတ်ဖိတ် တောက်ပလျက် ရှိနေကြ၏။

ရသေ့ကြီး၏ ဝတ်ရုံလွှာကြီးကြားမှ သတ္တဝါလေး တစ်ကောင်က ခေါင်းကလေး ပြူထွက်လျက်ရှိနေ၏။

စင်းပိုလုံက ထိုသတ္တဝါလေးကို အသေအချာ စူးစိုက်ကြည့်လိုက်သောအခါ ရွှေရောင် အမွေးရှိသော အလွန်သေးငယ်သည့် မျောက်ကလေး တစ်ကောင် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

မျောက်ကလေးက စင်းပိုလုံ ကြည့်နေမှန်း သိသောအခါ ရသေ့ကြီး၏ ဝတ်ရုံလွှာကြီး အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားတော့၏။

ထိုမျောက်ကလေးများမှာ အလွန်ရှားပါးပြီး ရွှေရောင် အမွေးရှိကာ ထိုင်လိုက်လျှင် လက်သီးဆုပ်ခန့်သာရှိ၏။

လူစကား အလွန်နားလည်ကာ လိမ္မာသော မျောက်ကလေးများဖြစ်၍ သခင်အပေါ် သစ္စာရှိကြ၏။

ရသေ့ကြီးကို မြင်လိုက်ရလျှင် ထန်းထင်းချိုက်က ဝမ်းသာအားရနှင့် မတ်တပ်ရပ်လိုက်ဆော....

'ဟာ...ရသေ့ကြီး ကြွင်လိုဟန်ပါလား၊ကျုပ်ဆီ ခင်ဗျာ
မရောက်တာ ကြာပြီနော်၊ အခု ဘာစိတ်ကူးပေါက်ပြီး ဘယ်
လေနဲ့အတူ ရောက်လာတာလဲ'

ရသေ့ကြီး ကြွင်လိုဟန်က တဟားဟား ရယ်မောလိုက်
ပြီး....

'ကျုပ်လဲ ဒီကနေ့မှ ပျင်းလို့ ခင်ဗျားဆီ ထွက်လာခဲ့တာပဲ
ဒါနဲ့ ဒီသူငယ်က ဘယ်ကလဲ'

ရသေ့ကြီး ကြွင်လိုဟန်က စင်းပိသုံအား ညွှန်ပြရင်း
ထန်ထင်းချိုက်အား မေးလိုက်၏။

ထန်ထင်းချိုက်က....

'သူက ကျုပ်တပည့် နေစကြာဂိုဏ်းချုပ်ရဲ့ စင်းဟန်ကျဲ
သားလေးပါ၊ သူ့အဖေက သူ့ကို ကျုပ်ဆီမှာ ကျန်နေ
ဓားကွက်တချို့ကို သင်ခိုင်းလိုက်တယ်လေ အဲဒါ မနေ့က
သူရောက်လာတာ၊ ဒီကနေ့ မနက်ပဲ၊ သူ့ကို ဓားကွက်တွေ
စစ်ဆေးကြည့်ပြီး တချို့ ဓားကွက်တွေ့စပြီး သင်ကြားပေး
နေတာ'

ရသေ့ကြီး ကြွင်လိုဟန်က စင်းပိလုံကို အသေအချာ စူး
စိုက်ကြည့်လိုက်ပြီး....

'အင်း....ဒီသူငယ်ရဲ့ ခန္ဓာကိုယ်တည်ဆောက်ပုံနဲ့ ရုပ်လက္ခ
ဏာကတော့ တစ်ချိန် သိုင်းလောကမှာ လျှမ်းလျှမ်းတောက်
အောင်မြင် ကျော်ကြားလာမယ့် သိုင်းသမားကောင်း တစ်
ယောက်ရဲ့ ရုပ်လက္ခဏာပဲ'

ထန်ထင်းချိုက်က ခေါင်းဆတ်လိုက်ကာ....





'ခင်ဗျား တွက်ဆတာ မှန်ပါတယ်၊ ကျုပ်လဲ သူ့ကို စပြီး
တွေ့ရကတည်းက ခင်ဗျားလိုပဲ မှန်းဆထားပြီးသားပါ၊ ကိုင်း
ထိုင်ပါဦး'

ထို့နောက် ထန်ထင်းချိုက်က ရသေ့ကြီးအား နေရာထိုင်
ခင်းများ ပေးလိုက်ကာ လက်ဖက်ရည်ကြမ်း၊ မန်ထိုမုန့်များ
နှင့် ဧည့်ဝတ်ပြုလိုက်၏။

ရုတ်ထရက် မျောက်ကလေးက အပြင်သို့ ခေါင်းပြူထွက်
လာပြီး လက်ဖြန့်လိုက်ရာ ရသေ့ကြီးက မန်ထိုမုန့်တစ်ခု ပေး
လိုက်၏။

'ကွီ'

မျောက်ကလေးက အသံကလေး တစ်ချက်မြည်ကာ ရသေ့
ကြီး၏ ဝတ်ရုံလွှာကြားသို့ ပြန်လည် ဝင်ရောက်သွား၏။ထန်း
ထင်းချိုက်က....

'အောင်မာ.... ခင်ဗျားက မျောက်တွေ ဘာတွေနဲ့ပါလား၊
အရင်တုန်းက မရှိပါဘူး၊ ဘယ်အချိန်က မွေးထားလိုက်တာ
လဲ....'

ရသေ့ကြီးက ရယ်မောလိုက်ရင်း....

'ကျုပ် ပြီးခဲ့တဲ့လက စီကျုံးနယ်ဘက် ခရီးထွက်ရင်း တော
နက်ကြီးထဲက ရလာခဲ့တာပဲ၊ ဒီမျောက်ကလေးက သိပ်လိမ္မာ
တာ၊ သူက ကိုယ်ပေါ်မှာပဲ နေတယ်၊ အပြင်လဲ မထွက်ဘူး၊
လက်သီးဆုပ်သောက်ပဲ ရှိတယ်'

ထို့နောက် ရသေ့ကြီးက လေချွန်သံတစ်ချက် ပေးလိုက်
ရာ မျောက်ကလေးက အပြင်သို့ ထွက်လာ၏။

စားပွဲပေါ်သို့ ဆင်းလိုက်ကာ ထန်ထင်းချိုက်ကို လက်အုပ်ချီ၍ ရှိခိုးကန်တော့လိုက်၏။

'ကွိ....ကွိ....ကွိ'

'ဟား ဟား ဟား ဟား.... တကယ်လိမ္မာတဲ့ မျောက်ကလေးပဲ'

ထန်ထင်းချိုက်က မျောက်ကလေးကို သဘောကျစွာဖြင့် ကြည့်ရင်း ရယ်မော ပြောကြားလိုက်၏။

ထို့နောက် ထန်ထင်းချိုက်က မျောက်ကလေးကို လက်ဝါးပေါ် တင်ကြည့်လိုက်၏။

မှန်ပေသည်။ မျောက်ကလေးမှာ အလွန် ချစ်စရာကောင်းပြီး လက်သီးဆုပ်ခန့်သာ ရှိကာ အမွေးများက ရွှေရောင်တောက်ပလျက် ရှိနေ၏။

'ခင်ဗျားက ဒီသတ္တဝါလေးကို ဘယ်လို ရလာလဲ'

ထန်ထင်းချိုက်က မေးလိုက်ရာ ရသေ့ကြီးက....

'သူ့ကို မြွေကြီးတစ်ကောင်က မျိုတော့မယ့်ဆဲဆဲမှာ ကျုပ်က ကယ်တင်ခဲ့ရတာပဲ၊ သူ့မိသားစု မျောက်ကလေးတွေလဲ မြွေကြီးကြောင့် သေကုန်ကြရပြီ၊ သူက ကျုပ်နောက်ကို လိုက်ခဲ့တော့တာပဲ'

ထန်ထင်းချိုက်က မျောက်ကလေးကို မန်ထိုမုန့်တစ်ခုပေးလိုက်ရာ မျောက်ကလေးက ထပ်မံရှိခိုးလိုက်ပြန်သည်။

ထို့နောက် မျောက်ကလေးက ရသေ့ကြီး ကြင်လိုဟန်၏ ဝတ်ရုံလွှာကြီးအတွင်းသို့ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။





ထန်ထင်းချိုက်က....

'ရသေ့ကြီး မလာစဖူး အလာထူးတာကို ကြည့်ရရင် အကြောင်းတစ်ခုခုတော့ ရှိနေရမယ်၊ ကျုပ်ကို အားမနာပါနဲ့ ပြောပါ၊ဒီတောဒီတောင်ပတ်ဝန်းကျင်မှာ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်းရှိတာပဲ'

ရသေ့ကြီး ကြင်လိုဟန်က သက်ပြင်းတစ်ချက်ရှိုက်ရင်း....

'အင်း ခင်ဗျားပြောတာ မှန်ပါတယ်၊ဒီပတ်ဝန်းကျင်မှာ တိုင်ပင်စရာဆိုလို့ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်းပဲ ရှိနေတာပဲ၊ ကျုပ်မှာ ပြဿနာတစ်ရပ်နဲ့ ကြုံတွေ့နေရလို့ဗျ၊ အဲဒါ ခင်ဗျားဆီ အကြံဉာဏ်လာတောင်းတာပဲ'

'ပြောပါ၊ ကျုပ် တတ်နိုင်သလောက် အကူအညီပေးပါ့မယ်'

ရသေ့ကြီး ကြင်လိုဟန်က....

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ဝူမိန်ဂိုဏ်းက ရသေ့ကြီး ဟဲစန်ချုံးနဲ့ ကျုပ် ယှဉ်ပြိုင်ရင်း အရှုံးအနိုင်မရှိ ဖြစ်ခဲ့ကြတယ်၊ အဲဒီတုန်းက သူနဲ့ကျုပ်က တပည့်တစ်ယောက်စီ မွေးပြီး ပညာသင်ပေးမယ်၊ ပညာသင်ပြီးတော့ တပည့်တွေကို ယှဉ်ပြိုင်ခိုင်းကြမယ်လို့ နှစ်ယောက်စလုံးက ကတိပြုခဲ့ကြတယ်၊ အခု သူက ယှဉ်ပြိုင်ဖို့ သူ့တပည့်က အဆင်သင့်ဖြစ်နေပြီလို့ ကျုပ်ဆီကို အကြောင်းကြားထားတယ်'

ထန်ထင်းချိုက်မှာ မျက်လုံးပြူးကျယ်သွားရကာ....

'ဟင် ဒါဆို ခင်ဗျားတပည့်ကကော'

ရသေ့ကြီးက ခေါင်းကုတ်လိုက်ပြီး....

'အဲဒါ ပြောနေတာပေါ့ဗျ၊ ကျုပ်က ဗီကီစွကို မေ့နေတာ အမတော်ကြာပြီ၊ တောထဲတောင်ထဲ ပျောက်သွားပြီး ဆေးမြစ်ဥတွေပဲ ရှာဖွေနေတာနဲ့ အချိန်ကုန်နေခဲ့တယ်၊ ကျုပ်က ရသေ့ကြီး ဟဲစန်ချုံနဲ့ ပြောထားခဲ့တာကို မေ့နေခဲ့တယ်၊ အခု ဒီပြဿနာက ပေါ်လာတော့၊ ကျုပ်လဲ မကြံတတ်အောင် ဖြစ်ပြီး ခင်ဗျားဆီ လာခဲ့တာပဲ၊ ကျုပ် ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံအညာဏ် ပေးပါဦး'

ထန်ထင်းချိုက်က တစ်ချက် စဉ်းစားလိုက်ပြီး....

'တပည့်နှစ်ယောက်ကို ယှဉ်ပြိုင်ဖို့က ဘယ်နေ့ရာမှာ သတ်မှတ်ထားသလဲ'

'ဝိညာဉ်ဖြူ ချောက်ကမ်းပါးထိပ်မှာ'

'ဝိညာဉ်ဖြူ ချောက်ကမ်းပါးထိပ်မှာ ဟုတ်လား'

ထန်ထင်းချိုက်က တအံ့တသြရေရွတ်မိလိုက်၏။ ရသေ့ကြီး ကြင်လိုဟန်က ...

'ဟုတ်တယ်၊ ဝိညာဉ်ဖြူ ချောက်ကမ်းပါးထိပ်မှာပါ၊ ဘာဖြစ်လို့လဲ'

ထန်ထင်းချိုက်က....

'အန္တရာယ် သိပ်များလွန်းလို့ပါ၊ ဝိညာဉ်ဖြူ ချောက်ကမ်းပါးထိပ်က မတ်စောက်ချောမွတ်နေတာပဲ၊ ခင်ဗျားတို့က ဘာဖြစ်လို့ ဒီလောက် အန္တရာယ်များတဲ့ နေရာကို ယှဉ်ပြိုင်ဖို့ ရွေးချယ်ရတာလဲ'

ရသေ့ကြီး ကြင်လိုဟန်က....





'ဒါဟာ ကျုပ်အစီအစဉ် မဟုတ်ဘူး၊ ရသေ့ကြီး ဟဲစန်ချုံရဲ့ အစီအစဉ်ပါ၊ သူက ဘာစိတ်ကူးပေါက်ပြီး ဒီနေရာကို ရွေးချယ်ရသလဲ မသိဘူး၊ အမှန်ကတော့ ခင်ဗျားပြောတာ မှန်ပါတယ်၊ ဝိညာဉ်ဖြူ ချောက်ကမ်းပါးထိပ်က လေပြင်းတွေ တိုက်ခတ်နေပြီး မကောင်းဆိုးဝါးတွေ လှည့်ပတ်နေတယ်လို့ ပြောနေကြတာပဲ'

ထန်ထင်းချိုက်က....

'ယှဉ်ပြိုင်ဖို့က ဘယ်နေ့ဘယ်ရက် သတ်မှတ်ထားသလဲ'

ရသေ့ကြီးက....

'ခြောက်လပိုင်း လပြည့်နေ့ညမှာပါ'

'ဟင် ရက်က သိပ်နီးကပ်နေပြီပဲ၊ ဗီကီစွ ခင်ဗျား ဘယ်လိုလုပ်မလဲ'

ရသေ့ကြီးက ပြုံးလိုက်ကာ....

'အဲဒါ ကျုပ် မကြံတတ်လို့ ခင်ဗျားဆီက ရောက်လာတာပါ၊ ခင်ဗျား အကြံပေးပါဦး'

ထန်ထင်းချိုက်က တစ်ချက်စဉ်းစားလိုက်ပြီး....

'ကျုပ်မှာ အကြံတစ်ခုတော့ရှိတယ်'

ရသေ့ကြီးမှာ အားတက်သွားဟန်ဖြင့် ...

'ပြောစမ်းပါဦးဗျ'

ထန်ထင်းချိုက်က....

'တခြားတော့မဟုတ်ဘူး၊ ဟောဒီ ကျုပ်တပည့် စင်းပိသုံကို ခင်ဗျားတပည့်အဖြစ်ဆိုပြီး ရသေ့ကြီး ဟဲစန်ချုံရဲ့တပည့်နဲ့ သွားပြီး

ရှည်ပြိုင်ခိုင်းဖို့ပါ၊ ဒီအကြံပဲရှိတယ်၊ တခြားအကြံတော့ မရှိတော့ဘူး’

ရသေ့ကြီးကြင်လိုဟန်က စင်းပိလုံကို တစ်ချက် စူးစိုက်ကြည့်လိုက်ပြီး....

‘အင်း ခင်ဗျားအကြံက မဆိုးဘူးဗျ၊ စင်းပိလုံကို ကြည့်ရတာ စောစောကကျုပ်ပြောသလိုပဲ၊ သိုင်းသမားကောင်းတွေရဲ့ လက္ခဏာနဲ့ ပြည့်စုံပါပေတယ်၊ ခင်ဗျား ပြောတာကို ကျုပ်လက်ခံပါတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့မြေးတပည့်က ဒီအကြံကို လက်ခံပါ့မလား’

ထန်ထင်းချိုက်က ရယ်မောလိုက်ကာ....

‘ကျုပ်မြေးတပည့်က ကျုပ်ပြောရင် လက်ခံရမှာပေါ့’

ထို့နောက် ထန်ထင်းချိုက်က စင်းပိလုံဖက်သို့လှည့်လိုက်ကာ....

‘စင်းပိလုံ အခု ငါတို့ပြောဆိုနေကြတာကို ကြားတယ် မဟုတ်လား၊ မင်း ဘယ်လိုသဘောရသလဲ’

စင်းပိလုံက တည်ကြည်ပြတ်သားသော လေသံဖြင့်....

‘ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ကတော့ ကူညီဖို့အဆင်သင့်ပါပဲ’

ထိုစကားကြောင့် ထန်ထင်းချိုက်နှင့် ရသေ့ကြီး ကြင်လိုဟန်တို့မှာ အလွန်ပင်ဝမ်းသာအားရ ဖြစ်သွားကြရ၏။

ထန်ထင်းချိုက်က တစ်ချက်စဉ်းစားလိုက်ပြီး....

‘စင်းပိလုံကို ခင်ဗျားနဲ့ကျုပ် တစ်ယောက်တစ်လစီ ပညာခွဲသင်ပေးကြမယ်၊ နှစ်လပြည့်တာနဲ့ ခြောက်လပိုင်းထဲ ရောက်





သွားပြီ၊ လပြည့်နေ့အမီ နတ်သမီးချောက်ကမ်းပါးဆီ လွှတ်လို့ရတာပေါ့’

ရသေ့ကြီး ကြင်လိုဟန်မှာ ဝမ်းသာအားရ ဖြစ်သွားရတာ....

‘ဟာ ခင်ဗျားအကြံကအတော့်ကိုကောင်းတာပဲ၊ဒီအတိုင်းဆို အဆင်ပြေပါတယ်၊ စင်းပိလုံကို ခင်ဗျားပြောသလို ခင်ဗျားနဲ့ ကျုပ် တစ်ယောက် တစ်လစီခွဲပြီး သင်ကြား ပေးကြတာပေါ့၊ အခု ဘယ်သူကစပြီး သင်ကြားပေးမလဲ’

ထန်ထင်းချိုက်က

‘ကျုပ်ကပဲစပြီးသင်ကြားပေးလိုက်မယ်၊ သူ့ကိုဓားပညာ၊ လက်နက်ပုန်းပညာတွေ သင်ကြားပေးလိုက်မယ်၊ သူက အခြေခံရှိပြီးသားဆိုတော့ သိပ်မခဲယဉ်းပါဘူး၊ ခင်ဗျားက သူ့ကို အတွင်းအားနဲ့ ကိုယ်ဖော့ ပညာတွေ သင်ကြားပေးလိုက်ပါ’

ရသေ့ကြီးကြင်လိုဟန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း....

‘အင်း ခင်ဗျားအစီအစဉ်က ကောင်းပါတယ်၊ သူ့ကို ကျုပ်က အတွင်းအားသင်ပေးရမယ်ဆိုတော့ ခင်ဗျားရဲ့အတွင်းအားက ပိုပြီးအဆင်ပြေမလား မသိဘူး’

ထန်ထင်းချိုက်က....

‘ဒါဆိုရင် ကျုပ်ကသူ့ကို အတွင်းအားနဲ့ ဓားပညာပေါင်းစပ်ပြီး သင်ကြားပေးလိုက်မယ်၊ ခင်ဗျားက ကိုယ်ဖော့ပညာနဲ့ လက်နက်ပုန်း ပညာ၊ အဆိပ် ပညာတွေကို သင်ကြားပေးလိုက်ပါ’

ကြွင်လိုဟန်က....

'ဒါဆိုရင် အဆင်ပြေပါတယ်၊ ကိုင်း ခင်ဗျားမြေးတပည့်ရဲ့ သိုင်းပညာကို ကျုပ် နည်းနည်းပါးပါး ကြည့်စမ်းပါရစေဦး'

ထန်ထင်းချိုက်ကရယ်မောလိုက်ပြီး....

'ခင်ဗျားမြင်ရပါစေမယ်၊ ကိုင်း စင်းပိလု မင်းရဲ့ဓားကွက်တွေကို ရသေ့ကြီးကို ပြလိုက်စမ်းပါဦး'

'ကောင်းပါပြီ ဘိုးဘိုး'

စင်းပိလုက ထန်ထင်းချိုက်ကို အရိုအသေ ပြုလိုက်ပြီး ဓားကို ရွှမ်းခနဲဆွဲထုတ်ပစ်လိုက်၏။

နေခြည်နှုန်းတွင် ဓားရောင်က ဖွေးလက်သွားရ၏။

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

စင်းပိလုက ရသေ့ကြီးကြွင်လိုဟန်အား ဓားကွက်များ ထုတ်ဖော်ပြသလိုက်၏။

ရသေ့ကြီးကြွင်လိုဟန်မှာ စင်းပိလုကိုကြည့်ကာ အတော်လေး ကျေနပ်အားရသွားမိ၏။

ရသေ့ကြီးက ထန်ထင်းချိုက်အား....

'ကိုင်း ခင်ဗျားတပည့်နဲ့ ကျုပ် တစ်ပွဲတစ်လမ်း စမ်းချ တယ်'

ထန်ထင်းချိုက်က....

'ရပါတယ်၊ ဒါပေမယ့် ခင်ဗျားက ညှာညှာ တာတာ တိုက်ခိုက်ပါဗျာ၊ ခင်ဗျားနဲ့သူဆိုရင် ပညာက အများကြီး ပါတယ်'





'အင်း ဒါဆိုရင် သူနဲ့ ကျုပ် လျှော့လျှော့ပေါ့ပေါ့ တိုက်ခိုက်ရတော့မှာပေါ့'

ထို့နောက် ရသေ့ကြီးကြွင်လိုဟန်က အင်္ကျီ လက်စကြီး တစ်ဖက်ကို ဝှေ့ယမ်းပစ်လိုက်၏။

'ဝှီး'

တစ်ခဏချင်းမှာပင် စိမ်းဖန့်ဖန့်အရောင်တောက်ပနေသော ဓားတစ်လက်က ရသေ့ကြီးလက်ထဲသို့ ရောက်ရှိလာ၏။

ရသေ့ကြီးက ဓားကို လက်ညှိုးနှင့်တစ်ချက် တောက်လိုက်ရာ ထန်းခနဲ မြည်ဟည်းသွားရ၏။

ရသေ့ကြီးက ဓားစိမ်းကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး...

'စင်းပိလု၊ ဒီဓားဟာ 'ချင်ပင်ကျန်ဓား'လို့ ခေါ်တယ်၊ အင်မတန် အစွမ်းထက်တဲ့ ဓားတစ်လက်ပဲ၊ ဒီဓားကို မင်း ယူဆောင်သွားရမှာဖြစ်တယ်၊ ကိုင်း မင်းနဲ့ငါ သွေးပူ တိုက်ခိုက်ကြည့်လိုက်ကြရအောင်လား'

စင်းပိလုက ရသေ့ကြီးကို အရိုအသေ ပြုလိုက်ကာ....

'ရပါတယ်၊ ကျွန်တော်က အဆင်သင့်ပါပဲ'

'ယား'

'ဟိုင်း'

'ထန်း'

စလျှပ်စချင်းပင် ရသေ့ကြီးကြွင်လိုဟန်၏ချင်ပင်ကျန်ဓားက လေကိုက်ခတ်သလို ဝဲပျံကျရောက်လာသဖြင့် စင်းပိလုက သူ့ဓားဖြင့် အမြန်ဆုံးကာကွယ်ပေးလိုက်ရ၏။

ခေါးနှစ်လက်မှာ ထန်းခနဲမြည်ဟည်းကာ မီးများပွင့်ထွက်သွားရ၏။

ရသေ့ကြီးက ချင်ပင်ကျန်ခေါးကို တစ်ပတ် လှည့်လိုက်ရာ အစိမ်းရောင် ခေါးအလင်းတန်းကြီးများက ထွက်ပေါ်လာ၏။

'ဝှစ် ဝှစ် ဝှစ်'

ရသေ့ကြီးက ခေါးစိမ်းကို ကန့်လန့်ဖြတ်ကိုင်လိုက်ပြီး ရှေ့သို့ လူရောခေါးပါ လှုံးဝင်လာ၏။

'ယား'

ခေါးရိပ်များက အထူးများပြားကာ ဝိုင်းရံနေသဖြင့် စင်းပိလုံမှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရ၏။

သို့သော် စင်းပိလုံက အတတ်နိုင်ဆုံး ကာကွယ်ပေးလိုက်ရာ ရသေ့ကြီး၏ ခေါးမှာ နောက်သို့ ပြန်ကန်ထွက်သွားရ၏။

'ယား'

'ဝှီး'

ရှုတ်တရက် စင်းပိလုံက ရသေ့ကြီးကို ခုန်ပျံ တိုက်ခိုက်လိုက်ရာ ရသေ့ကြီးက ခေါးခေါးချင်း ပူးကပ်ပေးလိုက်၏။

'ချွမ်း'

ရသေ့ကြီး၏ ကြီးမားပြင်းထန်သော အတွင်းအား ခေါ ချက်ကြောင့် စင်းပိလုံမှာ နောက်သို့ ယိုင်ဆင်းသွားရ၏။

စင်းပိလုံမှာ ယိုင်ဆင်းသွားရုံမျှမက ကိုယ်တစ်ပတ်ပါ ချာချာလည်ထွက်သွားရ၏။

'ဝှစ် ဝှစ် ဝှစ်'





ရှုတ်တရက် ရသေ့ကြီးက ခေါးကို ဝှေ့ယမ်းလိုက်ရာ စင်းပိလုံ၏ အင်္ကျီရင်ပတ်စကြီးတွင် ကြက်ခြေခတ်သဏ္ဌာန် ခေါးချက်များ ဖြစ်ပေါ်သွားရ၏။

'ဟင်'

စင်းပိလုံမှာ ထိတ်လန့်ကာ နောက်သို့ ခုန်ဆုတ်မိလိုက်၏။ ရသေ့ကြီးက ရယ်မောရင်း....

'မင်းရဲ့ခေါးပညာက မဆိုးဘူး၊ ထပ်ပြီး ဖြည့်စွက်လိုက်မယ် ဆိုရင် မင်းဟာ ခေါးသမားကောင်းတစ်ယောက် ဖြစ်လာမှာပါ၊ ကိုင်း ထပ်ပြီး နောက်တစ်ပွဲလောက် နွှဲလိုက်ကြရအောင်လား'

'ယား'

စလျင်စချင်းပင် စင်းပိလုံက ရှေ့သို့ ခုန်ပျံ ဝင်ရောက်ကာ နဂါးမြွေလူးခေါးချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

နဂါးမြွေလူးခေါးချက်ကို ရသေ့ကြီးက အထက်သို့ လွှားတက်ကာ ရှောင်တိမ်းပေးလိုက်၏။

'ဝှီး'

ရသေ့ကြီးက အထက်မှ ကျွမ်းပစ်ဆင်းလာရင်း ပန်းကြဲခေါးချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

ခေါးချက်များက ပန်းများ ကြဲချလိုက်သည့်အလား စင်းပိလုံ၏ ကိုယ်ပေါ်သို့ တဖွဲဖွဲကျရောက်လာ၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

စင်းပိလုံက ဓားကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံ လှည့်ပတ်ပစ်လိုက်ရာ ရခေသ့ကြီး၏ ပုန်းကြဲဓားချက်များမှာ ပျက်ပြားသွားရတော့၏။

'ဟိုင်း'

စင်းပိလုံက ရှေ့သို့ ခုန်ပျံ ဝင်ရောက်သွားပြီး ကြယ်တံခွန် လိပ်ပြာဓားချက်ဖြင့် စင်းပိလုံ၏ကိုယ်ကို ကန့်ပစ်လိုက်၏။

'ဝုန်း'

စင်းပိလုံက မြေပေါ်သို့ အမြန်ဆုံးဝပ်ချအာ ရှောင်တိမ်းပေးလိုက်ယမြင့် သက်သာရာရသွားရခြင်းပင် ဖြစ်သည်။

ရခေသ့ကြီးက ဓားကို လှန်လိုက်ကာ ခုန်ပျံဝင်ရောက်လာသည်။

'ထန်း'

ရခေသ့ကြီး၏ ခုနစ်စဉ်ကြယ် ဓားချက်ကို စင်းပိလုံက ဓားဖြင့် ကာကွယ်ပေးလိုက်ရသည်။

'ဖြောင်း'

ဓားကျိုးထွက်သွားသည်နှင့်အတူ စင်းပိလုံမှာလည်း ဓားကိုင်လက်တစ်ခုလုံး ထုံကျင်သွားရကာ နောက်သို့ လွင့်စဉ်ထွက်သွားရသည်။

ရခေသ့ကြီးက အင်္ကျီလက်စကြီးမှ လေအားဖြင့် ဆွဲယူလိုက်သောကြောင့် စင်းပိလုံမှာ လဲကျမသွားဘဲ ရှေ့သို့ ပြန်ရောက်လာရ၏။

...ရခေသ့ကြီး ကြင်လိုဟန်က စင်းပိလုံအား....





'မင်းမှာ အတွင်းအားနဲ့ ဓားပညာ လိုသေးတယ်၊ အဲဒါကို ငါတို့နှစ်ယောက်က ဖြည့်စွက်သင်ကြားပေးလိုက်မယ်၊ မင်းဘာမှမပူနဲ့'

ထို့နောက် ရခေသ့ကြီးက စင်းပိလုံအား ချင်ပင်ကျန်ဓားကို ပြသလိုက်ကာ....

'ဒီဓားဟာ အင်မတန် အစွမ်းထက်တဲ့ ဓားဖြစ်တယ်၊ ချင်ပင်ကျန်ဓားလို့ ခေါ်တယ်၊ ရှေးက တန်ခိုးရှင်ကြီးတွေ ကိုင်ဆောင်ခဲ့တဲ့ ဓားလို့ ပြောစမှတ်ပြုကြတယ်၊ ငါက မင်းကို ဒီဓားပေးချင်တဲ့အတွက် မင်းရဲ့ဓားကို ချိုးပစ်လိုက်တာပဲ၊ ဒီဓားကို မင်းယူပေတော့၊ ဒီဓားနဲ့အတူ ဓားပညာနဲ့ အတွင်းအား ပေါင်းစပ်ပြီး လေ့ကျင့်ပါ၊ ဒီဓားနဲ့ လေ့ကျင့်ရင် မင်းဟာ အခုထက်ပိုပြီး အစွမ်းထက်လာလိမ့်မယ်'

ရခေသ့ကြီး ကြင်လိုဟန်က စင်းပိလုံအား ချင်ပင်ကျန်ဓား ပေးအပ်လိုက်လည်း။

စင်းပိလုံက ချင်ပင်ကျန် ရတနာဓားကို ဒူးထောက်ကာ လက်ခံရယူလိုက်သည်။

ထန်ထင်းချိုက်က ကြင်လိုဟန်အား....

'ရခေသ့ကြီး ဒီချင်ပင်ကျန်ဓားက ခင်ဗျားရဲ့ ဆရာသခင် ရခေသ့ကြီး ဝူလို ကိုင်ဆောင်ခဲ့တဲ့ ဓားမဟုတ်လား'

ကြင်လိုဟန်က ခေါင်းညိတ်ရင်း...

'ဟုတ်ပါတယ်၊ ကျုပ်တို့ဂိုဏ်းက ဂိုဏ်းချုပ်တွေ အဆက်ဆက် ကိုင်ဆောင်ခဲ့တဲ့ ဓားပဲ၊ ဒီဓားရတဲ့လူဟာ တစ်နေ့မှာ ဂိုဏ်းချုပ် ဖြစ်လာရမှာပါပဲ'

ရသေ့ကြီး စကားကြောင့် ထန်ထင်းချိုက်မှာ အလွန်ပင် စမ်းသာအားရ ဖြစ်သွားမိရသည်။

ထို့နောက် ရသေ့ကြီး ကြွင်လိုဟန်တာ ထန်ထင်းချိုက်နှင့် စင်းပိလုံတို့ကို နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားတော့လေသည်။

ရသေ့ကြီး ထွက်ခွာပျောက်ကွယ်သွားလျှင် ထန်ထင်းချိုက် က စင်းပိလုံအား ...

'စင်းပိလုံ၊ မင်း အတော်ကံကောင်းတာပဲ၊ ဒီချင်ပင်ကျန်ခေါ်ဟာ သူတို့ ရသေ့ဂိုဏ်းက အထွတ်အမြတ်ထားတဲ့ မြင်းတစ်လက်ပဲ၊မင်းက ငါ့ရဲ့ မြေးတပည့်လဲဖြစ် သူနဲ့ငါနဲ့က အင်မတန်မှ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်တာကြောင့် ဒီရတနာမြင်းကို ပေးအပ်လိုက်တာပဲ၊ ဒီမြင်းနဲ့ မြင်းကွက်လေ့ကျင့်ရင် ပိုပြီး မြန်ဆန်သွက်လက်သွားမှာပါ'

စင်းပိလုံက ချင်ပင်ကျန်ခေါ်တို့ အသေအချာ ကြည့်ရင်း...

'ဒီမြင်းဟာ ဘာဖြစ်လို့ အစိမ်းရောင် ဖြစ်နေရတာလဲ ဘိုးဘိုး'

ထန်ထင်းချိုက်က မုတ်ဆိတ်ကြီးကို လက်နှင့်သပ်ရင်း....

'အင်း ဒီအကြောင်းကိုတော့ ငါလဲ မသိဘူး၊ မင်း ရှေ့လကျရင် ရသေ့ကြီးနဲ့တွေ့မှ မေးကြည့်ပေတော့'

'ကောင်းပါပြီ ဘိုးဘိုး'





'အေး အခု မင်းကို ငါ ခွန်လွန်နဂါး မြင်းကွက်တွေထဲက အဆီအနှစ်ထုတ်ထားတဲ့ နဂါးပျံ ဆယ့်ရှစ်ချက်ကို ပြသပေးမယ်၊ အသေအချာ ကြည့်ထားပေတော့'

ထန်ထင်းချိုက်က စကားဆုံးသည်နှင့် နဂါးပျံဆယ့်ရှစ်ချက် မြင်းကွက်ကို ထုတ်ဖော်ပြသလိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

မြင်းရိပ်မြင်းငွေ့များက နဂါးများ ပျံသန်းနေသည့်အလား ဖြစ်ပေါ်လာရသည်။

ပုံသဏ္ဍာန်အားဖြင့် နဂါးဆယ့်ရှစ်ကောင် ပျံသန်းနေသည့်အလား မှတ်ထင်ရ၏။

စင်းပိလုံမှာ ထိုမြင်းကွက်ကိုကြည့်ကာ တအံ့တသြဖြစ်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

ထိုသို့သော အစွမ်းထက်လှသည့် မြင်းကွက်မျိုးကို သူ တစ်ခါမှ မမြင်ဖူးပါချေ။

မြင်းရိပ်မြင်းငွေ့များမှာ အထူးများပြားကာ ခုခံရှောင်တိမ်းရန်လမ်း မမြင်ပါချေ။

ထန်ထင်းချိုက်က မြင်းကိုမြန်ရုတ်ကာ လေထဲမှာ လွှားဆင်းလာပြီး....

'စင်းပိလုံ... မင်း ဒီမြင်းကွက်မျိုးဆို ခုခံ ကာကွယ်နိုင်ပါ့မလား'

စင်းပိလုံက ခေါင်းခါယမ်းလိုက်ကာ....

‘မလွယ်ပါဘူး ခင်ဗျား၊ ကျွန်တော် တစ်ခါမှမမြင်ဖူးတဲ့ ဓားကွက်ပါပဲ၊ အတော်ကလေး ကြောက်စရာကောင်းပါတယ်....’

ထန်ထင်းချိုက်က....

‘အေး.... ဒီဓားကွက်ဟာ နဂါးပျံ ဆယ့်ရှစ်ချက်လို့ ခေါ်တယ်၊ ဒီဓားကွက် တစ်ကွက်တည်းနဲ့ပဲ ရန်သူကို အနိုင်ရနိုင်တယ်၊ ဒီကနေ့ မင်း ဒီဓားကွက်ကို ပိုင်နိုင်အောင် လေ့ကျင့်ပါ၊ မနက်ဖြန်ကျရင် ဒီထက်ဆန်းပြားတဲ့ ဓားကွက်တစ်ကွက် သင်ကြားပေးပါ့မယ်’

‘ကောင်းပါပြီ ဘိုးဘိုး’

စင်းပီလုံက ဝမ်းသာအားရနှင့် ပြောရင်း ထန်ထင်းချိုက်ကို အရိုအသေပြုလိုက်၏။

ပြီးနောက် စင်းပီလုံက နဂါးပျံ ဆယ့်ရှစ်ချက် ဓားကွက်ကို လေ့ကျင့်ကြည့်လိုက်၏။

‘ဝှစ်....ဝှစ်....ဝှစ်....ဝှစ်....ဝှစ်’

‘ဝှီ....ဝှီ....ဝှီ...ဝှီ’

ချင်ပန်ချင် ဓားစိမ်းမှာ လေထဲတွင် အမျိုးမျိုး လည်ပတ်လျက်ရှိ၏။

စင်းပီလုံမှာ ချင်ပန်ကျင် ဓားစိမ်း၏ အစွမ်းကို ကြည့်ကာ တအံ့တဩ ဖြစ်သွားရ၏။

ချင်ပန်ကျင်ဓားမှာ အစိမ်းရောင် အခိုးအငွေ့ များက ခပ်ပါးပါး ထွက်ပေါ်လာနေသည် မဟုတ်ပါလော။





ထိုအခိုးအငွေ့ များကို ရှူရှိုက်မိလိုက်ရလျှင် စင်းပီလုံးမှာ စိတ်ထဲတွင် ကြည်လင်လန်းဆန်းကာ တစ်ကိုယ်လုံး ပေါ့ပါးလာသလို မှတ်ထင်လိုက်ရ၏။

‘ယား’

သူက လေထဲသို့ လွှားတက်ပြီး ဓားကို အဆက်မပြတ် ဝှေ့ယမ်းလိုက်၏။

အဖြူရောင်ဓား ထန်ထင်းချိုက်ပင် စင်းပီလုံ၏ လျင်မြန်ပေါ့ပါးလာမှုကို ကြည့်ကာ တအံ့တဩ ဖြစ်သွားရ၏။

အတန်ကြာမှ သဘောပေါက်သွားကာ ထန်ထင်းချိုက်က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ရင်း....

‘အင်း....မင်း ဒီလို ပေါ့ပါး မြန်ဆန်လာတာဟာ ချင်ပန်ကျန်ဓားရဲ့ အစွမ်းကြောင့်ပဲ ဖြစ်ရမယ်၊ တံခိုးထက်မြက် ရတနာဓားတွေရဲ့ အငွေ့အသက်ကို ရှူရှိုက်ရတဲ့လူဟာ အသက်ရှည်တယ်၊ အနာကင်းတယ်၊ အတွင်းအား ကြီးမားတယ်လို့ ကြားဖူးတယ်၊ အခုလဲ မင်းဟာ ချင်ပန်ကျန်ဓား ကိုင်ရတာတည်းက အရင်ကနဲ့ မတူတော့ဘူး၊ အများကြီး တိုးတက်လာပြီပဲ’

စင်းပီလုံက ထန်ထင်းချိုက်ကို အရိုအသေ ပြုလိုက်ကာ....

‘မှန်ပါတယ် ဘိုးဘိုး၊ ဒီရတနာဓားဟာ တကယ့်ကို အစွမ်းထက်တဲ့ ဓားပါပဲ၊ ဓားက အခိုးအငွေ့ တွေကို ရှူရှိုက်လိုက်ရတာနဲ့ ကျွန်တော့် တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးလာရသလိုပါပဲ၊ စိတ်ထဲမှာ အရမ်းကို ကြည်လင်သွားပါတယ်’

ထန်ထင်းချိုက်က ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း....

'အိမ်း....တံခိုးထက်မြက်တဲ့ ရတနာခဲ့ဓားဟာ တိုက်ခိုက်တဲ့ အခါမှာလဲ၊ အောင်ပွဲရတာချည်းပါပဲကွယ်၊ ဒါပေမယ့် ဒီလို ရတနာဓားစွမ်းတွေ ကိုင်ဆောင်တဲ့လူဟာ သစ္စာသမာဓိသတ္တိ နဲ့ ပြည့်စုံရမယ်၊ သစ္စာသမာဓိသတ္တိနဲ့ ပြည့်စုံတဲ့ သူမှာသာ လျှင် ဓားက အစွမ်းထက်လိမ့်မယ်၊ နို့မဟုတ်ရင် ဓားရဲ့အစွမ်း က ထွက်ပေါ်လာမှာ မဟုတ်ဘူး'



## (၂၂)

တစ်လဆိုသော အချိန်ကာလသည် လျင်မြန်စွာ ကုန်ဆုံး သွားရ၏။

ထိုတစ်လဆိုသော အချိန်ကာလအတွင်း စင်းပိလုံသည် ချင် ပန်ကျင်ဓားနှင့် အတူ ပြင်းထန် ထက်မြက်သော ဓားကွက် အတော်များများကို လေ့ကျင့်နေခဲ့ရ၏။

အဖြူရောင်ဓား ထန်ထင်းချိုက်ကလည်း စင်းပိလုံကို ဂရု တစိုက် သင်ကြားပေးခဲ့၏။

စင်းပိလုံကလည်း ကြိုးစား သင်ယူ၏။ တစ်လဆိုသော အချိန်ကာလအတွင်း ထန်ထင်းချိုက်ထံမှ အရေးပါသော ဓား ကွက်များကို ရရှိလိုက်တော့၏။

တစ်လပြည့် သောနေ့တွင် ထန်ထင်းချိုက်က စင်းပိလုံကို ဓားကွက်များ အစအဆုံး စစ်ဆေးကြည့်လိုက်ပြီး သဘောကျစွာ ခေါင်းညိတ်ကာ...

'အင်း မင်းရဲ့ ဓားပညာကတော့ တကယ့်ကို အဆင့်မီပါပြီ၊ ရသေ့ကြီးကြင်လိုဟန်နဲ့ တွေ့ရင် ဓားစွမ်းကောင်းကောင်း ပြလိုက်ပါ'

'ကောင်းပါပြီဘိုးဘိုး'

ထို့နောက် အဖြူရောင်ဓား ထန်ထင်းချိုက်က စင်းပိလုံအား ရသေ့ကြီးကြင်လိုဟန် နေထိုင်ရာ ကြိုးကြာတောင်သို့ လိုက်ပို့ပေးလိုက်၏။

ကြိုးကြာတောင်ဟု ခေါ်ဆိုရခြင်းမှာ တောင်ထိပ်တွင် ရေအိုင်ကြီးတစ်အိုင် ရှိပြီး ကြိုးကြာငှက်များ နေထိုင်သောကြောင့်ပင် ဖြစ်၏။

ထန်ထင်းချိုက်နှင့် စင်းပိလုံတို့က ထိပ်တန်း ကိုယ်ဖော့ပညာဖြင့် တောင်ထိပ်သို့ တက်လာခဲ့ကြ၏။

တောင်ထိပ် ရောက်လျှင် ကျယ်ပြန့်သော ရေပြင်ကြီးကို တွေ့မြင်လိုက်ရ၏။

ရေပြင်ကျယ်ကြီးထက်တွင် ကြိုးကြာငှက်များ ကဝဲပျံလျက် ရှိနေကြ၏။

ရေအိုင်ကြီး၏ ကမ်းစပ်တစ်ဖက်တွင် ရသေ့ကျောင်း တစ်ကျောင်းက ရှိနေ၏။

ထိုရသေ့ကျောင်းမှာ ရသေ့ကြီးကြင်လိုဟန် နေထိုင်ရာ ကျောင်းပင် ဖြစ်ပေ၏။





ရသေ့ကြီး ကြင်လိုဟန်မှာ ထန်ထင်းချိုက်နှင့် စင်းပိလုံတို့ကို တွေ့လိုက်ရလျှင် အလွန်ဝမ်းသာအားရ ဖြစ်သွားမိရ၏။

'ဟာ ထန်ထင်းချိုက်၊ ခင်ဗျား ရောက်လာပြီကိုး၊ ကျုပ်က မနက်ဖြန်မှ လာမယ် အောက်မေ့လို့ အေးအေးဆေးဆေး နေတာ'

ထန်ထင်းချိုက်က....

'မနက်ဖြန်မှ လာမည့်ပဲ၊ ဒါပေမယ့် ဒီတစ်ရက်နဲ့တော့ မထူးပါဘူးဆိုပြီး ကျုပ်တို့ လာခဲ့တာပဲ'

ထို့နောက် ရသေ့ကြီး ကြင်လိုဟန်က မြေကွက်လပ်တွင် ထိုင်ခုံများ ချထား ပေးလိုက်ပြီး အစားအသောက်များဖြင့် ဧည့်ခံ ကျွေးမွေးလိုက်၏။

ရသေ့ကြီးကြင်လိုဟန်မှာ ကပ္ပိယကြီးတစ်ယောက်ရှိ၏။ ထို ကပ္ပိယကြီးက ရသေ့ကြီးကြင်လိုဟန်အား ချက်ပြုတ်ကျွေးမွေး နေရခြင်းပင် ဖြစ်၏။

အစားအသောက်များ စားသောက် ရင်း ရသေ့ကြီး ကြင်လိုဟန်က ထန်ထင်းချိုက်အား....

'စင်းပိလုံကို ဓားပညာ အတော်များများ သင်ကြားပေး ထားပြီးပြီလား'

'သင်ထားပေးပြီးပါပြီ၊ ခင်ဗျား စစ်ဆေးကြည့်ပါ'

'ကောင်း'

ထို့နောက် ရသေ့ကြီး ကြင်လိုဟန်က အင်္ကျီသက်စကြီး တစ်ဖက်ကို ဝှေ့ယမ်းပစ်လိုက်ရာ အဝါရောင် တောက်ပနေသော ဓားတစ်လက်က ထွက်ပေါ်လာ၏။

'ဝှစ် ဝှစ် ဝှစ်'

ရသေ့ကြီးကြင်လိုဟန်က ဓားကို လေထဲတွင် ဝှေ့ယမ်းလိုက်ရာ....

'ဒီဓားက ယောင်တုန် သိုင်းပညာရှင် ဘစ်ထန် ကိုင်ခဲ့တဲ့ နဂါးဝါဓားပဲ၊ ဒီဓားရဲ့ အစွမ်းကို မင်းမြီးစမ်းကြည့်လိုက်စမ်း'

'ယား'

'ယား'

စကားဆုံးသည်နှင့် ရသေ့ကြီး ကြင်လိုဟန်က နဂါးဝါဓားကို ဝှေ့ယမ်းလိုက်ရာ စင်းပီလုံထံသို့ ခုန်ပျံ တိုက်ခိုက်ပစ်လိုက်၏။

'ဟိုင်း'

'ထန်း'

စင်းပီလုံက ထန်ထင်းချိုက် သင်ကြားပေးထားသည့် ဓားကွက်များအတွင်းမှ ရေဆန်လေဆန် ဓားဖိုးပျံ ဓားချက်ဖြင့် တန်ပြန် ထိုက်ခိုက်ပစ်လိုက်၏။

စင်းပီလုံ၏ ပြင်းထန်သော ဓားချက်ကြောင့် ရသေ့ကြီး ကြင်လိုဟန်၏ ဓားမှာ နောက်သို့ ပြန်ကန် ထွက်သွားရ၏။

ရသေ့ကြီးကြင်လိုဟန်မှာ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားရကာ...

'အလို မင်းရဲ့ အတွင်းအားနဲ့ ဓားပညာက အတော်တောင် တိုးတက်နေပါလား၊ ကိုင်း နောက်ထပ် စမ်းကြည့်လိုက်စမ်းပါဦး'





ရသေ့ကြီး ကြင်လိုဟန်မှာ စကားဆုံးသည်နှင့် ဝတ်ရုံလွှာကြီးကို ဝှီးခနဲ ဝှေ့ယမ်းပစ်လိုက်ကာ လူရောဓားပါ လွှားဝင်လာတော့၏။

'ယား'

'ဟိုင်း'

ရသေ့ကြီး၏ ဓားချက်က ကြယ်များကြွေကျသည့်အလား ထဝင်းဝင်း တလက်လက် ဖြစ်ပေါ်လာရ၏။

ထိုဝင်းလက်သောဓားချက်များက စင်းပီလုံကို နဂါးငွေ့များ ဝိုင်းရံသည့်အလား တိုက်ခိုက်လိုက်၏။

'ဝှီး ဝှီး ဝှီး'

'ဝှစ် ဝှစ် ဝှစ်'

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

ဓားသံများမှာ ဆူညံ ပွက်လောရိုက်သွားရ၏။ စင်းပီလုံက ထန်ထင်းချိုက်သင်ကြားပေးထားသည့် တိမ်ဖြိုဓားချက်ဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

'ဟင်'

ရသေ့ကြီး ကြင်လိုဟန်ပင်လျှင် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရပြီး အတွင်းအားထုတ်သုံးကာ ဓားနှင့်အမြန်ဆုံးကာကွယ်ပေးလိုက်သဖြင့် မုတ်ဆိတ် ဖွားဖွားကြီး ပြတ်ထွက်မသွားရခြင်းသာ ဖြစ်၏။

ထန်ထင်းချိုက်က တဟားဟား ရယ်မောလိုက်ရင်း....

'ကိုင်း ကျုပ်တပည့်ရဲ့အစွမ်းဘယ်လောက်ထက်တယ်ဆိုတာ ခင်ဗျား မြင်ရပြီ မဟုတ်လား'

ရသေ့ကြီးကြင်လိုဟန်က ဟက်ခနဲရယ်မောလိုက်ပြီး....

'ခင်ဗျားတပည့်ဟာ ကျုပ်ရဲ့ နောက်ထပ်ဓားတစ်ချက်ဆိုရင် ရှုံးသွားရမှာပါ'

'ကိုင်း ဒါဆိုရင်လဲ ပွဲမြန်မြန်ပြီးအောင် လုပ်စမ်းပါဗျာ၊ ကျုပ်က အရက်သောက်ချင်လှပြီ'

ရသေ့ကြီးထူ ရယ်မောရင်း....

'သိပ်ကောင်းတာပေါ့၊ ဟိုဖက်တောင်ကြောရဲ့ ခြေရင်းမှာ ရွာကလေးတစ်ရွာ ရှိတယ်၊ အဲ့ဒီမှာ ကျုပ်တို့သွားသောက်ကြတာပေါ့'

ရသေ့ကြီးကပြောရင်း စင်းပိလုံကိုရင်ဆိုင်လိုက်၏။

'ယား'

'ဟိုင်း'

ဤဘစ်ကြိမ်တွင်မူ ရသေ့ကြီးကြင်လိုဟန်က ပညာပြလိုက်လေပြီ။

ရသေ့ကြီးက ဓားကို အတွင်းအားတည့်ပြီး လက်မှ လွှတ်ပေးလိုက်ခြင်းပင် ဖြစ်ပေတော့၏။

'ထန်း'

'အိုး'

စင်းပိလုမှာ သူ့ဓားနှင့် အစွမ်းကုန် ကာကွယ်လိုက်သော်လည်း ရသေ့ကြီး၏ အတွင်းအားမှာ အလွန်ပင် ကြီးမားလှ





သောကြောင့် ဓားမှာ လွင့်စဉ်ထွက်သွားရသလို လူမှာလည်း မြေပေါ်တွင် လိမ့်ဆင်းထွက်သွားရ၏။

'ဟား ဟား ဟား'

'ဟား ဟား ဟား'

မြေပေါ်တွင်လိမ့်ဆင်းသွားသော စင်းပိလုကို ကြည့်ကာ ရသေ့ကြီးနှင့် ထန်ထင်းချိုက်တို့က တဟားဟား ရယ်မောလိုက်ကြ၏။

စင်းပိလုက ပြန်လည်ရပ်လိုက်ကာ ဓားကိုကောက်ယူလိုက်ပြီး ရသေ့ကြီးကြင်လိုဟန်အား အရှိအသေပြုလိုက်၏။

ရသေ့ကြီးကြင်လိုဟန်က စင်းပိလုအား....

'စင်းပိလု မင်းရဲ့ဓားပညာက အတော့်ကိုအစွမ်းထက်နေပြီပဲ၊ မင်းကို ငါက ကိုယ်ဖော့ပညာနဲ့ အတွင်းအား လက်နက်ပုန်း ပညာရပ်တွေကိုပါ ထပ်ပြီး သင်ကြားပေးလိုက်မယ်၊ ဒါဆို မင်းအတွက်လုံလောက်သွားပါပြီ'

အဖြူရောင်ဓားတန်ထင်းချိုက်က....

'ကိုင်း တောင်အောက်ကို အမြန်ဆင်းကြရအောင်၊ တော်ကြာ သောက်မ ဝ အရက်ဆိုင်မှာ အရက်မရဘဲ နေဦးမယ်'

ကြင်လိုဟန်ကရယ်မောရင်း....

'နာမည်ကိုက သောက်မဝအရက်ဆိုင်ပဲဗျာ၊ အရက်ကတော့ ပေါပါတယ်၊ ခင်ဗျားက အရက် သိပ် သောက်ချင်နေပြီလား....'

ထန်ထင်းချိုက်က....

'ကျုပ်က သောက်မဝအရက်ဆိုင်မှာ အရက် မသောက်ရတာ အတော်ကြာသွားပြီ၊ ဒါကြောင့် သိပ် သောက်ချင်နေတာ....'

ထို့နောက် သုံးယောက်သား တောင်ကြောကို ဖြတ်ကာ ကိုယ်ဖော့ပညာများဖြင့် ထွက်ခွာလာခဲ့ကြ၏။

တောင်နှစ်လုံးကိုဖြတ်သန်းလာခဲ့ကြပြီးနောက် တောင်ခြေတွင်ရှိ ရွာတစ်ရွာသို့ ရောက်ရှိလာခဲ့ကြ၏။

ထိုရွာထိပ်တွင် သောက်မဝအရက်ဆိုင်ကလေး တစ်ဆိုင်က ရှိနေ၏။

သောက်မဝ အရက်ဆိုင်တွင် အရက်သောက်သုံးသူများနှင့် ပြည့်နှက်လျက် ရှိနေ၏။

ရသေ့ကြီး၊ကြင်လိုဟန်၊ အဖြူရောင်မား ထန်ထင်းချိုက်နှင့် စင်းပိလုံ့တို့က အရက်ဆိုင်ထဲဝင်လာခဲ့ကာ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြ၏၊

အရက်နှင့် စားစရာများကို မှာယူလိုက်ကြ၏။ အရက်နှင့် ဟင်းပွဲများ ရောက်လာသောအခါ ကြင်လိုဟန်၏ မျောက်ကလေးက အထဲမှထွက်လာကာ အသားတုံးတစ်တုံးကို ယူပြီး အတွင်းသို့ ပြန်ဝင်သွား၏။

ကြင်လိုဟန်၊ ထန်ထင်းချိုက်နှင့်စင်းပိလုံ့တို့က အရက်နှင့် စားစရာများကို စားသောက်လိုက်ကြ၏။

ဆိုင်ထဲတွင် လူအတော်များများ ရှိနေ၏။ အများစုမှာ မုဆိုးများဖြစ်၏။





ရသေ့ကြီး ကြင်လိုဟန်၊ ထန်ထင်းချိုက်နှင့် စင်းပိလုံ့တို့က စကားများပြောကာ အရက်သောက်လျက် ရှိနေကြလေသည်။

အရက်မှာ အလွန်ကောင်းသော အရက်ဖြစ်ပြီး မွှေးကြိုင်သင်းပျံ့လျက် ရှိနေသည်။

ထို့ကြောင့်လည်း သောက်မဝအရက်ဆိုင်ဟု ဤနယ်တွင် ကျော်ကြားနေရခြင်းပင် ဖြစ်ပေတော့သည်။

ယင်းအချိန်မှာပင် အပြင်ဘက်မှ မြင်းခွာသံများ ထွက်ပေါ်လာကာ ဆိုင်ရှေ့တွင် ရပ်တန့်သွား၏။

'ဝုန်း'

တံခါးကြီးက ကြမ်းတမ်းစွာ ပွင့်ထွက်သွားပြီး တံခါးဝတွင် လူတစ်စု ထွက်ပေါ်လာကြသည်။

ထိုလူစုသည် ကျားသစ်ရေအင်္ကျီများ ဝတ်ဆင်ထားကြသော ဓားပြကြီးများပင်တည်း။

ဓားပြကြီးများကို တွေ့မြင်လိုက်ရလျှင် အရက်သောက်နေကြသော မုဆိုးများမှာ ထိတ်လန့်ချောက်ချား သွားကြရလေသည်။

'ဟာ'

'ဟင်'

'ဟက်'

ဆိုင်ထဲမှ လူအတော်များများမှာ ငွေရှင်းကာ ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်သွားကြ၏။

ဓားပြခေါင်းဆောင်က ဆိုင်ထဲသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး စူးရှခက်ထန်သော လေသံဖြင့်....

'ဟိတ် ဆိုင်ထဲကကောင်တွေ၊ မင်းတို့ကို ဆိုင်ထဲမှာ တစ်ယောက်မှ မကြည့်ချင်ဘူး၊ ခုချက်ချင်း ထွက်သွားကြ၊ မသွားရင် ငါ့ကို အဆိုးမဆိုနဲ့'

'ဟာ'

'ဟင်'

ချက်ချင်းပင် ဆိုင်ထဲမှ အရက်သောက်နေကြများအားလုံး ရသေ့ကြီးတို့ သုံးယောက်မှလွဲ၍ ငွေရှင်းကာ အပြင်သို့ အမြန်ဆုံး ထွက်သွားကြတော့သည်။

ရသေ့ကြီး ကြင်လိုဟန်၊ အဖြူရောင်ဓား ထန်တင်းချိုက်နှင့် စင်းပိလုံတိုက်မှု ခပ်တည်တည်နှင့် ထိုင်ကာ လုံးဝအရေးမစိုက်ဘဲ အရက်ကို ဆက်သောက်နေကြသည်။

ဓားပြတစ်စုမှာ ရသေ့ကြီးတို့ကို အထူးအဆန်းသဖွယ် ကြည့်နေမိကြသည်။

ဓားပြခေါင်းဆောင် လူထွားကြီးက ဆိုင်ထဲ ဝင်ရောက်လာကာ ရသေ့ကြီး ကြင်လိုဟန်အား စူးရှခက်ထန်သော လေသံဖြင့်...

'ဟိတ် မင်းကို ငါပြောတာကို မကြားဘူးလား၊ ကိုင်ကွာ'

'ဝုန်း'

'အား'





ဓားပြခေါင်းဆောင်က ရသေ့ကြီးကို ရိုက်ချရန် လက်ဝါးကို မြှောက်လိုက်စဉ်မှာပင် ရသေ့ကြီးက အင်္ကျီလက်စကို တစ်ချက်ခါထုတ်ပစ်လိုက်ရာ စုန်းခနဲ မြည်ဟည်းသွားပြီး ဓားပြကြီးမှာ လွင့်စဉ်ထွက်သွားရလေ၏။

'ဒုန်း'

'အား'

ဓားပြခေါင်းဆောင်မှာ အထက်သို့ မြောက်တက်သွားကာ မျက်နှာကြက်နှင့် ဆောင့်မိပြီး အောက်သို့ ခွေးကျမြန်ကျသာ ရ၏။

အောက်သို့ ရောက်သည်နှင့် ဓားပြခေါင်းဆောင်ကြီးမှာ မေ့မျောသွားရလေတော့သည်။

'ဟင် ငါတို့ ခေါင်းဆောင်ကို တိုက်ခိုက်တဲ့လူတွေ သိကြသေးတာပေါ့'

'သတ်ပေဟ့ တိုက်ကြ'

ချက်ချင်းပင် ဓားပြများက ဓားလှံများ ဝေ့ယမ်းကာ ပြေးဝင်လာကြ၏။

'ဝေါ'

'ဝှီး'

'အား အင့် အီး'

'အောင်မယ်လေး'

ပြေးဝင်လာသော ဓားပြများမှာ ရသေ့ကြီး ဖန်တီးလိုက်သော လေအဟုန်အားကြောင့် လေမုန်တိုင်းအတွင်း ကျရောက်

သွားရကြသည့်အလား အပြင်သို့ လွင့်စဉ် ထွက်သွားရလေတော့သည်။

ခေါးပြခေါင်းဆောင်မှာသည်း မေ့မျောနေလျက်နှင့်ပင် အပြင်သို့ လွင့်ထွက်သွားရသည်။

မကြာမီ အပြင်နှင့်ထွက်သွားသော မြင်းခွစသံများကို ကြားလိုက်ကြရ၏။

ခေါးပြကြီးများခွာ ရသေ့ကြီးကို ထိတ်လန့်ကာ ထွက်ပြေးသွားကြလေပြီ။

ဆိုင်ရှင်က ရသေ့ကြီးကို စားပွဲသို့ အရက်အိုးများနှင့်အတူ အပြေးအလွှား ရောက်ရှိလာပြီး....

'ဟာ ကျေးဇူးတင်လိုက်တာ ရသေ့ကြီးရယ်၊ ဒီကောင်တွေက အမြဲဒုက္ခပေးနေကြတာ၊ အရက်လဲ အလကား သောက်သေးတယ်၊ ဆိုင်ထဲကပစ္စည်းတွေလဲ ဖျက်ဆီး သွားသေးတတ်ကြတယ်၊ ရသေ့ကြီးတို့သာ မရှိရင် ဒီကနေ့အဖို့တော့ ကျုပ်ဆိုင်ကလေးပျက်ပါပြီ၊ အခု ရသေ့ကြီးတို့ သောက်စားထားကြတာကို ငွေပေးစရာမလိုပါဘူး၊ နောက်ထပ်ကြိုက်သလောက် အဝမဲ့ သောက်သုံး စားသောက် နိုင်ကြပါတယ်'

ဆိုင်ရှင်က ပြောရင်း အရက်အိုးများကို စားပွဲပေါ်သို့ တင်ထားပေးလိုက်၏။

ထို့နောက် အလုပ်သမားလေးများကို နောက်ထပ် ဟင်းပွဲများ ထပ်မံချက်ပြုတ်ခိုင်းလိုက်၏။

မကြာမီ ဆိုင်အလုပ်သမားလေးများက ဟင်းပွဲများ ယူဆောင်လာခဲ့ကြ၏။





'ဟာ ဆိုင်ထဲမှာ လူရှင်းနေပါလား'

ရုတ်တရက် စကားသံတစ်သံနှင့်အတူ ဆိုင်တံခါးတွင် လူဝကြီး တစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

လူဝကြီးနှင့်အတူ အလွန်ပိန်လှိုသော လူတစ်ယောက် ရပ်လျက် ရှိ၏၊ ထိုနှစ်ယောက်မှာ အတော်ကလေး အကြည့်ရဆိုးသော ပုံသဏ္ဌာန်များ ရှိနေကြ၏။

'ကြွပါခင်များ ကြွပါ၊ ဘာများ သုံးဆောင်လိုပါသလဲ'

ဆိုင်ရှင်က ဆိုင်တံခါးဝသို့ သွားရောက်ကာ လူဝကြီးနှင့် အဖော်ကို သွားရောက် ကြိုဆိုလိုက်၏။

လူဝကြီးနှင့် သူ့အဖော်က ဆိုင်ထဲသို့ ဝင်ရောက်လာကာ စားပွဲတစ်လုံးတွင် ထိုင်လိုက်ကြ၏။

'ဟိုဟ် ငါတို့အတွက် အရက်နဲ့ စားစရာတွေ ယူခဲ့ကြစမ်း'

'ကောင်းပါပြီခင်ဗျာ'

ဆိုင်ရှင်က ချက်ချင်းပင် အရက်နှင့် စားစရာများကို ပြင်ဆင် ယူဆောင်ပေးလိုက်၏။

လူဝကြီးက....

'အရက်ကလဲ အေးစက်နေတာပဲ'

လူဝကြီးက ပြောလိုက်ပြီး အရက်အိုးကြီးကို လက်နှစ်ဖက်ဖြင့် ပွတ်လိုက်ရာ အရက်အိုးကြီးမှာ နီရဲလာပြီး အပူငွေ့များ တထောင်းထောင်း ထွက်ပေါ်လာရ၏။

'ဟဲ ဟဲ ဟဲ အခုမှ သောက်လို့ကောင်းမှာကွ'

လူဝကြီးက သူ့အဖော်ကို ပြောရင်း အရက်အိုးကြီးကို မော့ကာ မော့သောက်ပစ်လိုက်၏။

အရက်အိုးမှာ တစ်ခဏအတွင်းမှာပင် ပြောင်စင်သွားရ၏။ လူဝကြီး၏ ဝမ်းဗိုက်ပူပူကြီးမှာလည်း ရှေ့သို့ ပိုမို စူထွက်လာသည်ဟု ထင်မှတ်လိုက်ရ၏။

'ဟိတ် အရက် နောက်တစ်အိုး ယူလာခဲ့စမ်း'

'ကောင်းပါပြီခင်ဗျာ'

ချက်ချင်းပင် ဆိုင်ရှင်က အရက်အိုးကို ထပ်မံ ယူပေးလိုက်ပြန်၏။ လူဝကြီး စောစောကလိုပင် သူ၏ ကြီးမားသော လက်ဝါးကြီးနှစ်ဖက်ဖြင့် အရက်အိုးကို ပွတ်လိုက်ပြန်၏။

'ဝှီး'

အရက်အိုးမှာ လူဝကြီး၏ လက်ထဲမှာပင် အငွေ့များ တထောင်းထောင်း ထွက်ပေါ်လာရ၏။

'ရော့ သောက်ကွာ'

လူဝကြီးက လူပိန်ကို ပေးလိုက်ရာ လူပိန်က တစ်ချိုတည်း မော့သောက်လိုက်ပြန်၏။

ဆိုင်ရှင်က နောက်ထပ် အရက်အိုးများ ယူဆောင်လာကာ စားပွဲပေါ်သို့ ချထားပေးလိုက်၏။

လူဝကြီးနှင့် လူပိန်ရှည်တို့သည် တစ်ခဏ အတွင်းမှာပင် အရက်ဆယ်အိုးကျော်ကျော်ကို ပြောင်စင်အောင် သောက်ပစ်လိုက်ကြ၏။

ဆိုင်ရှင်နှင့် ဆိုင်အလုပ်သမားကလေးများမှာ လူဝကြီးနှင့် လူပိန်ရှည်တို့ကို ကြည့်ကာ မျက်လုံးများ ပြူးကျယ် သွားကြရ၏။





ရသေ့ကြီး ကြင်လိုဟန်၊ အဖြူရောင်ဓား ထန်ထင်းချိုက်နှင့် စင်းပိလုံတို့က မြင်နေကြသော်လည်း အံ့ဩဟန် မပြကြပါချေ။

အရက် အတော်သောက်မိကြပြီးနောက် လူဝကြီးက ပါးစပ်ထဲမှ အရက်များကို ဖူးခနဲ မှုတ်ထုတ်ပစ်လိုက်၏။

အရက်များက ရသေ့ကြီး ကြင်လိုဟန်ထံသို့ ပြေးဝင်လာကြ၏။

သို့သော် အရက်များက နောက်ပြောင်းပြန်လှည့်ကာ လူဝကြီး၏ မျက်နှာပေါ်သို့ ပြန်လည်ကျရောက်သွား၏။

'အား'

လူဝကြီးသည် မျက်နှာပေါ်တွင် ရေနွေးပူ အလောင်း ခံလိုက်ရသလိုဖြစ်သွားရကာ အားခနဲ အော်ဟစ်ရင်း လက်ဝါးကြီးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားမိလိုက်တော့၏။

လူပိန်ရှည်က ခါးကြားမှ ဓားတစ်လက်ကို ဆွဲထုတ်ကာ ရသေ့ကြီးထံသို့ ပြေးဝင်လာကြ၏။

'ယား'

'ဝှစ်'

'အား'

ရသေ့ကြီးက လက်ထဲမှ ဟင်းညှပ်နေသည့်တူနှစ်ချောင်းကို ပစ်ခတ်လိုက်ရာ တူက လေထဲတွင် ဝဲပျံသွားပြီး ပြေးဝင်လာသူ၏ ဓားကိုင်လက်ကို ဖောက်ထွက်သွား၏။

လူပိန်ရှည်မှာ စူးရှစွာအော်ဟစ်ရင်း လက်ထဲမှဓားမှာလည်း လွတ်ကျသွားရ၏။

လူပိန်ရှည်၏ ခါးကိုင်လက်မှာ သွေးများ ပန်းထွက်သွားရပြီး လူပိန်ရှည်မှာ နေရာမှာပင် ကြောင်အမ်းအမ်းနှင့်ရပ်နေမိ၏။

ရသေ့ကြီးကြွင်လိုဟန်က ဟက်ခနဲရယ်မောလိုက်ပြီး အေးစက်စက် လေသံဖြင့်....

'ကိုင်း မင်းတို့နှစ်ယောက် ခေါက်ထားတဲ့ အရက်ဖိုးတွေ ရှင်းပေးပြီး ဆိုင်ထဲက အမြန်ဆုံးထွက်လာကြစမ်း'

'ဟုတ် ဟုတ်ကဲ့ ကောင်းပါပြီ ခင်ဗျာ'

လူပိန်ရှည်က အရက်ဖိုးများ ရှင်းပေးလိုက်ပြီး လူဝကြီးကို တွဲကာ ဆိုင်ထဲမှထွက်ခွာသွားတော့၏။

ထို့နောက် ရသေ့ကြီး ကြွင်လိုဟန်၊ ထန်ထင်းချိုက်နှင့် စင်းပိလုံတို့သည် ကြိုးကြာတောင်သို့ပြန်လာခဲ့ကြ၏။

ကြိုးကြာတောင်သို့ပြန်ရောက်ကြပြီးနောက် ထန်ထင်းချိုက်က စင်းပိလုံကို ရသေ့ကြီးကြွင်လိုဟန်ထံတွင်အပ်နှံကာ ထိုက်ဟန်တောင်သို့ ပြန်သွားတော့၏။

စင်းပိလုံမှာ ရသေ့ကြီးကြွင်လိုဟန်ထံတွင်တစ်လကြာမျှနေထိုင်ကာ ထိပ်ဟန်းပညာရပ်များကို သင်ယူရမည်ဖြစ်ပေ၏။



(၂၃)

ရသေ့ကျောင်းအတွင်း မီးရောင်က လင်းလက်လျက် ရှိနေ၏။

ရသေ့ကြီးကြွင်လိုဟန်နှင့် စင်းပိလုံတို့က မြက်ဖျာများတွင်ထိုင်ကာ စကားပြောလျက်ရှိနေကြ၏။

စင်းပိလုံက ချင်ပင်ကျန်ခေါးစိမ်းကိုပြသလိုက်ပြီး....

'ဘိုးဘိုး ဒီဓားက ဘာဖြစ်လို့ အစိမ်းရောင် ဖြစ်နေရတာလဲဟင်'

ရသေ့ကြီးကြွင်လိုဟန်က ချင်ပင်ကျန်ဓားစိမ်းကိုတစ်ချက်ငေ့ယမ်းကြည့်လိုက်ပြီး....

'ဒီဓားက အလျင်တုန်းက အဖြူရောင်လို့ ပြောကြတယ်၊ ငါသိသလောက်ပြောရရင် ဒီဓားက ကျောက်စိမ်း တောင်မှာ

မြုပ်သွားပြီး နဂါးတိုင်းပြည်လို့ခေါ်တဲ့ ထူးဆန်းတဲ့ လူမျိုး တစ်စု လက်ထဲ ရောက်သွားတယ်၊ ပြီးတော့ ကျောက်စိမ်းထဲ မှာ နှစ်ပေါင်းများစွာမြုပ်ဝင်နေတာကြောင့် အစိမ်းရောင်ဖြစ် သွားတယ်လို့ ပုံပြင်ဆန်ဆန် ပြောခဲ့ကြတယ်၊ အဖြစ်နိုင်ဆုံးက တော့ ဒီဓားပြုလုပ်တုန်းက အစိမ်းရောင်တောက်ပတဲ့ သံတစ် မျိုးနဲ့ ဖော်စပ်ပြုလုပ်ခဲ့တယ်ဆိုတဲ့ အချက်ပဲ၊ ဒီအချက်ကလွဲပြီး တခြား မဖြစ်နိုင်ဘူး'

'နဂါးဝါဓားကကော'

'နဂါးဝါဓားက ယောင်တုံးနယ်ဓားသမားကြီး ဟာဘာစ်ထန် ကိုင်ဆောင်ခဲ့တဲ့ ဓားပဲ၊ နဂါးဝါဓားကို ဟာဘာစ်ထန်ရဲ့ အဆက်အနွယ်တွေရှာပြီး ပြန်ပေးရမယ်'

စင်းပီလုံက တစ်ချက်စဉ်းစားလိုက်ပြီး....

'ကျွန်တော်နဲ့ ခြောက်လပိုင်းလပြည့်နေ့မှာ တိုက်ခိုက်ရမယ့် သူက ဘယ်သူလဲ'

ကြင်လိုဟန်က....

'မင်းနဲ့တိုက်ခိုက်ရမယ့်သူဟာ ဘုန်းကြီးဟဲစန်ချုံရဲ့တပည့်ပဲ၊ ဒီတပည့် ဘယ်သူဖြစ်မယ်ဆိုတာ ငါလဲမမြင်ဖူးတော့ မသိဘူး၊ သူလဲ မင်းလိုပဲ အစွမ်းထက်တဲ့သူငယ်တစ်ယောက်ဖြစ်မှာ သေ ချာတယ်'

'ဟဲစန်ချုံနဲ့ ဘိုးဘိုးက ဘယ်လိုရန်ငြိုးရှိခဲ့လို့လဲ'

'ဟဲစန်ချုံနဲ့ငါနဲ့က ရန်ငြိုးရန်စ မရှိပါဘူး၊ သူနဲ့ ငါနဲ့ ကတိပြုထားခဲ့ကြလို့ပါ၊ သူနဲ့ငါ ယှဉ်ပြိုင်တိုင်း သရေပွဲတွေ ဖြစ်ခဲ့ရတယ်၊ ဒါကြောင့် တပည့်တစ်ယောက်စီမွေးပြီး သိုင်း





ပညာတွေ သင်ကြားပေးမယ်၊ ပြီးရင် ဆရာတွေ မပြိုင်တော့တဲ့ တပည့်တွေကိုပဲ ယှဉ်ပြိုင်ခိုင်းမယ်လို့ ကတိပြုခဲ့ကြတယ်၊ သူက တပည့်တစ်ယောက်ကိုမွေးပြီး ပညာသင်ပေးခဲ့ပေမယ့် ငါက ဒီကိစ္စကို မေ့လျော့နေခဲ့မိတယ်'

ထို့နောက် ကြင်လိုဟန်က စင်းပီလုံအား နံရံမှ တံခါး တစ်ချပ်ကိုဖွင့်ခိုင်းလိုက်၏။

စင်းပီလုံက တံခါးကို ဖွင့်လိုက်ရာ အတွင်းတွင် စင်များနှင့် တင်ထားသော ဆေးပုလင်းမျိုးစုံကို တွေ့လိုက်ရ၏။

ကြင်လိုဟန်က....

'ငါက တောထဲတောင်ထဲမှာ ဆေးမြစ်ဥတွေကိုလဲ လိုက်လ ရှာဖွေ စုဆောင်နေခဲ့တာ ကြာပြီ၊ အတွင်းအားကြီးမားတဲ့ ဆေးတွေကိုလဲ ဖော်စပ်ခဲ့တယ်၊ မင်း ဟိုဘက်ထောင့်က အနီ ရောင်ကြွေပုလင်းကို ယူလိုက်စမ်း'

စင်းပီလုံက ကြင်လိုဟန် ပြောသည်အတိုင်း စင်ထောင့်မှ အနီရောင် ကြွေပုလင်းကလေးကို ထုတ်ယူလိုက်၏။

ကြွေပုလင်းမှ ထူးခြားစွာ နှစ်ဆင့်ဖြင့်ကာ ပထမအဆင့် တွင် ဆေးလုံးကလေး သုံးလုံး ရှိနေပြီး ဒုတိယအဆင့်တွင် သွေးကဲ့သို့ အနီရောင် ဆေးပျစ်ပျစ်အရောင်များကို တွေ့မြင် လိုက်ရ၏။

ရသေ့ကြီး ကြင်လိုဟန်က ကြွေပုလင်းကလေးကို အသေ အချာ ကြည့်လိုက်ပြီး—

'စင်းပီလုံ မင်းကို ငါ အသေအချာမှာလိုက်မယ်၊ ဟောဒီ ဆေးလုံးကလေးတွေက ငါတစ်သက်လုံး ဖော်စပ်ဘာ သုံး

လုံးပဲရတယ်၊ တစ်လုံးက ငါယူထားလိုက်မယ်၊ နှစ်လုံးက မင်း ယူသွားပေတော့၊ ဒီဆေးလုံးတွေက သေရေးရှင်ရေးကျမှ သုံးဖို့ပဲ၊ အသက်ကယ်ဆေးလို့ ခေါ်တယ်၊ အတွင်းဒဏ်ရာ ရခဲ့ရင်၊ ဒါမှမဟုတ် သေသေမျှောပါး ဝေဒနာ ခံစားရရင် ဒီဆေးလုံး တစ်လုံး သောက်လိုက်ပါ၊ ချက်ချင်း သက်သာပျောက်ကင်း သွားရလိမ့်မယ်၊ အတွင်းအားဆုံးရှုံးရင် ပြန်ရနိုင်တယ်'

ထို့နောက် ဒုတိယအဆင့် ဆေးရည်များကို ညွှန်ပြလိုက် ပြန်ပြီး....

'ဒီဆေးရည်ကတော့ ခရီးမထွက်ခင်မှာ မင်း သောက်သွား ရလိမ့်မယ်၊ အခုလက်ရှိ ကိုယ်ဖော့အားထက် ပိုမိုမြန်ဆန် ပေါ့ပါးလိမ့်မယ်၊ အတွင်းအားလဲ ပိုမို ကြီးထွားလာမယ်၊ မနက်စောစောကျရင် ကျောက်စက်ရေနဲ့ သောက်လိုက်ကွာ'

'ကောင်းပါပြီး ဘိုးဘိုး'

ထို့နောက် နံနက်မိုးလင်းသည်နှင့် စင်းပိုလုံက ကျောက် စက်များမှ ကျနေသော ရေနှင့် ဆေးရည်ကို သောက်ချလိုက် ၏။

'အား'

ဆေးသောက်လိုက်သည်နှင့် သူ့တစ်ကိုယ်လုံး မီးခဲကြီး တစ် လုံးပမာ ဖြစ်သွားရကာ ပူခြစ်သွားရ၏။

သူက ကျောက်စက်များ ကျနေသောရေကို လက်ခုပ်ဖြင့် ခံပြီးနောက် တစ်ခါသောက်လိုက်တော့မှ သက်သာရာရသွား ၏။





ဆေးသောက်လိုက်သည်နှင့် သူ့တစ်ကိုယ်လုံးပေါ့ပါးသွား သလို ထင်မှတ်လိုက်ရ အတွင်းအားမှာလည်း တိုးပွားလာ သလို ထင်မှတ်လိုက်ရ၏။

'စင်ပိလုံ မင်းရဲ့ ကိုယ်ဖော့အားနဲ့ အတွင်းအားကို လက် တွေ့စမ်းကြည့်လိုက်'

ရုတ်တရက် သူ့နောက်ဘက်မှ မည်သည့်အချိန်က ရောက် နေမှန်း မသိရသည့် ရသေ့ကြီး ကြွင်လိုဟန်က စင်းပိလုံအား ပြောကြားလိုက်၏။

'ကောင်းပါပြီး ဘိုးဘိုး'

စင်းပိလုံက ပြောကြားလိုက်ပြီး သစ်ပင်တစ်ပင် အထက်သို့ ကိုယ်ဖော့ပညာသုံးကာ လွှားတက်ကြည့်လိုက်၏။

'ဝှစ်'

'ဟူး'

ခဏချင်းမှာပင် စင်းပိလုံ၏ ခန္ဓာကိုယ်မှာ အထက်သို့ မြား တစ်စင်း ထိုးဆက်တက်သွားသလို လျင်မြန်စွာ ထိုးတက်သွား ၏။

သစ်ပင်ကြီးထိပ်ဖျားသို့ ငှက်တစ်ကောင်ပမာ ပေါ့ပါးညင် သာစွာ ကျရောက်သွားရ၏။

'ဟင်'

စင်းပိလုံမှာ သူ၏ ကိုယ်ဖော့ပညာကို ကြည့်ကာ အထူး ပင် အံ့အားသင့်သွားရ၏။ သူ၏ ကိုယ်ဖော့ပညာမှာ ရသေ့ ကြွင်လိုဟန်၏ ဆေးရည်ကို သောက်သုံးလိုက်ရသည်နှင့် အဆ ပေါင်းများစွာ တိုးတက်လာခဲ့ရလေပြီ မဟုတ်ပါလား။

သူက သစ်ပင်အောက်သို့ ခုန်ဆင်းလိုက်ပြီး ကြိုးကြာ ရေအိုင်ကြီးထက်သို့ ခုန်ပျံသွားလိုက်၏။

ရေပြင်ထက်မှ ကြာရွက်များကို နင်းကာ ပြေးလွှားကြည့်လိုက်၏၊ ရေပြင်တစ်ပတ် လှည့်ပတ်ပြေးလိုက်ပြီးနောက် ရသေ့ကြီးထံသို့ ပြန်ပြေးလာခဲ့၏။

ရေပြင်ထက်တွင် သူကလေတိုက်ခတ်သလို ပြေးလွှားသွားခဲ့သော်လည်း သူ့ဖိနပ်တွင် ရေတစ်စက်မှ မစိုခဲ့ပေ။

'တိုင်း....မင်းရဲ့ အတွင်းအားကို စမ်းသပ်ကြည့်လိုက်ပါဦး'

ကြင်လိုဟန်က ပြောလိုက်၏။ စင်းပိလုံက လက်ဝါးနှစ်ဖက်တွင် အတွင်းအားထည့်ကာ အနီးရှိ သစ်ပင်ကြီးတစ်ပင်အား ရိုက်ချပစ်လိုက်၏။

'ဝုန်း'

'ဖြောင်း'

သစ်ပင်ကြီးမှာ အတွင်းအား လက်ဝါးရိုက်ချက်ကြောင့် ဝုန်းခနဲ မြည်ဟည်းကာ ခါးလယ်မှ ဖြောင်းခနဲ ကျိုးပြတ်ထွက်သွားရ၏။ မီးခိုးများမှာ ကျိုးထွက်သွားသည့် နေရာမှ ဝေါခနဲ လွင့်ပျံထွက်သွားကြရ၏။

စင်းပိလုံမှာ သူ၏ အတွင်းအားကို စမ်းသပ်ကြည့်ကာ အထူးပင် အံ့အားသင့်သွားရ၏၊ သူ၏ အတွင်းအားမှာ ထိပ်တန်းအဆင့် ရောက်ရှိနေပြီ မဟုတ်ပါလား။ ရသေ့ကြီး ကြင်လိုဟန်က စင်းပိလုံကို ကြည့်ကာ တဟဲဟဲနှင့် ရယ်မောလိုက်ပြီး....





'စင်းပိလုံ၊ မင်းရဲ့ကိုယ်ဖော့ပညာနဲ့ အတွင်းအားကတော့ ထိပ်တန်းအဆင့် ရောက်နေပြီ၊ ဒီကိုယ်ဖော့ပညာအတွင်းအား ပညာတွေနဲ့ ပေါင်းစပ်ပြီး ဓားပညာတွေကို တိုးတက်အောင် လေ့ကျင့်သွားရမယ်'

စင်းပိလုံက ရသေ့ကြီးကြင်လိုဟန်ကို အရိုအသေ ပြုလိုက်ပြီး....

'ကျွန်တော် အခုလို ကိုယ်ဖော့ပညာနဲ့ အတွင်းအား တိုးတက်လာတာတွေဟာ ဘိုးဘိုးရဲ့ ကျေးဇူးကြောင့်ပါပဲ၊ ကျွန်တော့်ကို လက်နက်ပုန်း၊ ပညာရပ်ရဲ့ လျှို့ဝှက် ဓားကွက်တွေကို သင်ကြားပေးပါခင်ဗျာ၊ ဒါမှသာ ကျွန်တော်ဟာ ပြိုင်ဖက်ကို အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်'

ရသေ့ကြီးကြင်လိုဟန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း....

'မင်းပြောတာ မှန်ပါတယ်၊ ရန်သူနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ ကိုယ့်ဖက်က အစစအရာရာ ပြင်ဆင်ထားဖို့ လိုတယ်၊ ရန်သူကို ဘယ်တော့မှ အထင်မသေးရဘူး၊ ရန်သူကို အထင်သေးမိရင် ကိုယ့်ဖက်က တစ်ပန်းရှုံးသွားတာပဲ၊ ရန်သူကို ကြောက်စရာလဲ မလိုဘူး'

ထို့နောက် ရသေ့ကြီးက စင်းပိလုံကို တောင်ထိပ်ရှိ ကျောက်ဖျာကြီး တစ်ချပ်ထက်သို့ ခေါ်ဆောင်သွားကာ ဓားကွက်များနှင့် သိုင်းကွက်များကို ထပ်မံ ပြသပေးလိုက်၏။

စင်းပိလုံကလည်း အသေအချာ မှတ်သားထားလိုက်၏။

• • •